ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက် တနင်္လာနေ့။ Monday, 24 April 2017 (၈၉၀၄)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယင်နာမြို့ရှိ တပ်မတော် စစ်သမိုင်းပြတိုက်အား ကြည့်ရှုလေ့လာ**



စာမျက်နှာ » ၃

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် YBS ယာဉ်လိုင်းများနှင့် ပတ်သက်၍ ဆွေးနွေးမည်**

စာမျက်နှာ » ၂

**မုံရွာမြို့၏ အဓိကလမ်းမကြီးခုနစ်ခုတွင် ရေိယာသတ်မှတ်ပြီး ယာဉ်ရပ်နားခများ ကောက်ခံမည်**

စာမျက်နှာ » ၁၀

**တိုက်ကြီးမြို့နယ် အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ကမ်း မြေထိန်းနံရံ မြေကျွံကျ**

စာမျက်နှာ » ၁၁

# ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ စတင်ကျင်းပ




ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

**တောင်ကြီး ဧပြီ ၂၃**

ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမရှေ့၌ ယနေ့နံနက် ၉ နာရီတွင် စတင်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော် (ခ) ဦးအိုက်မိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေတို့က ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းရင်းသားကလေးငယ်များက ငြိမ်းချမ်းရေးအထိမ်းအမှတ် ချိုးဖြူငှက်များလွှတ်ပေးကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကျင်းပမည့် မြို့တော်ခန်းမအတွင်း နေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နှစ်ပေါင်းများစွာကြာမြင့်ခဲ့သော ပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ခဲ့ပြီး အဆိုပါသဘောတူစာချုပ်အရ လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၆၀အတွင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ရေးဆွဲအတည်ပြုခဲ့ပါကြောင်း၊ ယင်းနိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုအခြေခံပြီး ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ နေပြည်တော်၌ အောင်မြင်စွာကျင်းပခဲ့ပါကြောင်း၊ (၂၁) ရာစု ပင်လုံညီလာခံကို အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည့်အတွက် ဆောင်ရွက်သူများအကြား ယုံကြည်မှုများပိုမိုခိုင်မာလာစေခဲ့ပါကြောင်း၊ မတူကွဲပြားသည့် သဘောထားအမြင်များရှိခဲ့ကြသော်လည်း (၂၁) ရာစု ပင်လုံညီလာခံကို အောင်မြင်အောင် ဘုံရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် နိုင်ငံရေးဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသနှင့် ခရိုင်အသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံရေးဆိုင်ရာစာတမ်း ၂၆ စောင်၊ စီးပွားရေးဆိုင်ရာစာတမ်း ၂၃ စောင်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာတမ်း ၂၁ စောင် စုစုပေါင်းစာတမ်း အစောင် ၇၀ တင်သွင်းလာခဲ့ပါကြောင်း၊ ရှမ်းပြည်နယ် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်သွင်းလာသည့်စာတမ်းများကို စုစည်းပြီး ရှမ်းပြည်နယ် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီက တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို စုစည်းပေါင်းစပ်၍ နိုင်ငံရေးဆိုင်ရာစာတမ်းတစ်စောင်၊ စီးပွားရေးဆိုင်ရာစာတမ်း တစ်စောင်၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစာတမ်းတစ်စောင် စုစုပေါင်းစာတမ်း (မူကြမ်း) သုံးစောင် ထွက်ပေါ်လာစေရန် သတ်မှတ်မူဘောင်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိစစ်စုစည်း၍ ဆွေးနွေးပွဲနောက်ဆုံးရက်တွင် ဖတ်ကြားသွားမည်ဖြစ်ပါကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

KBZ BANK
STRENGTH OF MYANMAR
သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

## ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ လွတ်လပ်စွာလုပ်ကိုင်လာနိုင်သော်လည်း လုပ်ငန်းလုပ်ကိုင်ရာ၌ အခက်အခဲများ ရှိနေသေးသည်။

ထို့ကြောင့် နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများကိုဖွဲ့စည်းပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကိုပြုလုပ်ကာ ညှိနှိုင်းအဖြေရှာပေးလျက်ရှိရာ ယခုအခါ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများ ငါးကြိမ်တိုင်ရှိခဲ့ပြီဖြစ်သည်။ ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးလုပ်ငန်းရှင်များကို ကဏ္ဍအလိုက်ရွေးချယ်စုစည်းပြီး လုပ်ငန်းရှင်များ၏ လိုအပ်ချက်များ၊ အခက်အခဲများအား ကြားနာဖြေရှင်းပေးလျက်ရှိရာ စီးပွားရေးလုပ်ငန်းဆိုင်ရာ အခက်အခဲများ ဖြေလျှော့တန်သရွေ့ ဖြေလျှော့သွားမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခဲ့ရာတွင် လုပ်ငန်းရှင်များက အကြံပြုချက် ၈၃ ချက်ကို တင်ပြခဲ့ကြရာ သက်ဆိုင်သော ဝန်ကြီးဌာန ၁၇ ခု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းတို့သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖြစ်ထွန်းလာရေးအတွက် အထောက်အပံ့ကောင်းများပင်ဖြစ်သည်။

ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်၍ အလေးထားဆောင်ရွက်ရမည့် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများက အလျင်အမြန် ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်သွားရန်လိုအပ်ပြီး တက်ကြွစွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လုပ်ငန်းများကိုဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြဋ္ဌာန်းထားသော ဥပဒေများမှာ အရေးပါသဖြင့် ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်နိုင်ရေးနှင့် လိုအပ်သည့်စီးပွားရေးဆိုင်ရာ ဥပဒေသစ်များပြဋ္ဌာန်းရေးတို့ကို အကြံပြုပေးခြင်း၊ ပို့ကုန်သွင်းကုန်များအား ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချပြုလုပ်ရာ၌ လုပ်ငန်းဆောင်ရွက်မှုအစဉ်အဆက်ကြန့်ကြာမှုများရှိနေခြင်း၊ ဆိပ်ကမ်းများတွင် ကုန်သေတ္တာယာဉ်များ ယခင်နှစ်သင်္ကြန်ကာလက ကျပ်တည်းပိတ်ဆို့မှုများရှိခဲ့ခြင်းတို့ကို ဖြေလျှော့ကူညီဆောင်ရွက်ခြင်းတို့ကို ကော်မတီအလိုက် ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးတွင် နိုင်ငံခြားငွေတန်ဖိုးမြင့်တက်မှုမှာ လုပ်ငန်းဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေပြီး ပြည်ပဘဏ်၊ ပြည်တွင်းဘဏ်များမှ ချေးငွေလုံလောက်စွာရရှိရေးအတွက် အခက်အခဲမရှိရန်လည်းလိုအပ်သည်။ ထို့အပြင် အခွန်အခများ၊ ဘဏ်စရိတ်များ၊ လုပ်ထုံးလုပ်နည်း တင်းကျပ်မှုများကို ဖြေလျှော့ပေးရန်လိုအပ်ချက်များရှိနေသဖြင့် သက်ဆိုင်ရာကော်မတီအလိုက် လိုအပ်ချက်များကို ထိရောက်စွာ ကူညီဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့်ဥပဒေမူဘောင်နှင့်နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးရေး၊ အကောင်အထည်ဖော်မည့် အင်စတီကျူးရှင်းများကို တစ်ပြိုင်နက် စုဖွဲ့ဆောင်ရွက်ပေးရေးတို့အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေခြင်းသည် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းများကို ဖြစ်ပေါ်လာစေပါသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတော်က ဤသို့စီးပွားရေးဆိုင်ရာ အထောက်အပံ့ကောင်း ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခြင်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ မကြာမကြာ ထိတွေ့ဆက်ဆံ ဆွေးနွေးအဖြေရှာနိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးရလဒ်ကောင်းများပင်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးမှုတို့ တစ်နေ့ထက်တစ်နေ့ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားရေးလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာပါက ပြည်သူများ၏လူမှုစီးပွားဘဝလည်း လိုက်ပါတိုးတက်မြင့်မားလာမည်ဖြစ်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်နွှယ်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် YBS ယာဉ်လိုင်းများနှင့်ပတ်သက်၍ ဆွေးနွေးမည်

**ရန်ကုန် ဧပြီ ၂၃**

တိုင်းဒေသကြီး လွှတ်တော်အမတ် ၂၆ ဦးက ရန်ကုန်မြို့ရှိ YBS ယာဉ်လိုင်းများ ပြေးဆွဲနေမှုနှင့်ပတ်သက်၍ ဧပြီ ၂၄ ရက်တွင် ပြုလုပ်မည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ရန်ကုန်မြို့တွင် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို မထသ စီမံဆောင်ရွက်မှုစနစ်မှ YBS ယာဉ်လိုင်းများအဖြစ် ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ပြောင်းလဲဆောင်ရွက်ခဲ့ပြီး ယခု သုံးလတာကာလ ကျော်လွန်လာချိန်တွင် ဘတ်စ်ကားစီးခရီးသည်များ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် တိုင်းဒေသကြီးအစိုးရ၏ YBS နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်နေသည့် အနေအထားများအပေါ် အများပြည်သူ ပွင့်လင်းမြင်သာစွာ သိရှိစေရန်အတွက် လွှတ်တော်အမတ် ၂၆ ဦးအထိ ယင်းအဆိုအပေါ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

“YBS က တကယ်တော့ မထသကို ဆေးသုတ်ထားသလိုပါပဲ။ စစချင်းကတော့ စည်းကမ်းလိုက်နာပြီး ခရီးသည်တွေကို မှတ်တိုင်မှာ ရပ်၊ တင်၊ ချပဲ လုပ်တယ်။ နောက်ပိုင်းတော့ ရပ်ချင်သလိုရပ်၊ တင်ချင်သလိုတင်၊ အရင်လို စည်းကမ်းမဲ့လာတယ်။ ကောင်းတဲ့လိုင်းတွေလည်း ကောင်းလာပါတယ်။ ဒါပေမဲ့ အခုထိတော့ ခရီးသည်တွေ မျှော်မှန်းထားသလို ဖြစ်မလာသေးဘူး။ ထိထိရောက်ရောက်လေး ကိုင်တွယ်စေချင်ပါတယ်”ဟု လိုင်းကားစီး ခရီးသည်တစ်ဦးက ပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တရုတ်နိုင်ငံ YUTONG ကုမ္ပဏီမှ ခရီးသည်တင် ဘတ်စ်ကားသစ် အစီး ၁၀၀၀ ကို စာချုပ်ချုပ်ဆို ဝယ်ယူထားပြီး လာမည့် မေလကုန်တွင် အဆိုပါယာဉ်များ ရောက်ရှိလာမည်ဖြစ်ကာ YBS ယာဉ်လိုင်းများတွင် လိုအပ်ချက်ရှိနေသည့် အပေါ် ဖြည့်ဆည်းပြေးဆွဲသွားမည်ဟု သိရသည်။ သို့ရာ၌ သုံးလကျော်ကာလတွင် ခရီးသည်များ သွားလာမှု အဆင်ပြေအသားကျမှုများနှင့် မကြုံတွေ့ရသေးသည့်အပြင် ဘတ်စ်ကားဝယ်ယူခြင်းများအပါအဝင် အဆင့်မြှင့်တင်ဆောင်ရွက်မှုများ အပေါ် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် ပွင့်လင်းမြင်သာမှုရှိစွာ မသိရသောကြောင့် ယခုကဲ့သို့ လွှတ်တော်တွင်ဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်အမတ်များက ဝိုင်းဝန်းဆွေးနွေးခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

YBS ယာဉ်လိုင်းများ အဆင့်မြှင့်တင်မှုနှင့်ပတ်သက်၍ သုံးလတစ်ကြိမ် ပြုလုပ်ဆောင်ရွက်သွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက YBS တစ်လပြည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ပြီး ယာဉ်လိုင်းများတွင် ဂျီပီအက်စ် တပ်ဆင်ခြင်းများ၊ ကားသစ်များဝယ်ယူဖြည့်တင်းခြင်းများနှင့် ကတ်စနစ်သုံး ယာဉ်စီးခပေးချေစနစ်တို့အပါအဝင် အဆင့်မြှင့်တင် ဆောင်ရွက်မှုများကို သုံးလတစ်ကြိမ် ပြုလုပ်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ပြီး လာမည့် ၂၀၁၈ ခုနှစ် YBS စနစ် ပြုပြင်ပြောင်းလဲမှု တစ်နှစ်ပြည့်ချိန်တွင် ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်သို့ ရောက်ရှိလာရေး မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်။ **(၀၀၁)**

## ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၃**

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်တို့ကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းဖတ်ပွဲတွင် ဘာသာပြန်စာတမ်း ၁၅ စောင် ဖတ်ကြားမည်ဖြစ်ပြီး နွေရာသီ စာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ ကျော် ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**






## သင်္ကြန်လွန်ကာလ နေပြည်တော်တွင် စည်းကမ်းပျက်ယာဉ်များ အထူးစစ်ဆေး အရေးယူဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၃**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေး၏ လမ်းညွှန်မှုဖြင့် စည်းကမ်းမဲ့ယာဉ်များအား အထူးစစ်ဆေးအရေးယူဆောင်ရွက်မှုကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဧပြီ ၂၃ ရက်က အဖွဲ့လေးဖွဲ့ဖြင့် စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၁) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်)၊ အမှတ်(၁)တပ်ဖွဲ့စု ဇမ္ဗူသီရိမြို့နယ်မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးဇော်မင်းသိန်း၏ ဦးဆောင်မှုဖြင့် ရဲအုပ်ဇင်အောင်လင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဇမ္ဗူသီရိမြို့နယ် 3D ရုပ်ရှင်ရုံရှေ့တွင်လည်းကောင်း၊ တပ်ဖွဲ့(၅) ဇေယျာသီရိမြို့နယ်မှ တပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များသည် ပျဉ်းမနား-တောင်ညိုလမ်းမကြီး၏ သပြေကုန်းအဝိုင်းနှင့် ပရဆေးဥယျာဉ်ကြားတွင်လည်းကောင်း၊ ရဲအုပ်အောင်မျိုးထက်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် Junction Centre အနီးတွင်လည်းကောင်း၊ ဒုရဲအုပ် ဇူလိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသည် မဏိရတနာကျောက်မျက်ပြတိုက်ရှေ့တွင် လည်းကောင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်များအား ရပ်တန့်၍ ယာဉ်စည်းကမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို စစ်ဆေးခြင်း၊ မော်တော်ကားမောင်းနှင်သည့် ယာဉ်မောင်းများအား ခါးပတ်ပတ်၍ မောင်းနှင်မှု ရှိ၊ မရှိ တို့ကို စစ်ဆေးဆောင်ရွက်၍ လိုက်နာမှုမရှိသော ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၁၀၇)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယင်နာမြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်အား ကြည့်ရှုလေ့လာ

**နေပြည်တော် ဧပြီ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့သည် ဧပြီ ၂၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် သြစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့ ရောက်ရှိရာ ဗီယင်နာအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ သြစတြီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစံလွင်နှင့်ဇနီး၊ သံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဗီယင်နာမြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

သြစတြီးယားတပ်မတော် စစ်သမိုင်းပြတိုက် (Austria Army Museum) ကို ၁၈၅၀ ခုနှစ် ဧပြီ ၁၅ ရက်က တည်ဆောက်ခဲ့ပြီး ၁၈၅၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် (၁၉)ရာစုအလယ် ၁၈၆၇ ခုနှစ် ခန့်မှစ၍ သြစတြီးယားအင်ပါယာ၏ စစ်သမိုင်းဆိုင်ရာ အချက်အလက်များ၊ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ် အပါအဝင် သြစတြီးယားနိုင်ငံအနေဖြင့် ပါဝင်ခဲ့သည့် စစ်ပွဲများအား ခန်းမများခွဲခြား၍ ခင်းကျင်းပြသထားရှိသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် သြစတြီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိပြီး သံရုံးမိသားစုများနှင့် တွေ့ဆုံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမိသားစုများနှင့် ဆေးဘက်ဆိုင်ရာ သင်တန်းများသို့ တက်ရောက်လျက်ရှိသည့် သင်တန်းသူများက လက်ခံကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယင်နာမြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

## အမ်းမြို့နယ် ကျေးရွာငါးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၃**

ရခိုင်ပြည်နယ် အမ်းမြို့နယ် ဂွဆုံပြင်ကျေးလက်ကျန်းမာရေးဌာနအပိုင် ညောင်ချောင်း၊ ဘွေးဝ၊ နေပဆေး၊ ဝင်ဝနှင့် လုံးတုံကျေးရွာ ငါးရွာတို့တွင် ဧပြီ ၁၉ ရက်မှ စတင်၍ လူ ၁၀၀ ကျော်ခန့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားခဲ့ပြီး နေပဆေးကျေးရွာမှ အသက် (၄၇) နှစ်အရွယ် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း သတင်းရရှိသဖြင့် ဧပြီ ၁၉ ရက်တွင် ဒါးလက်တိုက်နယ်ဆရာဝန် ဒေါက်တာဇော်သန့်အောင် ဦးဆောင်သော ကွင်းဆင်းအဖွဲ့၊ ဧပြီ ၂၀ ရက်တွင် အမ်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်အောင်ဝင်း ဦးဆောင်သောကွင်းဆင်းအဖွဲ့၊ ဧပြီ ၂၁ ရက်တွင် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကူးစက်ရောဂါတိုက်ဖျက်ရေး ဆရာဝန်များဖြစ်သည့် ဒေါက်တာစံလင်းနှင့် ဒေါက်တာစိုးဝင်းပိုင်တို့ ဦးဆောင်သော ကွင်းဆင်းအဖွဲ့တို့က ရောဂါ ဖြစ်ပွားရာကျေးရွာများသို့ ကွင်းဆင်းပြီး ရောဂါဖြစ်ပွားရသည့်အကြောင်းအရင်းအား စုံစမ်းစစ်ဆေးခြင်း၊ လူနာသစ်ရှာဖွေခြင်းနှင့် ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၂၃ ရက် တွင် ဆက်သွယ်မေးမြန်းချက်အရ လူနာအားလုံး သက်သာကောင်းမွန်လျက်ရှိကြောင်း ကနဦး သတင်းရရှိသည်။

**(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေး၊ နောင်အနာဂတ် မျိုးဆက်သစ်လူငယ်များ စိတ်ရောကိုယ်ပါ ငြိမ်းချမ်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်စေရေး၊ စစ်မှန်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးတို့အတွက် အားလုံးယုံကြည်မှုရှိရှိဖြင့် ဆွေးနွေးညှိနှိုင်းပြီး အားလုံးမျှော်လင့်တောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်အဖြစ်သို့ လျင်မြန်စွာ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ရှမ်းပြည်နယ်တွင် အရေးကြီးသည့်သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ကြောင်း၊ ရှမ်းပြည်နယ်သည် ပြည်ထောင်စုကြီးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပင်လုံစိတ်ဓာတ်ကို စတင်မွေးဖွားပေးခဲ့သောဒေသလည်းဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ဘူမိနက်သန်နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့၌ ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ခြင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးခရီးလမ်းအတွက် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ခြေလှမ်းတစ်လှမ်းဟုဆိုလျှင် မမှားနိုင်ပါကြောင်း။

ရှမ်းပြည်နယ်သည် ခေတ်အဆက်ဆက် လက်နက်ကိုင်ပဋိပက္ခများကို အများဆုံးရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဒေသတစ်ခုဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ စုစည်းပြီး လွတ်လပ်ရေးကို တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အတူတကွ ရယူပေးနိုင်ရန် သမိုင်းဝင်ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ကောင်းမွန်သည့် ရေခံ၊ မြေခံ၊ သမိုင်းနောက်ခံအရ ရှမ်းပြည်နယ်၏ နိုင်ငံရေးနိုးကြားမှုသည် အရှိန်အဝါကြီးမားပါကြောင်း၊ ပင်လုံစာချုပ်ချုပ်ဆိုပြီး လွတ်လပ်ရေးကို ရယူပေးနိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခြင်းမရှိသည့်အတွက် ယနေ့အထိစစ်မီးမငြိမ်းသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိနေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးရန်ကျော်၊ "ပလောင်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း၊ "ကိုးကန့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ "ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ "ဓနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းတို့က အမှာစကားများပြောကြားကြကာ တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။




ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

ထို့နောက် ဆွေးနွေးပွဲ၏ ပထမနေ့ စာတမ်းဖတ်ကြားခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာစိုင်းအောင်ဆန်း [ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)]နှင့် အဖွဲ့ဝင်များအဖြစ် ဦးကျော်မိုး [ညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောဦးစီးဌာန]၊ ဦးဝင်းမြင့် [အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး(ငြိမ်း)]၊ ဦးခင်သန်း [ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး(ငြိမ်း)]၊ ဒေါက်တာတင်မာကြည် [ပင်လုံတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)]တို့က ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ ဒေါက်တာစိုင်းအောင်ဆန်းက အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးက ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ဖတ်ကြားမည့် စာတမ်းများနှင့် ပတ်သက်၍ လိုအပ်သည့် အချက်များအား ရှင်းလင်းပြောကြားကာ စာတမ်းများဖတ်ကြားကြသည်။

အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) အဖွဲ့နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်နယ်လွှတ်တော်ရေးရာ ကော်မတီဝင်များ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၄၀၀ ကျော် တက်ရောက်ကြပြီး ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ဧပြီ ၂၃ ရက်မှ ၂၅ ရက် အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုမှုများအတွက် သုံးစွဲငွေလျှော့ချမှုအပေါ် သိပ္ပံပညာရှင်များ ဆန္ဒထုတ်ဖော်

**ဝါရှင်တန် မေ ၂၃**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် သိပ္ပံပညာရှင်များအပါအဝင် ပြည်သူထောင်ပေါင်းများစွာက အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုမှုအစီအစဉ်များအတွက် သုံးစွဲငွေပမာဏ လျှော့ချခဲ့ခြင်းနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိသဖြင့် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါဆန္ဒထုတ်ဖော်မှုကို 'သိပ္ပံပညာအတွက် ဆန္ဒထုတ်ဖော်မှု'ဟု အမည်မှည့်ခေါ်ထားကြောင်း သိရသည်။ ယင်းဆန္ဒထုတ်ဖော်မှုသည် မေ ၂၂ ရက်တွင် ကျရောက်သည့် 'ကမ္ဘာမြေနေ့' တွင် အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာအနှံ့အပြား၌ ဆန္ဒထုတ်ဖော်သည့်အကြောင်းကိစ္စများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့် ဦးဆောင်သည့် အစိုးရက သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုမှုများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များတွင် သုံးစွဲငွေပမာဏကို လျှော့ချပစ်ရန် ပြီးခဲ့သည့်လနှောင်းပိုင်းက ကြေညာခဲ့သည့် အစီအစဉ်တစ်ရပ်ကို သိပ္ပံပညာရှင်များက ကန့်ကွက်ရှုတ်ချသည့် ဆန္ဒထုတ်ဖော်မှုများကို နေရာအနှံ့အပြားတွင် ပြုလုပ်လျက်ရှိသည်။

'သိပ္ပံလူကလေး' ဟု လူသိများသည့် ရုပ်မြင်သံကြားကြေညာသူ ဘေလ်ညီက ဆန္ဒထုတ်ဖော်သူများအား ယခုဆန္ဒထုတ်ဖော်မှုသည် သိပ္ပံပညာရပ်တိုးတက်ပြောင်းလဲလာရေးအတွက် အလွန်ပင်အရေးကြီးကြောင်းနှင့် သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုမှုအစီအစဉ်များအတွက် သုံးစွဲငွေပမာဏကို ပြန်လည်တိုးမြှင့်ပေးရန် လွှတ်တော်အမတ်များအား ဆွယ်တရားဟောပြောကြရန် တိုက်တွန်းစကားပြောကြားခဲ့သည်။

သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနပြုမှုအတွက် သုံးစွဲငွေပမာဏလျှော့ချခြင်းနှင့် သိပ္ပံပညာရှင်များ အငှားလိုက်မှုကို အစိုးရကပိတ်ပင်ထားခြင်းတို့သည် ကြီးမားသော ပြဿနာများပင်ဖြစ်သည်ဟု သိပ္ပံကျောင်းသူတစ်ဦးက ဆိုသည်။ ထို့ပြင် သိပ္ပံနှင့်ဆက်စပ်သည့် နယ်ပယ်များတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အလုပ်ရှာရန် ခက်ခဲမှုများရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်လ်ထရန့်က သမ္မတ အိုဘားမား ချမှတ်ခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် ပတ်သက်ပြီး အလုံးစုံပြောင်းလဲပစ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။




သမ္မတဒေါ်နယ်လ်ထရန့်၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဝါဒနှင့်ပတ်သက်ပြီး ဆန္ဒထုတ်ဖော်မှုကို သမ္မတ ဒေါ်နယ်လ်ထရန့် ရာထူးတာဝန်များထမ်းရွက်မှု ရက် ၁၀၀ ပြည့်သည့်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ကမ္ဘာတစ်ဝန်းမှ ကာကွယ်ရေးနည်းပညာကုမ္ပဏီများအား အိန္ဒိယ၌ ထုတ်လုပ်ရေးစက်ရုံများထူထောင်ရန် တိုက်တွန်း

**ဝါရှင်တန် မေ ၂၃**

ကမ္ဘာတစ်ဝန်းမှ ကာကွယ်ရေးနည်းပညာ ကုမ္ပဏီများအနေဖြင့် အိန္ဒိယကုမ္ပဏီများနှင့်ပူးပေါင်းကာ ထုတ်လုပ်ရေးလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် မြှင့်တင်အားပေးမည်ဟူသော မူဝါဒကို မိမိတို့ ချမှတ်ထားကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး အေရွန်ဂျိတ်လီက ပြောကြားလိုက်သည်။

မူဝါဒရေးရာ ပြင်ဆင်ပြောင်းလဲမှုအဖြစ် အိန္ဒိယနိုင်ငံသည် ကာကွယ်ရေးနည်းပညာဆိုင်ရာ ထုတ်ကုန်များကို ကမ္ဘာတစ်လွှားမှ ဝယ်ယူမည်သာမက နိုင်ငံတကာရှိ ကာကွယ်ရေးနည်းပညာ ကုမ္ပဏီများက ဒေသခံကုမ္ပဏီများနှင့် ပူးပေါင်းကာ အိန္ဒိယနိုင်ငံအတွင်း ထုတ်လုပ်ရေးစက်ရုံများ ထူထောင်ခြင်းကိုပါ အားပေးသွားမည်ဖြစ်ကြောင်း အမေရိကန်ဆိုင်ရာ အိန္ဒိယသံအမတ်ကြီး နေဗာတေးဆာနားက ကမကထပြုသော ညစ်ခံပွဲအခမ်းအနားတွင် ပြောကြားသည်။

အိန္ဒိယဗဟိုအစိုးရအဖွဲ့၏ မူဝါဒရေးရာ ပြင်ဆင်ပြောင်းလဲမှုနှင့်အညီ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးမူဝါဒကို ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဂျိတ်လီက ပြောကြားသည်။

ဂျိတ်လီသည် အိန္ဒိယကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်လျက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ နွေဦးပေါက်ရာသီ အစည်းအဝေးများ တက်ရောက်ရန် ဝါရှင်တန်သို့ မေ ၂၀ ရက်တွင် ရောက်ရှိလာခဲ့သည်။




ဂျိတ်လီသည် အဆိုပါအစည်းအဝေးများအပြင် ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေးအပါအဝင် နိုင်ငံပေါင်းစုံ တက်ရောက်မည့်အစည်းအဝေးများသို့လည်း တက်ရောက်ရန် စီစဉ်ထားသည်။

**ပီတီအိုင်။**

# ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး အမေရိကန်တရားရေးဌာန သတိပေး

**ဝါရှင်တန် မေ ၂၃**

တရားမဝင် အခြေစိုက်နေထိုင်သူများအား ခိုလှုံခွင့်ပေးထားသည့် ကယ်လီဖိုးနီးယားပြည်နယ်နှင့် အခြားမြို့ကြီးခုနစ်မြို့တို့မှ အာဏာပိုင်များအနေဖြင့် ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိပါက ရန်ပုံငွေဖြတ်တောက်လျှော့ချခံရမှုနှင့် တွေ့ကြုံရနိုင်သည်ဟု အမေရိကန်တရားရေးဌာနက ခြိမ်းခြောက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်တရားရေးဌာနက ကယ်လီဖိုးနီးယားအကျင့်စာရိတ္တပြုပြင်ရေးဌာန(အကျဉ်းဦးစီးဌာန) သို့လည်းကောင်း၊ နယူးယောက်၊ နယူးအော်လန်း၊ လက်စ်ဗီးဂတ်၊ မိုင်ယာမီ၊ မီလ်ဝေါ်ကီ၊ ဖီလာဒဲဖီးယားနှင့် ချီကာဂို/ကွတ်စီရင်စု (အီလီနွိုက်စ်)တို့ရှိ ဒေသန္တရအာဏာပိုင်များသို့လည်းကောင်း ပေးပို့သည့်စာတွင် အထက်ပါအတိုင်း ခြိမ်းခြောက်ထားခြင်းဖြစ်သည်။

တရားမဝင် ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအား ခိုလှုံခွင့်ပေးထားသော အုပ်ချုပ်ရေးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် မြို့ကြီးများသည် ဖက်ဒရယ်တရားရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက ရန်ပုံငွေထောက်ပံ့ပေးနေမှုကို ဖြတ်တောက်လျှော့ချမည်ဆို၏။

အမေရိကန်ရှိ မြို့ကြီးများသည် ဖက်ဒရယ်လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် ဖက်ဒရယ်အစိုးရအဖွဲ့၏ ရန်ပုံငွေထောက်ပံ့ပေးမှုကို ရပ်ဆိုင်းပစ်မည်ဟု သမ္မတ ဒေါ်နယ်လ်ထရန့်ကလည်း ယခင်က ခြိမ်းခြောက်ခဲ့ဖူးသည်။

သို့ရာတွင် တရားရေးဌာန၏ ခြိမ်းခြောက်မှုသည် အုပ်ချုပ်ရေးစီရင်ပိုင်ခွင့်ရှိ မြို့ကြီးများ၏ ရဲတပ်ဖွဲ့လုပ်ငန်းကို စွက်ဖက်ရာရောက်စေသည်ဟု သက်ဆိုင်ရာမြို့ကြီးများက တုံ့ပြန်ပြောဆိုခဲ့ကြသည်။

ဖော်ပြပါမြို့ကြီးများတွင် ရဲတပ်ဖွဲ့က ထိန်းသိမ်းထားသော အကျဉ်းသားများအား ကိုယ်ရေးအချက်အလက် စိစစ်ရေးနှင့်ပတ်သက်၍ ဖက်ဒရယ်အစိုးရအဖွဲ့အောက်ရှိ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ရန် တရားရေးဌာနက လိုလားသည်။

တရားမဝင် ရွှေ့ပြောင်းအခြေချနေထိုင်သူများသည် အကြမ်းဖက်သည့် ရာဇဝတ်မှုများကို တိုးပွားစေကြောင်း၊ ချီကာဂိုမြို့၌ လူသတ်မှုနှုန်းမြင့်တက်နေပြီး နယူးယောက်မြို့၌ ဂိုဏ်းဖွဲ့ကျူးလွန်သော လူသတ်မှုများပြားလာနေကြောင်း တရားရေးဌာနက အပြစ်ဖို့ပြောကြားခဲ့သည်။

**ရိုက်တာ။**

# ဂျပန်ရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်ရန် အမေရိကန်လေယာဉ်တင်သင်္ဘောကြီး ရောက်ရှိလာ

**တိုကျို မေ ၂၃**

အမေရိကန်ရေတပ်၏ ကားလ်ဗင်ဆင်အမည်ရှိ လေယာဉ်တင်သင်္ဘောကြီးသည် ဂျပန်ရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်နိုင်ရန် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၃ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယား၏ လက်နက်အစီအစဉ်နှင့်ပတ်သက်၍ ဒေသတွင်း၌ တင်းမာမှုများမြင့်တက်နေချိန်နှင့် ဆဋ္ဌမအကြိမ် နျူကလီးယားစမ်းသပ်မှုပြုလုပ်ရန် ယင်းနိုင်ငံက စီစဉ်နေသည်ဆိုသောသတင်းကြောင့် စိုးရိမ်ပူပန်မှုများ တိုးပွားနေချိန်အတွင်း အမေရိကန်ရေတပ် တိုက်ခိုက်ရေးအုပ်စုက ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းသို့ ဆိုက်ရောက်လာခြင်းဖြစ်သည်။

'ကားလ်ဗင်ဆင်' လေယာဉ်တင်သင်္ဘောကြီးဦးဆောင်သော စစ်ရေးလေ့ကျင့်မှုမှာ ရက်ပေါင်းအတန်ကြာမျှ ကြာမြင့်မည်ဟု မျှော်လင့်ရသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်စစ်သင်္ဘောနှစ်စင်းပါဝင်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။



ဂျပန်ရေတပ်က 'ကားလ်ဗင်ဆင်' လေယာဉ်တင်သင်္ဘောကြီးနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းမှာ တတိယအကြိမ်ဖြစ်ကြောင်း၊ အလားတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှစ်ရပ်ကို မတ်လအတွင်း ပြုလုပ်ခဲ့ကြောင်း ဂျပန်သတင်းရပ်ကွက်က ပြောကြားသည်။

ထိုစဉ်အတွင်း မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ ဒေသတွင်း၌ တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ဩစတြေးလျနိုင်ငံသည် အမေရိကန်၏ မူဝါဒဘက်မှ မျက်ကန်းအားပေးထောက်ခံနေမည်ဆိုပါက ယင်းနိုင်ငံကို နျူကလီးယားလက်နက်ဖြင့် မိမိတို့တိုက်ခိုက်ရဖွယ်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအား ထပ်မံ၍ အရေးယူဒဏ်ခတ်နိုင်ရန် လုပ်ဆောင်မည်ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘစ်ရှော့၏ပြောကြားချက်ကို မြောက်ကိုရီးယားနိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

**ပီတီအိုင်။**

# နိုင်ငံတကာမြင်ကွင်း




## ရဲရင့်လင်းလက်

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ဟာ ပြည်သူလူထုရဲ့ လွတ်လပ်ရေးခေတ်သစ်ရောက်စေရမယ်ဆိုပြီး အာဏာရှင် ကဒါဖီကို လစ်ဗျားပြည်သူတွေက ဆန့်ကျင်တော်လှန်ခဲ့တဲ့ ပြည်သူ့တော်လှန်ရေးရဲ့ (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ပါ။ ဒါပေမယ့် လက်တွေ့မှာတော့ တစ်စစီအစည်းပြေနေသလို ကသောင်းကနင်း ဖရိုဖရဲဖြစ်နေတဲ့ လစ်ဗျားနိုင်ငံမှာ အစွန်းရောက်အကြမ်းဖက်အဖွဲ့ဖြစ်တဲ့ အိုင်းဆက်စ် (Islamic State of Iraq and Syria- ISIS)က စိတ်ထင်သလို ထင်တိုင်းကြဲနေတာပါ။ လွန်ခဲ့တဲ့ ခြောက်နှစ် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ လစ်ဗျားပြည်သူတွေဟာ အာဏာသက်တမ်း (၄၂)နှစ်ရှိပြီဖြစ်တဲ့ အာဏာရှင် ကဒါဖီကို ဆန့်ကျင်တော်လှန်ခဲ့ပါတယ်။ ပြင်သစ်နဲ့ အမေရိကန်နိုင်ငံတွေရဲ့ ထောက်ခံမှုနဲ့ နေတိုးတပ်ဖွဲ့တွေဟာ လစ်ဗျားပြည်သူတွေရဲ့အသက်ကို ကာကွယ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ လစ်ဗျားနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။ ဒီလို နေတိုးတပ်ဖွဲ့တွေ ဝင်ရောက်ကျူးကျော်တိုက်ခိုက်အပြီး ရှစ်လအကြာမှာ ကဒါဖီ သေဆုံးခဲ့ပါတယ်။ ကဒါဖီရဲ့ အာဏာရှင်ခေတ်ဆိုတာ သမိုင်းထဲမှာပဲကျန်ပါတော့တယ်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက လစ်ဗျားဆိုတဲ့နိုင်ငံကလည်း သမိုင်းထဲမှာပဲရှိတော့သလိုဖြစ်နေတဲ့ ပကတိလက်တွေ့အခြေအနေပါ။

လစ်ဗျားနိုင်ငံဟာ ၂၀၁၁ ခုနှစ်ကတည်းက ကသောင်းကနင်း၊ ဖရိုဖရဲ အခြေအနေထဲကနေ ရုန်းမထွက်နိုင်တော့ပါဘူး။ လျှပ်စစ်မီး လာတစ်ချက်၊ မလာတစ်ချက်ဆိုတာ လစ်ဗျားပြည်သူတွေရဲ့ နေ့စဉ်ဘဝဖြစ်လာပါတယ်။ ဘူးလေးရာဖရုံဆင့်ဆိုသလို သောက်ရေ၊ သုံးရေမလုံလောက်မှုက နေ့စဉ်ဒုက္ခဖြစ်နေပါတယ်။ ငွေကြေးတွေ အလွန်အကျွံဖောင်းပွ၊ ကုန်ဈေးနှုန်းတွေတက်ဆိုတာကလည်း ရှောင်ပြေးလို့မရတဲ့ ဘဝပကတိအခြေအနေဖြစ်နေပါတယ်။ အာဏာရှင်ကဒါဖီကို ဆန့်ကျင်တော်လှန်ဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းခဲ့တဲ့ ပြည်သူ့စစ်အဖွဲ့တွေက အခုတော့ ကိုယ့်ဒေသကို ကိုယ်ချုပ်ကိုင်ပြီး သူတစ်လူ ငါတစ်မင်း အုပ်ချုပ်နေကြပါတယ်။ မြို့တော်ဖြစ်တဲ့ ထရီပိုလီမှာ လုံခြုံမှုဆိုတာ မရှိတော့ပါဘူး။ လုံခြုံမှုမရှိတာက ညဘက်ဆို ပိုဆိုးပါတယ်။ လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့တွေဟာ ကုလသမဂ္ဂက ကျောထောက်နောက်ခံပေးထားတဲ့ အမျိုးသားညီညွတ်ရေးအစိုးရထက် ပိုသြဇာကြီးပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (National Accord Government -NAG)က တစ်နိုင်ငံလုံးကို ထိန်းချုပ်နိုင်ဖို့ အသည်းအသန်ကြိုးပမ်းနေရတာက စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၁၆ ခုနှစ် မတ်လကတည်းကပါပဲ။

ဖီးမာရှယ်ခါလီဖာဟက်(ဖ)တာ (Field Marshal Khalifa Haftar) က တိုင်းပြည်လူဦးရေရဲ့ လေးပုံတစ်ပုံနေထိုင်တဲ့ လစ်ဗျားနိုင်ငံအရှေ့ပိုင်းတစ်ခုလုံးကို ထိန်းချုပ်ထားပါတယ်။ ဖီးမာရှယ်ခါလီဖာဟက်(ဖ)တာကို ထောက်ခံပေးနေသူတွေက အီဂျစ်နိုင်ငံနဲ့ ရုရှားနိုင်ငံပါ။ အခြေအနေကိုပိုဆိုးစေတာက လစ်ဗျားနိုင်ငံဟာ အာဖရိကတိုက်သားအစွန်းရောက် အကြမ်းဖက်ဝါဒီတွေ မျက်စိကျရာနေရာဖြစ်လာနေတာပါ။ ဒါကလည်းမဆန်းပါဘူး။ ဗဟိုအစိုးရချုပ်ကိုင်မှုမရှိ၊ အိုင်းဆက်စ်(ISIS)လို အစွန်းရောက်အကြမ်းဖက်အဖွဲ့တွေ ခေါင်းထောင်ဖို့ ထင်ရာကြဲဖို့ ရေခံမြေခံကောင်းကြီးဖြစ်နေတာပါ။ အစွန်းရောက်အကြမ်းဖက်အဖွဲ့တွေဟာ လစ်ဗျားနိုင်ငံမှာ ဆွန်နီဘာသာရေးအစွန်းရောက်အစိုးရအဖွဲ့(Salatirule)ဖွဲ့စည်းနိုင်ဖို့ ခြေသွက်လက်သွက် ဝင်ရောက်လှုပ်ရှားလာခဲ့ကြပါတယ်။ ဒီအစွန်းရောက်အကြမ်းဖက်အဖွဲ့တွေအဖို့ လစ်ဗျားနိုင်ငံဟာ ဥရောပတိုက်ထဲ ဝင်ရောက်လှုပ်ရှားဖို့အတွက်ရောအိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အီဂျစ်၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ချဒ်၊ နိုင်ဂျာနှင့် ဆူဒန်နိုင်ငံတွေကို ဝင်ရောက်ဖို့အတွက်ပါ တံခါးပေါက်ဖြစ်နေပါတယ်။

နိုင်ဂျီးရီးယားအစွန်းရောက်အကြမ်းဖက်အဖွဲ့ဖြစ်တဲ့ ဘိုကိုဟာရမ် (Boko Haram) အဖွဲ့က အိုင်းဆက်စ်ကို သစ္စာခံထားတာ ၂၀၁၅ ခုနှစ် မတ်လကတည်းကပါ။ အိုင်းဆက်စ်(ISIS) အဖွဲ့ဟာ လစ်ဗျားနိုင်ငံတွင်းရောက်နေတဲ့ နေတိုးလက်နက်တွေကို အီဂျစ်နိုင်ငံ၊ ဆိုင်းနိုင်း အခြေစိုက် အန်ဆာဘေအယ်လ်မက်ဒိစ် (Ansar Baytal-Maqdis) အစွန်းရောက်အကြမ်းဖက်အဖွဲ့ဆီ ခိုးထုတ်ပေးပါတယ်။ ဒါကလည်း အကြောင်းရှိပါတယ်။ အန်ဆာဘေအယ်လ်မက်ဒိစ်အဖွဲ့က အိုင်းဆက်စ်(ISIS)ရဲ့ ခေါင်းဆောင် အဘူဘာကာအယ်လ်ဘဂ္ဂဒက်ဒီ( Abu Bakr-al-Baghdadi) ကို သစ္စာခံထားတာပါ။ အိုင်းဆက်စ်( ISIS) အဖွဲ့ဟာ လစ်ဗျားနိုင်ငံမှာမက်ဂျလစ်ဂူရာရှဘက်အမ်လ်အစ္စလာမ်( Majlis Shura Shabab al-Islam-MSSI) ဆိုတဲ့အမည်နဲ့ လှုပ်ရှားပါတယ်။ အဖွဲ့ရဲ့ အမည်က မူဆလင်လူငယ်များအတိုင်ပင်ခံကောင်စီလို့ အဓိပ္ပာယ်ရပါတယ်။ ဒီမူဆလင်လူငယ်များအတိုင်ပင်ခံကောင်စီ(MSSI) ကို လစ်ဗျားနိုင်ငံအနောက်ပိုင်းမှာ ၂၀၁၄ ခုနှစ် ဧပြီလကဖွဲ့စည်းခဲ့ပြီး အဲဒီနှစ် ဇွန်လမှာ ဒီကောင်စီ (MSSI) က အဘူဘာကာအယ်လ်ဘဂ္ဂဒက်ဒီကို သစ္စာခံခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ မူဆလင်လူငယ်များအတိုင်ပင်ခံကောင်စီ(MSSI) က သူတို့မှာ လက်နက်ကိုင်အဖွဲ့ဝင် ၈၀၀ ရှိတယ်လို့ ကြွေးလုံးထုတ်ခဲ့ပါတယ်။ ဒီလက်နက်ကိုင်အဖွဲ့ဝင် ၈၀၀ ထဲက ၃၀၀ လောက်ဟာ ဆီးရီးယားနိုင်ငံမှာ အိုင်းဆက်စ်(ISIS) နဲ့အတူ အကြမ်းဖက်လှုပ်ရှားမှုတွေ ဆောင်ရွက်ခဲ့တဲ့ လစ်ဗျားအစွန်းရောက် အကြမ်းဖက်သမားတွေပါ။ ၂၀၁၄ ခုနှစ်မှာ မူဆလင်လူငယ်များအတိုင်ပင်ခံကောင်စီ(MSSI) က ဘင်ဂါဇီမြို့ရဲ့ အရှေ့ဘက် ကီလိုမီတာ ၂၄၀ အကွာမှာရှိတဲ့ ဒါနာ(Dana)မြို့ကို သိမ်းပိုက်ပြီး အိုင်းဆက်စ်တွေထူထောင်ထားတဲ့ အစ္စလာမ်နိုင်ငံတော်ထဲ ထည့်သွင်းခဲ့ပါတယ်။

အင်တာနက်ထဲပျံ့နှံ့နေတဲ့ ဗီဒီယိုတွေမှာ စစ်ဝတ်စုံဝတ်ထားတဲ့ လစ်ဗျားအစွန်းရောက် အကြမ်းဖက်သမားတွေဟာ အဝတ်အစားဆိုင်တွေမှာ ဖက်ရှင်ဒီဇိုင်းတွေကို အလှပြဝတ်ဆင်ဖို့ထားတဲ့အရုပ်ကြီးတွေကို သိမ်းသွားသလို ဆံပင်အလှပြင်ဆိုင်တွေကိုလည်း ပိတ်ခိုင်းပါတယ်။ အမျိုးသမီးတွေကို ခေါင်းကနေခြေဖျားအထိ ခေါင်းမြီးခြုံဝတ်စုံတွေဝတ်ခိုင်းပါတယ်။ လက်ရှိမှာ မူဆလင်လူငယ်များအတိုင်ပင်ခံကောင်စီ(MSSI) က ကျောင်းတွေ၊ ဗလီဝတ်ပြုကျောင်းတွေနဲ့ မြို့တွင်းရေဒီယိုအသံလွှင့်စခန်းတွေကို ထိန်းချုပ်ထားတာပါ။ ပြောရရင် အဘူဘာကာအယ်လ်ဘဂ္ဂဒက်ဒီက သူ့အပေါ် သစ္စာခံထားတဲ့ လစ်ဗျားအကြမ်းဖက်အဖွဲ့ကို ငွေကြေးလက်နက် ဘာမှထောက်ပံ့တာမဟုတ်ပါဘူး။ မူဆလင်လူငယ်များအတိုင်ပင်ခံကောင်စီ(MSSI) ကို လူကုန်ကူးတာလို၊ ပြန်ပေးဆွဲငွေညှစ်တာလို ဥပဒေမဲ့လုပ်ရပ်တွေကျူးလွန်ပြီး ငွေရှာဖို့ကိုပဲ အကြံပေးခဲ့တာပါ။ အဘူဘာကာက မူဆလင်လူငယ်များအတိုင်ပင်ခံကောင်စီ(MSSI)ကို ကူညီဖို့ သူ့ရဲ့ထိပ်တန်းအကြံပေးပုဂ္ဂိုလ်နှစ်ဦးကို စေလွှတ်ပေးခဲ့ပါတယ်။ လစ်ဗျားနိုင်ငံထဲမှာလှုပ်ရှားနေတဲ့ အစွန်းရောက်အကြမ်းဖက်သမားတွေထဲမှာ နိုင်ငံခြားသားတွေလည်း ပါဝင်ပါတယ်။ ဒီနိုင်ငံခြားသားတွေထဲမှာ အများစုက အီရတ်နိုင်ငံနဲ့ ဆီးရီးယားနိုင်ငံမှာ အကြမ်းဖက်တိုက်ပွဲတွေဆင်နွှဲခဲ့တဲ့ ယီမင်နဲ့ တူနီးရှားလူမျိုးတွေပါ။ လစ်ဗျားနိုင်ငံထဲမှာရှိတဲ့ နိုင်ငံခြားသားအကြမ်းဖက်သမားအရေအတွက်ကို ၄၀၀ ဝန်းကျင် ခန့်မှန်းကြပါတယ်။ ကဒါဖီခေတ် စစ်တပ်ဖွဲ့ဝင်ဟောင်းတချို့ကလည်း အစွန်းရောက်အကြမ်းဖက်သမားတွေနဲ့ ပူးပေါင်းကြပါတယ်။

အိုင်းဆက်စ်တွေက လစ်ဗျားနိုင်ငံကို ချုပ်ကိုင်ဖို့ကြိုးပမ်းတဲ့အခါ ဆီးရီးယားနဲ့ အီရတ်နိုင်ငံတွေမှာလိုပဲ ဒေသခံပြည်သူတွေ နှလုံးသားထဲကြောက်စိတ်ရိုက်သွင်းပြီး ဆောင်ရွက်ခဲ့တာပါ။ အိုင်းဆက်စ်တွေက နိုင်ငံခြားသားတွေအပါအဝင် လစ်ဗျားပြည်သူတွေကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ပါတယ်။ လစ်ဗျားနိုင်ငံဆိုတာ အီရတ်နဲ့ ဆီးရီးယားလို သဲကန္တာရထဲက နိုင်ငံမဟုတ်ပါဘူး။ ဥရောပတိုက်ရဲ့ တံခါးဝမှာရှိတဲ့ နိုင်ငံပါ။ သဘောက အိုင်းဆက်စ်တွေက ဥရောပတိုက်ကိုပါ ဦးတည်ရည်ရွယ်ခြိမ်းခြောက်နေတာပါ။ ၂၀၁၁ ခုနှစ် လစ်ဗျားနိုင်ငံကျူးကျော်မှုနဲ့ပတ်သက်ပြီး ဒေါ်နယ်လ်ထရန့်က သမ္မတအိုဘားမားကိုရော နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကိုပါ ဝေဖန်ခဲ့တာပါ။ ဒီနောက်ခံအနေအထားကြောင့် လစ်ဗျားနိုင်ငံရဲ့ အရှေ့ပိုင်းတစ်ခုလုံးကို ထိန်းချုပ်ထားတဲ့ ဖီးမာရှယ်ခါလီဖာဟက်(ဖ)တာက သမ္မတသစ် ဒေါ်နယ်လ်ထရန့်ကို ကြိုဆိုခဲ့တာက အံ့သြစရာမဟုတ်တော့ပါဘူး။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာကာလမှာ လစ်ဗျားစစ်တပ်က အိုင်းဆက်စ်တွေလက်ထဲကနေ ဆာတီး (Sirte) မြို့ကို ပြန်သိမ်းနိုင်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံရဲ့ အကူအညီနဲ့ လစ်ဗျားစစ်တပ်က အခုလိုပြန်သိမ်းနိုင်ခဲ့တာပါ။ လစ်ဗျားစစ်တပ်က ဒီလို မြို့သိမ်းအောင်ပွဲတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်မရမချင်း ဘယ်လိုရှုထောင့်ကပဲကြည့်ကြည့် လစ်ဗျားနိုင်ငံဟာ အစည်းပြေနေတဲ့ ဖရိုဖရဲကသောင်းကနင်းအခြေအနေမှာပဲ ရှိနေမှာပါ။ ပြည်သူ့လွတ်လပ်ခွင့်အတွက် အာဏာရှင်ကဒါဖီကို လက်နက်ကိုင်ဆန့်ကျင်ခဲ့တဲ့ လူထုတော်လှန်ရေးဟာ သူတစ်လူငါတစ်မင်း စစ်ဘုရင်တွေကြီးစိုးပြီး အစွန်းရောက်အကြမ်းဖက်သမားတွေ ခေါင်းထောင်အားကောင်းတဲ့ အခြေအနေမျိုးမှာရောက်ရှိနေတာကတော့ သမိုင်းရဲ့ လှောင်ပြောင်လှည့်စားချက်လို့ ပြောရမလိုဖြစ်နေပါတယ်။ ဒီသမိုင်းရဲ့ လှောင်ပြောင်လှည့်စားချက်တွေကို ဖြစ်စေတဲ့ အကြောင်းအရင်းတွေကိုတော့ အသေအချာလေ့လာသုံးသပ်ကြရမှာပါ။ ။



# အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်းသည့် မြန်မာဘာသာပြန် ဝေါဟာရ(၂)ရပ်

## ဒေါက်တာမြင့်ဇံ

စာပေဗိမာန်ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲကို မေ ၂၉၊ ၃၀ နှင့် မေ ၁ ရက်တို့မှာ ကျင်းပဖို့စီစဉ်ထားတယ်လို့ သိရပါတယ်။

ဘာသာပြန်စာတမ်းဖတ်ပွဲ မပြုလုပ်မီတစ်လခန့် အတွင်းမှာပဲ အပြည်ပြည်ဆိုင်ရာဥပဒေ (International Law) နှင့်စပ်လျဉ်း၊ ဆက်စပ်ဟန်ရှိပြီး အင်္ဂလိပ်ဘာသာစကားမှ မြန်မာဘာသာစကားသို့ ပြန်ဆိုထားတဲ့ (သို့မဟုတ်) ဆီလျော်အောင်အသုံးပြုထားတယ်လို့ ယူဆဖွယ်ရှိပြီး လောလောလတ်လတ် သတင်းများအတွင်းမှာ ပေါ်ပေါက်နေတဲ့ စကားရပ်နှစ်ရပ်အကြောင်းကို တင်ပြလိုပါတယ်။

၁။ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းမှ 'နိုင်ငံရဲ့ ပိုင်ဆိုင်မှု' အသုံးအနှုန်းနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေရှိ Self-determination အယူအဆ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်မှာ ပြောကြားသည့်မိန့်ခွန်းထဲက စာပိုဒ်တစ်ပိုဒ်က-

> ဒီလိုပြည်သူနဲ့အတူ လျှောက်သွားချင်တဲ့အခါမှာ အခုခေတ်ပေါ့နော်။ အဲဒါ နိုင်ငံရဲ့ ပိုင်ဆိုင်မှုပေါ့။ ပြောချင်တာက **နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ကိုယ့်ရဲ့ ကိစ္စတွေ၊ ကိုယ့်ရဲ့ ပြဿနာတွေ၊ ကိုယ့်ရဲ့တိုးတက်မှုတွေအတွက်ကို ကိုယ့်ဘာသာကိုယ် တာဝန်ယူပိုင်ခွင့် ရှိရမယ်။ လုပ်ပိုင်ခွင့်ရှိရမယ်။ ပိုင်ဆိုင်မှုပေါ့။** ဒါပေမယ့် ပိုင်ဆိုင်မှုဆိုတာကလည်း တစ်ချိန်တည်းမှာပဲ တာဝန်ယူမှုလို့လည်း ပြောလို့ရပါတယ်။
> (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်း ကြေးမုံသတင်းစာ ၃၁ မတ် ၂၀၁၇ စာမျက်နှာ (၇)။ စာလုံးမည်းဖြင့် ဖော်ပြထားမှုမှာ စာရေးသူ၏ဖော်ပြချက် ဖြစ်ပါတယ်။)

အထက်ပါစာပိုဒ်ကို ၁ ဧပြီ ၂၀၁၇ The Global New Light of Myanmar သတင်းစာ စာမျက် နှာ(၈) မှာ အင်္ဂလိပ်ဘာသာပြန်ထားတာက

> In commencing on this journey together, I would like to introduce a well-known term "ownership by the country". Every country must take ownership and be accountable for its own affairs, solving problems and issues, and development i.e right to take actions and assume ownership. Ownership, at the same time demotes [sic denotes; သတိ demotes မဟုတ် denotes ဖြစ်ရပါမယ်။ ပုံနှိပ်အမှား]
> ('State Counsellor Daw Aung San Suu Kyi's Speech on the Occasion of the One Year Anniversary of the Government', 1 April 2017, page 8)

The Global New Light of Myanmar အင်္ဂလိပ်ဘာသာပြန်မှာ နိုင်ငံတော်၏အတိုင်ပင်ခံမိန့်ခွန်း 'နိုင်ငံတကာမှာသုံးနေတဲ့ ဝေါဟာရတစ်ခုပေါ့' ကို 'well-known term' လို့ ဘာသာပြန်ထားပါတယ်။ အပြည်ပြည်ဆိုင်ရာဥပဒေ လေ့လာသူတစ်ဦးအနေနှင့် သုံးသပ်၊ မှတ်ချက်ချခွင့်ရလျှင် 'well-known term' ထက် 'a term used internationally' လို့ ဘာသာပြန်လျှင် ပိုမိုဆီလျော်၊ သင့်တော်ပေလိမ့်မယ် ထင်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ခွန်းပါ 'နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ကိုယ့်ရဲ့ကိစ္စတွေ၊ ကိုယ့်ရဲ့ပြဿနာတွေ၊ ကိုယ့်ရဲ့တိုးတက်မှုတွေအတွက် တာဝန်ယူပိုင်ခွင့်ရှိရမယ်။ လုပ်ပိုင်ခွင့်ရှိရမယ်' ဆိုတဲ့စကားစု သို့မဟုတ် အသုံးအနှုန်းနှင့်စပ်လျဉ်းပြီး စဉ်းစားမိတာက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေ International Human Rights Law ရဲ့ သော့ချက်အယူအဆတစ်ရပ်ဖြစ်တဲ့ 'the right of self-determination' ပါပဲ။ ယခုဆောင်းပါးရေးနေချိန်အထိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံက အတည်ပြု၊ ပါဝင်ခြင်းမရှိသေးတဲ့၊ သက်ဆိုင်ရာစာရွက်စာတမ်းများကို ကုလသမဂ္ဂသို့ တရားဝင်အပ်နှံခြင်း မပြုသေးတဲ့ International Covenant on Civil and Political Rights, ICCPR ('ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်' ဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က ဘာသာပြန်ထားပါတယ်)နှင့် International Covenant on Economic, Social and Cultural Rights (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်) စာချုပ်နှစ်ခုစလုံးမှာ ပါဝင်တဲ့တစ်ခုတည်းသော ဘုံပုဒ်မ (common Article) က

All peoples have the right of self-determination. By virtue of that right they freely determine their political status and freely pursue their economic, social and cultural development.

လို့ ကြေညာပြဋ္ဌာန်းထားပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာ (၁)နိုင်ငံတကာမှာ သုံးနေတယ်ဆိုတဲ့ ပြောကြားချက်နှင့် (၂)'ကိုယ့်ရဲ့တိုးတက်မှုတွေအတွက် ကိုယ့်ဘာသာကိုယ်တာဝန်ယူနိုင်ခွင့်ရှိရမယ်' ဆိုတဲ့ အသုံးအနှုန်းက ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးရှိ လူထုအားလုံး peoples (ဗဟုအသုံးအနှုန်း)နှင့် ဆက်စပ်စဉ်းစားမိတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမှာရော နိုင်ငံတကာ နိုင်ငံရေးအဝန်းအဝိုင်း (political milieu) မှာပါ အရေးကြီးတဲ့ အယူအဆတစ်ရပ်လည်းဖြစ်၊ 'လက်သုံးစကား' (oft-repeated phrase)လည်းဖြစ်တဲ့ the right of self-determination ကို ရည်ညွှန်းသုံးစွဲတယ်လို့ အသေအချာဆိုလိုခြင်းမဟုတ်ပါ။ သို့သော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပါ အထက်မှာကောက်နုတ်ဖော်ပြထားတဲ့ စာသားတွေကို ဖတ်ရှုပြီးတဲ့အခါမှာ ကုလသမဂ္ဂရဲ့လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်နှစ်ရပ်စလုံးပါ တစ်ခုတည်းသော ဘုံပုဒ်မ 'All peoples have the right of self-determination' ဆိုတဲ့စာပိုဒ်ကိုတော့ ဆက်စပ်တွေးတောမိပါတယ်။ အင်္ဂလိပ်ဘာသာစကားနှင့်ရေးထားတာက Peoples ပါ။ Peoples ဟာ အများသို့မဟုတ် ဗဟုသဘောဆောင်ပါတယ်။ ဒီတော့ peoples ကို s မပါဘဲရေးတဲ့ 'people' ကို ဘာသာပြန်သလို 'ပြည်သူ' သို့မဟုတ် 'လူထု' လို့ ဘာသာပြန်ဆိုခဲ့လျှင် Peoples ဆိုတဲ့ စကားလုံးကို ထိရောက်ပီပြင်စွာ ဖော်ပြတဲ့ ဘာသာပြန်ဆိုမှုတော့ မဟုတ်ဘူးထင်ပါတယ်။

ဒီတော့အထက်အင်္ဂလိပ်စာပိုဒ်ကို ဘာသာပြန်ကြည့်ရလျှင်-

> ကမ္ဘာ့ဒေသတစ်ဝန်းရှိ **ပြည်သူလူထုအများ**သည် မိမိတို့၏ 'ကြမ္မာ'ကို မိမိတို့ဘာသာ လွတ်လပ်စွာ လုပ်ဆောင်ဖန်တီးနိုင်ခွင့်ရှိသည်။ ယင်းအခွင့်အရေးနှင့် စပ်ဆက်အခြေခံ၍ မိမိတို့၏ နိုင်ငံရေးအဆင့် အခြေအနေတို့ကို မိမိတို့ စိတ်ကြိုက် ရွေးချယ်ဆုံးဖြတ်နိုင်ခွင့်၊ ယင်းကမ္ဘာ့အရပ်ရပ်ဒေသရှိ ပြည်သူလူထုအပေါင်းတို့သည် မိမိတို့၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာတို့ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လွတ်လပ်စွာရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

လို့ ဘာသာပြန်ဆိုနိုင်ပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ကမ္ဘာ့အရပ်ရပ်ရှိ ပြည်သူလူထုများအားလုံးမှာရှိတယ်လို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်နှစ်ရပ်ရဲ့ သော့ချက်ပုဒ်မပါ self-determination အယူအဆကို ကိုးကားရည်ညွှန်းခဲ့သလား၊ မရည်ညွှန်းခဲ့သလားဆိုတာကိုတော့ ဆောင်းပါးရှင် အသေအချာမသိပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သုံးစွဲခဲ့တဲ့ 'နိုင်ငံတော်၏ ပိုင်ဆိုင်မှု'ဆိုတဲ့ စကားရပ်နှင့် အပြည်ပြည်ဆိုင်ရာဥပဒေပါ self-determination အယူအဆကို ဆက်စပ်တင်ပြခြင်းသာ ဖြစ်ပါတယ်။

၂။ **'လူမျိုးစု လူမျိုးပြုတ်ပြုန်းသတ်ဖြတ်မှု'နှင့် Genocide**

ဘီဘီစီသတင်းထောက် Fergal Keane က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို လူတွေ့မေးမြန်းခဲ့ရာမှာ Fergal Keane အပြည်ပြည်ဆိုင်ရာဥပဒေစကားအဖြစ် တစ်စိတ်တစ်ဒေသအားဖြင့်တော့ သတ်မှတ်နိုင်တဲ့ ethnic cleansing ဆိုတဲ့ စာပုဒ် သို့မဟုတ် စကားရပ်ကို မြန်မာဘာသာပြန်ဆိုတဲ့ အသုံးအနှုန်းတစ်ရပ်နှင့်ပတ်သက်ပြီး အနည်းငယ်တင်ပြလိုပါတယ်။

၂၀၁၇ ခုနှစ် ဧပြီ ၇ ရက်မှာ နိုင်ငံပိုင်သတင်းစာများဖြစ်ကြတဲ့ **ကြေးမုံ** နှင့် **မြန်မာ့အလင်း**သတင်းစာများမှာ Fergal Keane စတင်ပြောကြားခဲ့တဲ့ ethnic cleansing ကို 'လူမျိုးစု မျိုးသုဉ်းသတ်ဖြတ်မှု' သို့မဟုတ် 'လူမျိုးသုဉ်းသုတ်သင်ရှင်းလင်းမှု' လို့ ဘာသာပြန်ထားတာကို တွေ့ရပါတယ်။ (**ကြေးမုံ**သတင်းစာ ၇ ဧပြီ ၂၀၁၇ စာမျက်နှာ ၅)

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေမှာ ethnic cleansing နှင့် genocide ဆိုတဲ့ အသုံးအနှုန်းနှစ်ရပ်မှာ အပြည်ပြည်ဆိုင်ရာဥပဒေအရ သဘောသဘာဝကွဲပြားတဲ့အသုံးအနှုန်းများဖြစ်ပါတယ်။ ဆောင်းပါးရေးနေချိန်မှာ စာတမ်းအကိုးအကား ရှာလို့မရတဲ့အတွက် တိကျတဲ့အကိုးအကားကို မရည်ညွှန်းနိုင်ပေမယ့် 'genocide'ဆိုတဲ့ အသုံးအနှုန်းကိုလည်း 'လူမျိုးပြုတ်ပြုန်းအောင် သတ်ဖြတ်မှု'နှင့် 'လူမျိုးစုမျိုးသုဉ်းသတ်ဖြတ်မှု'လို့ မြန်မာဘာသာ ပြန်ဆိုမှုများလည်း ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၄၇ နိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုထားတဲ့ ၁၉၄၈ United Nations Convention on the Prevention and Punishment of the Crime of Genocide အရ genocide ဟာ လူမျိုး(race)များ၊ လူမျိုးစု(ethnic or ethnical) များ၊ နိုင်ငံသူ နိုင်ငံသားများ (national) များနှင့် ဘာသာရေး/သာသနာဆိုင်ရာ (religious) အစုအဖွဲ့များ(groups)တို့ကို အပြည့်အဝအားဖြင့် ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအားဖြင့် ဖြစ်စေ (in whole or in part) ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် (with intention) သတ်ဖြတ်မှုများ (killing members of the group)၊ ယင်းအစုအဖွဲ့တို့ကို ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဒဏ်ချက်နှင့်အန္တရာယ်တို့ဖြစ်အောင် လုပ်ဆောင်မှု (causing serious bodily or mental harm to members of the group)၊ ယင်းအစုအဖွဲ့များကို အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း ပျက်စီးစေရန် တွက်ဆကြံစည်၍ ရည်ရွယ်ချက်ဖြင့် ယင်းအဖွဲ့အစည်းများ ဘဝမရပ်တည်နိုင်လောက်သည့် အခြေအနေများကို ဖြစ်ပေါ်စေမှု (deliberately in inflicting on the group conditions of life calculated to bring about its physical destruction in whole or in part) ယင်းအစုအဖွဲ့များအတွင်း ကလေးမွေးဖွားမှု၊ သားဖွားမှုများ **မပေါ်ပေါက်စေရန်** ရည်ရွယ်၍လုပ်ကိုင်ဆောင်ရွက်မှု (imposing measures intended to prevent births within the group)၊ အစုအဖွဲ့အတွင်းမှ ကလေးသူငယ်များကို အခြားအစုအဖွဲ့တစ်ခုသို့ အင်အားအသုံးပြု၍ အတင်းအကျပ်လုပ်ဆောင်မှုတို့ကို Genocide လို့ အဓိပ္ပာယ်သတ်မှတ်လို့ ၁၉၄၈ ခုနှစ်၊ Genocide ကွန်ဗင်းရှင်းပုဒ်မ-၂ မှာ ပြဋ္ဌာန်းထားပါတယ်။ (ကုလသမဂ္ဂ ဝက်ဘ်ဆိုက် website https://treaties:un.org/pages/View/Details SRC=tnD&mtorsg no.iov1 မှသက်ဆိုင်ရာ အချက်အလက်များကို ရယူပါတယ်။ ၁၉၅၆ ခုနှစ် မတ် ၁၄ ရက်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ယင်းကွန်ဗင်းရှင်းကို အတည်ပြုလက်ခံထားပါတယ်။)

ဒီတော့ genocide ကို **'လူမျိုး ပြုတ်ပြုန်းအောင် သတ်ဖြတ်မှု'**လို့ ဘာသာပြန်ဆိုလျှင် ၁၉၄၈ ခုနှစ် Genocide ကွန်ဗင်းရှင်းပုဒ်မ-၂ ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အတိအကျ မကိုက်ညီပေဘူး။ အတိအကျသာ မကယေဘုယျအားဖြင့်ပင်လျှင် မပြည့်စုံဘူးလို့ ဆိုနိုင်ပါတယ်။

ဒီလိုရေးရခြင်းအကြောင်းက-

(၁) Genocide ကွန်ဗင်းရှင်းပါ 'အစုအဖွဲ့' (လူမျိုး၊ လူမျိုးစု၊ နိုင်ငံသူ၊ နိုင်ငံသား၊ ဘာသာရေးအစုအဖွဲ့များကိုသာ ဦးတည်ပြီး ယင်းအစုအဖွဲ့များတစ်ရပ်လုံး (သို့မဟုတ်) တစ်စုလုံးကို အပြည့်အဝသော် လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း တမင်တကာ ရည်ရွယ်၍လုပ်ဆောင်မှုများသည်သာ ကွန်ဗင်းရှင်း (Convention အပြည်ပြည်ဆိုင်ရာစာချုပ်)မှာ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ genocide 'မည်' ပေတယ်။

(၂) ဒီအပြင်မှာလည်း အထက်ဖော်ပြပါအဖွဲ့များ **(လူမျိုး၊ လူမျိုးစု၊ နိုင်ငံသား၊ ဘာသာရေးအဖွဲ့များ) မှအပ အခြားအဖွဲ့များ ဥပမာနိုင်ငံရေးအစုအဖွဲ့များ (political groups)နှင့် ယဉ်ကျေးမှုဆိုင်ရာ အစုအဖွဲ့များ (cultural groups)တို့ကို ပျက်ပြုန်းအောင် လုပ်ဆောင်ခဲ့မှုများဟာ Genocide ကွန်ဗင်းရှင်းပါ အခြားအဓိပ္ပာယ်သတ်မှတ်ချက်တို့နှင့် ဘယ်လိုပဲကိုက်ညီနေစေကာမူ နိုင်ငံရေးအစုအဖွဲ့များ၊ ယဉ်ကျေးမှုဆိုင်ရာအစုအဖွဲ့များကို အပြည့်အဝ (သို့မဟုတ်) တစ်စိတ်တစ်ဒေသပင်လျှင် ပြုတ်ပြုန်းအောင် သတ်ဖြတ်မှုများရှိခဲ့လျှင်ပင် ကွန်ဗင်းရှင်းပါ genocide အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီတဲ့အတွက် အပြည်ပြည်ဆိုင်ရာဥပဒေအရတော့ genocide လို့ မသတ်မှတ်နိုင်ပါဘူး။**

(၃) 'အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု' (mass killings) တိုင်းဟာလည်း ကွန်ဗင်းရှင်းပါ genocide အဓိပ္ပာယ်သတ်မှတ်မှုပါ အချက်အလက် အားလုံးနှင့် အကျုံးမဝင်လျှင် genocide မဟုတ်ပါ။ ကွန်ဗင်းရှင်းပါ သတ်မှတ်ချက်အားလုံးနှင့်ညီတဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများသည်သာ genocide မည်ပါတယ်။

(၄) အခြားတစ်ဖက်မှာလည်း သတ်ဖြတ်မှုများ လုံးဝမပါဝင်ဘဲ ဖော်ပြပါအစုအဖွဲ့များကိုသာ ဖျက်ဆီး၊ ပျက်သုဉ်းစေရန် ရည်ရွယ်ချက်ဖြင့် (က)ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြင်းစွာသောအနာတရ ဖြစ်စေမှုများ၊ (ခ)အစုအဖွဲ့များကို ပျက်စီးစေရန် လုပ်ဆောင်မှုများ၊ (ဂ)အစုအဖွဲ့အတွင်း ကလေးမွေးဖွားမှုများ မပေါ်ပေါက်စေရန်ဆောင်ရွက်မှုများ၊ (ဃ)အစုအဖွဲ့တစ်ခုမှ ကလေးသူငယ်တို့ကို အခြားအစုအဖွဲ့တစ်ခုသို့ အင်အားသုံး၍၊ အတင်းအကျပ်ရွှေ့ပြောင်းစေခဲ့လျှင် **သတ်ဖြတ်မှုများ မပြုလုပ်ခဲ့စေကာမူ ကွန်ဗင်းရှင်းပါ အခြားသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် (ဒီအချက်ကိုတော့ အမြဲထည့်သွင်း၊ သတိမူဖို့လိုပါတယ်) ကွန်ဗင်းရှင်းအဓိပ္ပာယ်အရ genocide မည်ပါတယ်။**

ဒီတော့ genocide ဆိုတဲ့ စကားရပ်ကို အပြည်ပြည်ဆိုင်ရာဥပဒေကြောင်းအရ အဓိပ္ပာယ်ဖွင့်ဆိုရလျှင် 'လူမျိုးပြုတ်ပြုန်းအောင် သတ်ဖြတ်မှု' ဟာ မပြည့်စုံ မမှန်ကန်ပါဘူး။ ဘာကြောင့်လဲဆိုတော့ (၁)genocide ရဲ့ ဦးတည်တဲ့အစုအဖွဲ့များဟာ လူမျိုး(racial)၊ လူမျိုးစု (ethnical, ethnic)တွင်သာမကလို့ပါပဲ။ ဒီတော့ လူမျိုးပြုတ်ပြုန်းဆိုတဲ့ စကားစုဟာ လျော့နည်းပြီးဘာသာပြန်မှု (under inclusive translation) ဖြစ်နေပါတယ်။ ထို့နည်းအတူပဲ 'သတ်ဖြတ်မှု' ဆိုတဲ့ ဘာသာပြန်အပိုဒ်ဟာလည်း လျော့နည်းတဲ့ဘာသာပြန်မှု ဖြစ်နေပါတယ်။ 'သတ်ဖြတ်မှု' တစ်စုံတစ်ရာမျှမရှိဘဲ (ကွန်ဗင်းရှင်းပါ အခြားသတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် genocide ဖြစ်နိုင်လို့ပါ။)

Genocide ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ။ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတိုင်းဟာ genocide မဟုတ်ပါ။ တစ်ခါ လူမျိုးပြုတ်ပြုန်းစေရန် သတ်ဖြတ်မှုများသာမက လုပ်ဆောင်မှုများကို ပြုလုပ်ခဲ့လျှင်လည်း genocide ဖြစ်နိုင်ပါတယ်။ 'လူမျိုး' ဆိုတဲ့ စကားရပ်ဟာ (race, ethnicity)တို့နှင့်သာ အဓိကကျကျအကျုံးဝင်လို့ ဒီစကားစုဟာလည်း တိကျတဲ့ဘာသာပြန်မှု မဟုတ်ပါ။ ဒီလိုဆိုလျှင် '၁၉၄၈ ခုနှစ် ဂျီနိုဆိုက် (Genocide) ကွန်ဗင်းရှင်းအရ သတ်မှတ်ထားသော အစုအဖွဲ့များကို တစ်စိတ်တစ်ဒေသအားဖြင့် ဖြစ်စေ၊ လုံးလုံးလျားလျား ဖြစ်စေ ပျက်သုဉ်းသွားရန် လုပ်ဆောင်မှုများ' လို သော့ချက်အယူအဆတချို့ကိုသာ ထည့်သွင်းပြီး အဓိပ္ပာယ်ဖွင့်ဆိုလျှင်တော့ အတော့်ကိုရှည်လျားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှု ဖြစ်နေပေလိမ့်မယ်။

မြန်မာဘာသာ၊ မြန်မာစကားမှာ နိုင်ငံခြားစကားလုံးများဖြစ်ကြတဲ့ အင်္ဂလိပ်၊ ပါဠိ၊ ဟင်ဒီမှစသည်တို့ကို ဘာသာမပြန်ဘဲ အသံဖလှယ်က အသုံးပြုခဲ့တဲ့ 'မွေးစားစကားရပ်အတော်အသင့် ရှိပါတယ်။ ဥပမာ-မော်တော်ကား၊ ကွန်ပျူတာ၊ ဆိုင်ကယ်၊ ဆော့ဖ်ဝဲ. . . . ဒုက္ခ၊ သုခ၊ ယတြာ၊ သင်္ကြန်. . . . . အီကြာကွေး. . . . လံဘား' (ထက်ခေါင် 'အနုပညာ ဂုဏ်ဝင့်ပါလော' ကြေးမုံ ၁၁ ဧပြီ ၂၀၁၇ စာမျက်နှာ ၆)

ဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေတို့မှာလည်း တချို့သော အင်္ဂလိပ်စကားလုံး၊ လက်တင် (Latin) ဘာသာစကားမှလာသော အင်္ဂလိပ်စကားတချို့ကိုလည်း တိကျမှုမရှိတဲ့၊ အနည်းဆုံးတော့ အဓိပ္ပာယ်မပြည့်စုံတဲ့

**စာမျက်နှာ ၇ သို့ ○**

# သီပေါမြို့နယ်တွင် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်

**သီပေါ မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် ပြည်တွင်း ပြည်ပဧည့်သည်များ သွားရောက် လည်ပတ်ကြသည့် ချောင်းဆုံနှင့် သီပေါမြို့အထွက် ဒုဋ္ဌဝတီမြစ်ကူးတံတားကြီးအနီးတွင် ဒုတိယအကြိမ် အမှိုက်ကောက်လုပ်ငန်းကို သီပေါမြို့ နယ်စည်းမခြားပရဟိတအသင်း၊ အကျိုးဆောင်လူငယ်၊ ဈေးရပ်လူငယ်၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လားရှိုးမြို့မှ ပေးသောလက်ပရဟိတလူငယ်များပူးပေါင်း၍ မေ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ ပူးပေါင်းအမှိုက်ကောက်အဖွဲ့သည် သီပေါမြို့မှ စက်လှေများဖြင့် ထွက်ခွာပြီး ဒုဋ္ဌဝတီမြစ်အစဖြစ်သည့် နမ့်တူချောင်းနှင့် နမ့်မချောင်းဆုံရာနေရာတို့၌ အမှိုက်များကို စတင်ကောက်ယူ ရှင်းလင်းခဲ့ကြသည်။ ဆက်လက်၍ သီပေါ-လားရှိုးသွား ဒုဋ္ဌဝတီမြစ်ကူးတံတားကြီး၏ ပတ်ဝန်းကျင်ရှိအမှိုက်များကို ကောက်ယူရှင်းလင်းခဲ့ကြသည်။

"ပြည်တွင်း ပြည်ပက မပြတ်လာရောက်လည်ပတ်နေကြတဲ့ ဒုဋ္ဌဝတီမြစ်အစ ချောင်းဆုံဒေသလှပသာယာရေးနဲ့ သီပေါမြို့ရဲ့ အဓိက ဒုဋ္ဌဝတီမြစ်သန့်ရှင်းသာယာလှပရေးတို့အတွက် ရည်ရွယ်ပြီး အခုလို စိတ်တူကိုယ်တူ ပရဟိတလူငယ်မောင်မယ် ၈၀ ခန့် ပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်" ဟု နယ်စည်းမခြား ပရဟိတအသင်းခေါင်းဆောင် ကိုမျိုးက ပြောကြားသည်။

**(သီပေါကိုလတ်)**

# ရန်ကင်းမြို့နယ်၌ ခြင်ဆေးခွေမီးထွန်းရာမှ မီးလောင်မှုဖြစ်ပွား



**ရန်ကုန် မေ ၂၃**

ရန်ကင်းမြို့နယ်၌ မေ ၂၃ ရက် နံနက်အစောပိုင်းက ခြင်ဆေးခွေမီးထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် နံနက် ၂ နာရီက ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် အဝေရာလမ်းရှိ ခြံဝင်းအတွင်း၌ ရှိသော ဦးတင်ဝင်းလှိုင်၏ ဂိုဒေါင်အတွင်း တူရိယာပစ္စည်းများအတွက်အသုံးပြုသည့် ကတ်ထူများထားရှိရာနေရာ၌ ခြင်ဆေးခွေမီးထွန်းရာမှ ခြင်ဆေးခွေလဲကျ၍ ကတ်ထူများသို့ ကူးစက်ပြီး စတင်လောင်ကျွမ်းခဲ့ရာ မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် လေးစီးအပါအဝင် အခြားမြို့နယ်များမှ မီးငြှိမ်းသတ်ယာဉ် စုစုပေါင်း ၂၃ စီး၊ အထောက်အကူပြုယာဉ် ၁၀ စီး၊ ကွပ်ကဲမှုယာဉ် စုစုပေါင်း ခြောက်စီးဖြင့် နံနက် ၃ နာရီ ၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် တန်ဖိုး ငွေကျပ် ၉၈ သိန်းဆုံးရှုံးခဲ့ပြီး အိမ်စောင့် ဒေါ်ဖြူ (၅၂)နှစ်အား ရန်ကင်းမြို့မရဲစခန်းက (ပ) ၁၆၀/ ၂၀၁၇/ ပုဒ်မ-၂၈၅ ဖြင့် အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**စိုးဝင်း(MLA)**

■

# သာပေါင်းမြို့နယ်အတွင်း တောဆင်ရိုင်းသတ်ဖြတ်မှုကြောင့် လယ်သမားတစ်ဦး သေဆုံး

**ပုသိမ် မေ ၂၃**

ပုသိမ်ခရိုင် သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ဆင်ကူးကုန်းကျေးရွာအနောက်ဘက် ငါးဖာလုံခန့်အကွာ တောလမ်းအတွင်း၌ မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲခန့်က လယ်သမားတစ်ဦး တောဆင်ရိုင်းနှစ်ကောင်က နင်းခြေသတ်ဖြတ်ခံရမှုကြောင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆင်ကူးကုန်းကျေးရွာနေ ဦးသန်းဝင်းသည် မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ၎င်း၏သားများဖြစ်ကြသော မောင်ဂါမင်းနှင့် မောင်ဆန်းညွန့်ဝင်းတို့နှင့်အတူ လယ်ထဲသို့တောလမ်းအတိုင်းသွားကြရာ တောဆင်ရိုင်း နှစ်ကောင်တွေ့သဖြင့် ခြောက်လှန့်မောင်းနှင်ထုတ်စဉ် တောဆင်ရိုင်းနှစ်ကောင်က ၎င်းတို့အား လိုက်လံနင်းခြေသဖြင့် ထွက်ပြေးကြသော်လည်း ဖခင် ဦးသန်းဝင်းမှာရှောင်ပြေးမလွတ်ဘဲ ဆင်နှစ်ကောင် နင်းခြေခံရပြီး သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မေ ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သာပေါင်းမြို့နယ်ဆေးရုံသို့ပို့ဆောင်၍ သာပေါင်းမြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

# ပခုက္ကူတံတားအနီးတွင် ပုဂံမင်းသား ခရီးသည်တင်ယာဉ်တစ်စီး အင်ဂျင်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ညောင်ဦး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ညောင်ဦး-မြင်းခြံသွားလမ်း ပခုက္ကူတံတားအနီး မိုင်တိုင်အမှတ် (၁၃)နေရာတွင် မေ ၂၂ ရက် ညနေ ၆ နာရီခန့်က ယာဉ်မောင်း ကျော်သူရမောင်းနှင်လာသော ယာဉ်အမှတ် 6C/----- ပုဂံမင်းသားခရီးသည်တင်ယာဉ်မှာ အင်ဂျင်စက်အပူလွန်ကဲရာမှတစ်ဆင့် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ ပခုက္ကူခရိုင်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီးတို့က ဒေသခံများနှင့်ပူးပေါင်း၍ ငြှိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၃၅ မိနစ်တွင် မီးငြှိမ်းသွားခဲ့ကြောင်း၊ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်သူရအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စာအုပ်စာပေ လူ့မိတ်ဆွေ

○ စာမျက်နှာ ၆ မှ

အင်္ဂလိပ်စကား သို့မဟုတ် အခြားနိုင်ငံခြားစကားမူရင်းကို အသံဖလှယ်ပြီး ကနဦးမွေးစားစကား (inchoate adopted phrase)အဖြစ် အသုံးပြုသင့်တဲ့ အနည်းငယ်သော ဥပဒေစကားလုံး သို့မဟုတ် အသုံးအနှုန်းများ ရှိပါတယ်။ အဲဒီအထဲမှာ 'ဂျီနိုဆိုက်ဒ်' genocide ကို ထည့်သင့်ပေမလားပဲ။

**၃။ 'လူမျိုးစုမျိုးသုဉ်းသတ်ဖြတ်မှု' နှင့် ethnic cleansing**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံမေးမြန်းခန်းမှာ ဘီဘီစီ သတင်းထောက် Fergal Keane အသုံးပြုခဲ့တဲ့ ethnic cleansing ကို ဘာသာပြန်ရာမှာ genocide ဆိုတဲ့ စကားလုံးကို ဘာသာပြန်တာနှင့် ထပ်တူထပ်မျှနီးပါးဖြစ်တဲ့ စကားရပ်ကိုအသုံးပြုခဲ့လို့ 'လူမျိုးသုဉ်း/လူမျိုးစုသုဉ်း/ မျိုးသုဉ်းသတ်ဖြတ်မှု' ဆိုတဲ့ ဘာသာပြန်ဆိုမှုဟာ genocide ဆိုတဲ့ စကားရပ်ကို အသုံးပြုခဲ့တာနှင့် စပ်လျဉ်းပြီး အထက်မှာရေးခဲ့ပြီးပါပြီ။ Genocide ကို ထိုကဲ့သို့ဘာသာပြန်ဆိုမှုဟာ တိကျ၊ တိပတဲ့ဘာသာပြန်ဆိုမှု မဟုတ်ကြောင်းကိုလည်း ရှင်းပြခဲ့ပါတယ်။

Genocide နှင့် ethnic cleansing ရဲ့အဓိပ္ပာယ် သဘောသဘာဝဟာလည်း မတူပါဘူး။ ဒီအတွက်ကြောင့် ကွဲပြားတဲ့ ဥပဒေအသုံးအနှုန်းများအနေနှင့် တည်ရှိနေတာ၊ ကွဲပြားသောအဓိပ္ပာယ်နှင့် ကွဲပြားစွာ အသုံးပြုနေတာဖြစ်တယ်။

Ethnic cleansing ရဲ့ အင်္ဂလိပ်ဘာသာစကားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုက-

'Ethnic cleansing' has been defined as the attempt to get rid of (through deportation, displacement or even mass klling) members of an unwanted ethnic group in order to establish an ethnically homogenous geographic area.

**အကြမ်းဖျင်းဘာသာပြန်ရမယ်ဆိုလျှင်**

> Ethnic cleansing အဓိပ္ပာယ်ဖွင့်ရာမှာ [ဒေသတစ်ခုအတွင်းရှိ] မလိုလားအပ်တဲ့ လူမျိုးစုတို့ကို မိမိတို့နေထိုင်ရာ ဒေသများမှ အခြားတစ်နေရာသို့ အတင်းအကျပ်ပို့ဆောင်ခြင်း၊ အခြားလူမျိုးစုများနှင့် အစားထိုးပစ်ခြင်း၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းများပင်လျှင် ပါဝင်တဲ့ပြုမူဆောင်ရွက်ခြင်းတို့ဖြစ်တယ်။ ဒီဆောင်ရွက်မှုများမှာ ပထဝီဒေသတစ်နေရာမှာ တစ်မျိုးတည်းသော ('မျိုးတူ')လူမျိုးစုများသာ နေထိုင်ဖို့ရည်ရွယ်ချက်နဲ့ လုပ်ဆောင်မှုတို့ဖြစ်တယ်။

ဒါ့ကြောင့် ethnic cleansing ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ 'လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းမှု' ဆိုတဲ့ ဘာသာပြန်စကားရပ်ဟာ ကျဉ်းမြောင်းတဲ့ ဘာသာပြန်မှုဖြစ်နေပါတယ်။ လူမျိုးသုဉ်းသုတ်သင်မှ ethnic cleansing မဟုတ်ပါဘူး။ 'သုတ်သင်' ဆိုတဲ့စကားရပ်နှင့် 'သတ်ဖြတ်'ဆိုတဲ့စကားရပ်ဟာ အနက်အဓိပ္ပာယ် အတော်နွှယ်ပေမယ့် တစ်သဘောတည်း မဟုတ်ပါ။ သို့သော်လည်းပဲ 'သုတ်သင်'ဆိုတဲ့ စကားစုရဲ့ အဓိကမဟုတ်လျှင်ပင် တစ်စုံတစ်ခုတည်းသော အတိုင်းအတာအထိတော့ 'သတ်ဖြတ်' ဆိုတဲ့သဘောနဲ့ လုပ်ရပ်များလည်း ပါဝင်နေပါတယ်။ 'မသုတ်သင်' ဘဲနှင့် တစ်ဒေသမှ တခြားတစ်ဒေသသို့ အတင်းအကျပ်ရွှေ့ပြောင်းပြီး လူမျိုးတစ်စုကို တခြားလူမျိုးတစ်စုနှင့် အစားထိုး 'ပစ်' တဲ့ လုပ်ရပ်များကို လုပ်ဆောင်ခြင်းဟာလည်း ethnic cleansing လို့ သတ်မှတ်နိုင်ပါတယ်။ ဒီတော့ ethnic cleansing ကို အဓိပ္ပာယ်မယိုယွင်းစေဘဲ ဘယ်လိုဘာသာပြန်မလဲ။ 'မလိုလားတဲ့လူမျိုးစု (ethnic group) တစ်စုကို ဒေသတစ်ရပ်အတွင်းမှ 'သန့်စင်၊ ရှင်းပစ်ခြင်း' ဆိုတာ အနည်းငယ်ရှည်ပေမယ့် 'လူမျိုးသုဉ်း သုတ်သင်ရှင်းလင်းမှု' ဆိုတဲ့ သဘောလွဲသွားနိုင်တဲ့ ဘာသာပြန်မှုထက်တော့ ပိုသင့်တော်ဖွယ်ရာရှိပါတယ်။

ဒီတော့ (၁)genocide ကို အပြည်ပြည်ဆိုင်ရာဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်မှ သိပ်မသွေဖည်စေဘဲ ဘယ်လို အဓိပ္ပာယ်ဖွင့်မလဲ။ အကြမ်းဖျင်းအားဖြင့်

> လူမျိုးအစုအဖွဲ့၊ လူမျိုးစု အစုအဖွဲ့၊ နိုင်ငံသား အစုအဖွဲ့၊ ဘာသာ သာသနာ အစုအဖွဲ့တို့ကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပျက်သုဉ်းသွားစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုများ

ဆိုတဲ့ ပြန်ဆိုမှုမှာ အနည်းငယ်ရှည်နေပေမယ့် 'လူမျိုးပြုတ်သုဉ်းအောင် သတ်ဖြတ်မှုများ'ထက် အပြည်ပြည်ဆိုင်ရာဥပဒေရဲ့ ဆိုလိုရင်းနှင့် ပိုမို 'နီးကပ်'တဲ့ ဘာသာပြန်ဆိုမှုလို့ ထင်ပါတယ်။

ဒါကိုသိပ်ရှည်နေတယ် ထင်သေးလျှင်တော့ 'ဂျီနိုဆိုက်ဒ်' genocide ဆိုပြီး အသံဖလှယ်တာဟာလည်း သင့်တော်ပါတယ်။ အထက်မှာဖော်ပြထားတဲ့ အင်္ဂလိပ်စကားမှသော်လည်းကောင်း၊ အခြားဘာသာစကားရပ်များမှသော်လည်းကောင်း၊ အသံဖလှယ်တဲ့ သာဓကများအပြင် တချို့သောမီဒီယာတို့က 'လူကြိုက်များ'ဆိုတဲ့ မြန်မာစကားရပ်အစား 'ပေါ်ပြူလာ'ဆိုတဲ့ အင်္ဂလိပ်စကားမှ အသံဖလှယ်ပြီး အသုံးပြုခဲ့တာတို့ကို ၂၀၀၅ ခုနှစ်လောက်ကတည်းက တွေ့ခဲ့ဖူးပါတယ်။

ထိုစဉ်တုန်းက ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဥပဒေဌာနမှာ ဥပဒေဘာသာရပ်ခွဲတစ်ခုဖြစ်တဲ့ 'ဥပဒေချင်း ပဋိပက္ခဖြစ်မှု' (Conflict of Laws) ဘာသာရပ်မှာ Renvoi ဆိုတဲ့ ဥပဒေအသုံးအနှုန်းတစ်ခုကို မြန်မာဘာသာစကားဖြင့်ပင် အသုံးဖလှယ်မရေးတော့ဘဲ Renvoi လို့သာ အသုံးပြုကာ စာမေးပွဲမေးခွန်းများမှာပင်လျှင် Renvoi ဆိုတဲ့ရောမအက္ခရာ (Roman letter) နှင့်သာ သင်ပြ၊ အသုံးပြုခဲ့ကြောင်း ပြန်ပြောင်းတင်ပြလိုပါတယ်။

ဒီတော့ သတင်းများ၊ ဆောင်းပါးများမှာ အစကနဦးအားဖြင့် 'လူမျိုးအစုအဖွဲ့၊ လူမျိုးစု အစုအဖွဲ့၊ နိုင်ငံသားအစုအဖွဲ့၊ ဘာသာ သာသနာအစုအဖွဲ့တို့ကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ပျက်သုဉ်းသွားစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုများ (ဂျီနိုဆိုက်ဒ် genocide)' လို့ ဖော်ပြပြီး နောက်ပိုင်းမှာတော့ ဂျီနိုဆိုက်ဒ်လို့ ဖော်ပြလျှင် လက်ခံနားလည်ဖွယ်ရာရှိမယ်လို့ ထင်ပါတယ်။

Ethnic cleansing ကနဦးအနေနှင့် အသုံးပြုရာမှာ 'ဒေသတစ်ခုအတွင်း မလိုလားအပ်သော လူမျိုးစုတစ်စု သို့မဟုတ် လူမျိုးစုများကို သန့်စင်ခြင်း' လို့သုံးပြီး နောက်ပိုင်းရည်ညွှန်းချက်များမှာ 'ethnic cleansing' လို့ရေးခဲ့လျှင် ယင်းသို့အသုံးပြုမှုဟာလည်း ယေဘုယျအားဖြင့် မှန်ကန်မှုရှိပြီး နားလည်နိုင်ဖွယ်၊ လက်ခံလာနိုင်ဖွယ်ရှိမယ်ထင်ပါတယ်။ ။

**ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲကို ကြိုဆိုလျက်**

❐

# သဘာဝဘေး တုံ့ပြန်မှုအဆင်သင့်ဖြစ်ရေး ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်သူနှင့် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၂၃**
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဖျာပုံခရိုင် ဘိုကလေးမြို့နှင့် ဖျာပုံမြို့နယ် ကျုံကန်ကျေးရွာတို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် သဘာဝဘေး ရင်ဆိုင်တုံ့ပြန်ရန် အဆင်သင့်ဖြစ်စေရေး ရပ်ကွက်ကျေးရွာရှိ ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရှင်များ၏ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာ့နိုင်ငံ ၁၇၁ နိုင်ငံတွင် သဘာဝဘေးဖြစ်ပွားမှု၌ မြန်မာနိုင်ငံသည် ဖြစ်ပွားမှုအများဆုံးအလိုက် အဆင့်(၄၂)တွင်ရှိပြီး သဘာဝဘေးရင်ဆိုင်တုံ့ပြန်ရန် အဆင်သင့်ဖြစ်မှုတွင် အဆင့်သင့်မဖြစ်ခြင်း အဆင့်(၁၅)တွင်ရှိပါကြောင်း၊ ယေဘုယျအားဖြင့်ဆိုရသော် သဘာဝဘေးဖြစ်ပွားမှုများပြားပြီး ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်မှု လိုအပ်နေသည်မှာ ထင်ရှားပါကြောင်း၊ ယင်းအခြေအနေများသည် နိုင်ငံတစ်နိုင်ငံ၏ လမ်း၊ တံတား၊ အဆောက်အအုံများ ကြံ့ခိုင်မှုအခြေအနေ၊ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း၊ ပို့ဆောင်မှု၊ လုံခြုံမှုမရှိခြင်းနှင့် ဆက်သွယ်ရေးစနစ် လိုအပ်မှုများ၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုမလုံလောက်ခြင်း စသည့်အချက်များပေါ်တွင် မူတည်သည်ကို လေ့လာတွေ့ရှိရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သဘာဝဘေးကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်ရေး ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့သစ်အနေဖြင့် အဓိကကျသော လမ်း၊ တံတား ကြံ့ခိုင်ရေး၊ ပို့ဆောင်မှုများ ကောင်းမွန်ရေး၊ ဆက်သွယ်မှုများ တိုးတက်ရေးနှင့် လျှပ်စစ်စွမ်းအင် ပိုမိုအသုံးချနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုအပိုင်းကို အဓိကထား ဆောင်ရွက်လျက်ရှိရာ လိုအပ်သောနေရာတိုင်းတွင် လုံခြုံစိတ်ချရသော အရေးပေါ် ခိုလှုံရာဘက်စုံသုံး အဆောက်အအုံများကို ဖြည့်ဆည်းတည်ဆောက်နိုင်ရေး၊ အလျင်အမြန် ထိရောက်သော တုံ့ပြန်မှုပြုနိုင်ရန် ဘေးအန္တရာယ်ပူးပေါင်းကူညီရေးတပ်ဖွဲ့ကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဖွဲ့စည်းပြီး တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပူးပေါင်းကာ သဘာဝဘေးတုံ့ပြန်ရန် အဆင်သင့်ဖြစ်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ထိုကဲ့သို့ အဆင်သင့်ဖြစ်ရေး အကောင်အထည်ဖော်ရာတွင် ပြည်သူ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ပြည်သူနှင့်အတူ ပြည်သူ၏ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ပြည်သူများ၏တင်ပြချက်များဖြစ်သော ဘိုကလေးမြို့နယ် ညောင်ပိတ်ကျေးရွာတွင် Cyclone Shelter တစ်လုံးဆောက်လုပ်ရန် ငွေကျပ် ၁၂၉၅ ဒသမ ၈ သိန်း၊ သောက်သုံးရေခက်ခဲသော ချောင်းပြဲကြီးကျေးရွာတွင် အဝီစိတွင်းတစ်တွင်း တူးဖော်ရန် ငွေကျပ် ၂၅ သိန်း၊



ဖျာပုံမြို့နယ် လက်ပံအုပ်စု မယ်လေးရိုးကျေးရွာနှင့် ဘဝသစ်အုပ်စု ကံကြီးဘလေးကုန်းကျေးရွာတွင် မြေသားသောက်ရေကန် နှစ်ကန် တူးဖော်ရန် ငွေကျပ် သိန်း ၅၀၊ ဇင်းဘောင်အုပ်စု ကျုံကန်ရွာတွင် ကျောင်းသားများ သွားလာမှုလွယ်ကူစေရေး ကွန်ကရစ်လမ်းခင်းရန် ငွေကျပ် ၁၂ သိန်း၊ ဂေါ်ဒူကျေးရွာတွင် School Cum Shelter တစ်လုံးဆောက်လုပ်ရန် ငွေကျပ် ၁၂၉၅ ဒသမ ၈ သိန်း၊ လက်ပံအုပ်စု ကျုံကန်ရွာတွင် မြေသားသောက်ရေကန် တူးဖော်ရန်နှင့် ခြံစည်းရိုးကာရံရန် ငွေကျပ် ၇၂ သိန်း၊ ဒေးဒရဲမြို့နယ် နေရောင်ကာကျေးရွာတွင် မြေသားသောက်ရေကန် တူးဖော်ရန်နှင့် ခြံစည်းရိုးကာရံရန် ငွေကျပ် ၇၂ သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဖျာပုံမြို့ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ အဘိုးအဘွား ၃၁ ဦးအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အဝတ်အထည်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပေကျင်းမြို့သို့ရောက်ရှိနေသော မြန်မာနိုင်ငံမှ မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ်များအား ကစားစရာအရုပ်များ လှူဒါန်း

**ပေကျင်း ဧပြီ ၂၃**
မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Anzhen ဆေးရုံကြီး၌ နှလုံးရောဂါခွဲစိတ်ကုသရန် ရောက်ရှိနေသော မြန်မာနိုင်ငံမှ မွေးရာပါနှလုံးရောဂါဝေဒနာရှင် ကလေးငယ်များအား ပေကျင်းမြို့၌ ပညာသင်ကြားနေကြသော မြန်မာပညာတော်သင် ကျောင်းသား ကျောင်းသူများက ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက Fujian Hotel ၌ ကလေးကစားစရာအရုပ်များ လာရောက် ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။



အဆိုပါ ကျောင်းသား ကျောင်းသူများသည် ပေကျင်းမြို့ရှိ Beihang University(Beijing University of Aeronautics and Astronautics-BUAA)၊ Minzu University of China(Beijing)နှင့် Beijing Language and Culture University(BLCU)မှ ဆရာနှင့် ကျောင်းသား ကျောင်းသူများ ဖြစ်သည်။

"ကျွန်တော်တို့ မြန်မာပြည်က ဝေဒနာရှင်ကလေးတွေ မရောက်ခင်မှာ China Charity Federation အဖွဲ့က အကူအညီပေးဖို့ ဆက်သွယ်လာတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကျောင်းတွေစုပေါင်းပြီး စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ပေးတာပါ။ ကိုယ့်နိုင်ငံသားကလေးငယ်တွေဖြစ်တဲ့အတွက် ကလေးငယ်တွေ ပျော်ရွှင် စိတ်ရွှင်လန်းစေဖို့အတွက် အခုလို ကူညီပေးနေတာပါ"ဟု Minzu University of China (Beijing)မှ ကျောင်းသား ကိုထိုက်လွင်ကိုက ပြောသည်။

ယူနန်ပြည်နယ် အခြေစိုက် မင်္ဂလာမင်္ဂဇင်းတိုက် မြန်မာပြည်ရုံးခွဲတာဝန်ခံ မြန်မာမင်္ဂလာမီဒီယာ ယဉ်ကျေးမှုနှင့်အနုပညာအဖွဲ့(ယာယီ)မှ Meng Fen(ခေါ်)ဒေါ်ကြည်လင်း၊ Beihang University(Beijing University of Aeronautics and Astronautics-BUAA)၌ Ph.D တက်ရောက်နေသော ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကထိက ဦးအောင်လွင်နှင့် ကျောင်းသား ကျောင်းသူများသည် ကလေးငယ်များအား တစ်ဦးချင်း ကစားစရာအရုပ်များ ပေးအပ်သည်။

အဆိုပါ မြန်မာပညာတော်သင် ဆရာနှင့် ကျောင်းသား ကျောင်းသူ ၃၀ ကျော်ခန့်သည် မြန်မာကလေးငယ်များ ပေကျင်းမြို့သို့ စတင်ရောက်ရှိချိန်မှစတင်၍ အုပ်စုများခွဲ၍ ဘာသာစကားအခက်အခဲများကို ကူညီဆောင်ရွက်ပေးခြင်း၊ လေ့လာရေးခရီးစဉ်များတွင် ကူညီဆောင်ရွက်ပေးခြင်း၊ ဆေးကုသမှုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေသည့်အပြင် ကလေးငယ်များ ကျန်းမာပျော်ရွှင်စေရန်အတွက် ကလေးငယ်များနှင့်အတူ ပျော်ရွှင်စွာ ဆော့ကစားပေးခြင်းများကို ဆောင်ရွက်ပေးနေကြသည်။

အဆိုပါ မွေးရာပါ မြန်မာနှလုံးရောဂါဝေဒနာရှင် ကလေးများ၏ ခွဲစိတ်ကုသမှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေးစစ်ဆေးမှုများကို ဧပြီ ၂၀ ရက်နှင့် ဧပြီ ၂၄ ရက်တို့တွင် ဆောင်ရွက်ပေးနေပြီး မကြာမီ ခွဲစိတ်ကုသမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- သိန်းထွင်**

# မန္တလေးတိုင်းဒေသကြီးတွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများ အောင်ချက်မြင့်မား

**မန္တလေး ဧပြီ ၂၃**
မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် သူငယ်တန်းမှ နဝမတန်းအထိ အတန်းကူးပြောင်းမှု



စာရင်းများကို ဧပြီ ၂၃ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ရာ ခရိုင်အလိုက်စစ်ဆေးသည့် စတုတ္ထတန်းနှင့် တိုင်းဒေသကြီးအလိုက် စစ်ဆေးခဲ့သည့် အဋ္ဌမတန်းစာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ ယမန်နှစ်ထက် ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် စာရင်းများအရ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် စတုတ္ထတန်းဖြေဆိုသူ ၁၀၃၇၈၃ ဦးရှိသည့်အနက် အောင်မြင်သူ ၉၆၀၂၇ ဦးရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၅၃ သာရှိခဲ့ရာမှ ယခုပညာသင်နှစ်တွင် ဖြေဆိုသူ ၁၁၆၄၄၁ ဦးအနက် အောင်မြင်သူ ၁၁၆၄၄၀ ဦးရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၉၉၉ ရှိခဲ့သည်။

ထို့ပြင် ယမန်နှစ် အဋ္ဌမတန်းဖြေဆိုသူ ၇၆၃၁၅ ဦးအနက် အောင်မြင်သူ ၆၂၃၂၂ ဦးရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၈၁ ဒသမ ၆၆ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခုနှစ်တွင် ဖြေဆိုသူ ၈၁၅၈၇ ဦးရှိပြီး အောင်မြင်သူ ၈၁၅၅၆ ဦးနှင့် အောင်ချက်ရာခိုင်နှုန်းမှာ ၉၉ ဒသမ ၉၆ ရှိခဲ့ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံး၏ ထုတ်ပြန်ချက်များအရ သိရသည်။

"ဒီနှစ်က ဖြေဆိုသူဦးရေပိုမိုများပြားသလို အောင်ချက်လည်း ကောင်းပါတယ်။ မနှစ်က ကုစားစနစ်ရှိတဲ့အတွက် ကျရင်ပြန်ဖြေခွင့်ရပေမယ့် ဒီနှစ်မှာတော့ ကုစားစနစ်မရှိပါဘူး။ တကယ်ကြိုးစားပြီး အရည်အချင်းရှိမှသာလျှင် A,B,C အဆင့်နဲ့ အောင်မြင်မှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောသည်။

အတန်းကူးပြောင်းမှုစာရင်း လာရောက်ကြည့်ရှုသည့် မိဘတစ်ဦးကလည်း "ဒီနှစ်ကုစားမရှိဘူးလို့ ကြားထားတော့ ကလေးအတွက် စိတ်ပူမိတယ်။ ဒါပေမဲ့ လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်သွားတဲ့အတွက် စိတ်အေးရပါတယ်။ ကလေးတွေအားလုံးနီးပါးလည်း အောင်မြင်ကြတဲ့အတွက် မိဘတွေကိုယ်စား ပျော်ရွှင်မိပါတယ်"ဟု ၎င်းကပြောသည်။

ယနေ့ထုတ်ပြန်သော အတန်းကူးပြောင်းမှုစာရင်းများအရ အောင်ချက်ရာခိုင်နှုန်းမြင့်မားသည့်အပြင် အဆင့် A ဖြင့် အောင်မြင်သူများပြားသည့်အတွက် အတန်းကူးပြောင်းမှုစာရင်းလာရောက်ကြည့်ရှုသူ ကျောင်းသား ကျောင်းသူများသာမက မိဘများပါ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ဆည်နှင့်ရေ ရေနှင့်တော
သည်ဆည်တွေ ရှေ့ရေကိန်းဖို့
ထိန်းရှာတဲ့တော

# ရွှေဘိုဆန်စပါးဈေးကွက် မိုးစပါးပေါ်ဆန်းမွှေးဈေးနှုန်း မြင့်တက်လာ

**ရွှေဘို ဧပြီ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသ၌ သကြင်္န်ကာလပြီးနောက် ဆန်စပါးဈေးကွက်တွင် မိုးစပါးပေါ်ဆန်းမွှေး (ဆန်နု) ဈေးနှုန်း ငွေကျပ်တစ်သိန်းခန့် မြင့်တက်လာကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါ ရွှေဘိုဒေသ၌ သင်္ကြန်ကာလမတိုင်ခင် ဧပြီလ ဒုတိယပတ် ဆန်စပါးဈေးကွက်တွင် မိုးစပါးဈေးနှုန်းမှာ စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၀ သိန်းဝန်းကျင်ရှိခဲ့ရာမှ ဧပြီလစတုတ္ထပတ်တွင် ငွေကျပ် ၁၁ သိန်းခန့်ထိ မြင့်တက်လာမှုကြောင့် ကျပ်တစ်သိန်း ပိုမိုလာသည်။



ထို့အတူ ဆန်ကြမ်းဖြစ်သော မိုးစပါးနှင့် နွေလက်ကျန်ဖြစ်သည့် ဒေသအခေါ် ရွှေဆည်ရင်၊ ရွှေဝါထွန်း စသည့်သက်ငယ်၊ သက်လတ်စပါးမျိုးများ၏ ဈေးနှုန်းသည် ငွေကျပ် ၅ သိန်းကျော် ရှိခဲ့ရာမှ ငွေကျပ် ၆ သိန်းကျော်အထိ စပါးအရည်အသွေးနှင့် ဆက်သွယ်ရေးလမ်းအခြေအနေအလိုက် ဈေးနှုန်းမြင့်တက်လာသည်။

ဧပြီ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပေါ်ဆန်း(နယ်စုံ)- တစ်တင်းခွဲလျှင် ငွေကျပ် ၂၉၀၀၀ မှ ၄၅၀၀၀ ရှိခဲ့ရာမှ ဧပြီ ၂၀ ရက် (ကြာသပတေးနေ့) တွင် ပေါ်ဆန်းမွှေး (နယ်စုံ၊ ဖျာပုံ၊ ပုသိမ်၊မြောင်းမြ၊ရွှေဘို) တစ်အိတ်လျှင် ၂၈၀၀၀ မှ ၄၇၀၀၀ ကျပ်အထိ ဆန်ဈေးက တစ်အိတ်ကို ၂၀၀၀ ကျပ် တက်လာကြောင်း စိုက်ပျိုးရေး သီးနှံဈေးကွက်သတင်း (AMIA)မှ သိရသည်။

"စပါးဈေး မြင့်တက်လာတာ ဟုတ်ပါတယ်။ ကျွန်တော်တောင် လွန်ခဲ့တဲ့ ၅ ရက်လောက်က ကျပ် ၁၀၂၀၀၀၀နဲ့ ရောင်းခဲ့တာ ကျပ် ၈၀၀၀၀ လောက် ရှုံးသွားပါတယ်။ အခု ကျပ် ၁၀၀၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာရှိ လယ်သမား ဦးမျိုးလင်းက ပြောသည်။ **(ရောင်နီတင်ဝင်း)**

# ပန်းချီဆရာကြီး ဦးအမ်တင်အေး ကွယ်လွန်ခြင်း (၁၉) နှစ်ပြည့် အမှတ်တရပြပွဲပြုလုပ်မည်

**ရန်ကုန် ဧပြီ ၂၃**
ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းအုပ်ကြီး(ငြိမ်း)၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) နာယက၊ ပန်းချီဆရာကြီး ဦးအမ်တင်အေး ကွယ်လွန်ခြင်း (၁၉)နှစ်ပြည့် အမှတ်တရ ပန်းချီပြပွဲနှင့် အထိမ်းအမှတ် စာအုပ်ထုတ်ဝေမည်ဖြစ်ကြောင်း သိရသည်။

ဆရာကြီး ဦးအမ်တင်အေး ကွယ်လွန်ခြင်း(၁၉)နှစ်ပြည့် အမှတ်တရ ပန်းချီပြပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ နှင်းဆီမြိုင်ပန်းချီပြခန်း၌ ပြုလုပ်မည်ဖြစ်ပြီး အကြိုညှိနှိုင်းအစည်းအဝေးကို နှင်းဆီမြိုင်ပန်းချီပြခန်း၌ ယနေ့ကျင်းပရာ ရန်ပုံငွေရှာဖွေရေးကော်မတီ၊ ဆရာကြီး ဦးအမ်တင်အေး အမှတ်တရ စာအုပ်ဖြစ်မြောက်ရေးကော်မတီ၊ ဆရာကြီး၏ ပန်းချီကား၊ ဓာတ်ပုံဒီဇိုင်းနှင့် ဆရာကြီးနှင့် ပတ်သက်သော စာမူစုဆောင်းရေးကော်မတီတို့ကို ဖွဲ့စည်းခဲ့ကြသည်။

ရန်ပုံငွေရှာဖွေရေးကော်မတီကို ပန်းချီ ဦးလှတင်ထွန်း၊ ပန်းချီ ဦးစောလှိုင်(ဘဏ္ဍာရေးမှူး)၊ ပန်းချီ ဦးကြည်ဝင်း(ရန်ကင်း)၊ ပန်းချီ ဦးမောင်မောင်သိမ်း(ပုသိမ်)၊ ပန်းချီစိုးမိုးတို့ဖြင့်လည်းကောင်း၊ ဆရာကြီး ဦးအမ်တင်အေး အမှတ်တရ စာအုပ်ဖြစ်မြောက်ရေးကော်မတီကို ပန်းချီ ဦးလှတင်ထွန်း၊ ပန်းချီ စိုးမိုး၊ ပန်းချီ လှထွဏ်းအောင် (လျှပ်တစ်ပြက် သတင်းဂျာနယ်)၊ ပန်းချီ ဝင်းသော်တို့ဖြင့်လည်းကောင်း၊ ပန်းချီကား၊ ဓာတ်ပုံဒီဇိုင်းနှင့် စာမူစုဆောင်းရေးကော်မတီကို ပန်းချီ ဦးမြတ်ထွန်းအောင်၊ ပန်းချီ ဝင်းမြင့်မိုး၊ ပန်းချီ မွန်သက်၊ ပန်းချီ သန်းဝင်းထွန်း၊ ပန်းချီ ကိုကျော်လွင်(MRTV ) တို့ဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့သည်။

ဆရာကြီး ဦးအမ်တင်အေး၏ ပန်းချီဒီဇိုင်းနှင့် စာမူကိစ္စများကို ပန်းချီ မြတ်ထွန်းအောင် (ဖုန်း ၀၉- ၇၉၅၇၆၆၆၀၈)၊ ပန်းချီ ဝင်းမြင့်မိုး (ဖုန်း ၀၉- ၅၁၇၂၄၃၈)၊ ပန်းချီ မွန်သက် (ဖုန်း ၀၉- ၅၁၇၃၈၆၅)၊ ပန်းချီ သန်းဝင်းထွန်း (ဖုန်း ၀၉- ၄၂၁၀၉၂၈၄၁)၊ ပန်းချီ ကိုကျော်လွင် (MRTV) (ဖုန်း ၀၉- ၃၁၄၈၁၂၀၉) တို့ထံ ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဧည့်လမ်းညွှန်အခြေခံနှင့်မွမ်းမံသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် ဧပြီ ၂၃**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း၌ ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းအမှတ်စဉ် (၅၄) နှင့် လိုင်စင်ပျက်ပြယ်သွားသော ဧည့်လမ်းညွှန်များအတွက် မွမ်းမံသင်တန်း အမှတ်စဉ် (၈) ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ် (၅၄) ကို ဇွန် ၁၂ ရက်မှ ဩဂုတ် ၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများကို ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ သင်တန်းကျောင်းတည်ရှိရာ အမှတ် (၄၅၈/၄၆၀)၊ မဟာဗန္ဓုလလမ်းနှင့် (၃၁) လမ်းထောင့် ရသာကွန်ဒို (ဒုတိယထပ်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ ဟိုတယ်သင်တန်းကျောင်း၌ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ အသက် (၁၈) နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူနှင့် အထက်၊ ကျန်းမာရေး ကောင်းမွန်သန်စွမ်းပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူ၊ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ ရုရှား၊ စပိန်၊ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ ထိုင်း ဘာသာစကားတစ်ခုခု ကျွမ်းကျင်ပြီးသူများ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။ သင်တန်းသို့ လျှောက်ထားသူ၏ ပညာအရည်အချင်း မိတ္တူနှင့်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူနှင့် မူရင်း၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊ လိုင်စင်ဓာတ်ပုံ သုံးပုံတို့ကို ယူဆောင်လာရမည်ဟု သိရသည်။

ယင်းအပြင် လိုင်စင်ပျက်ပြယ်သွားသော ဧည့်လမ်းညွှန်များအတွက် လိုင်စင်ပျက်ပြယ် ဧည့်လမ်းညွှန်မွမ်းမံသင်တန်းအမှတ်စဉ် (၈)ကို မေ ၁၅ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဝင်ခွင့် လျှောက်လွှာများကို မေ ၂ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ အမှတ် (၄၀/၄၂) ဗိုလ်ဆွန်ပက်လမ်း (အောက်ဘလောက်) ပန်းဘဲတန်းမြို့နယ်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွင် တင်သွင်းနိုင်ပြီး ဧည့်လမ်းညွှန် လိုင်စင်အဟောင်းမိတ္တူ၊ ဓာတ်ပုံ သုံးပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူတို့ကို သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်သည်။ အဆိုပါသင်တန်းမှာ သင်တန်းကာလ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး သင်တန်းအောင်မြင်သူများအား ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့် လိုင်စင် ပြန်လည်ထုတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အထက်ပါသင်တန်းများအနက် ယခုဖွင့်လှစ်မည့် ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းတွင် အင်္ဂလိပ်ဘာသာ ဧည့်လမ်းညွှန်များအပြင် အခြားသော ဘာသာဧည့်လမ်းညွှန်များ ပိုမိုဝင်ရောက်ဖြေဆိုနိုင်ရေးအတွက် စီစဉ်ထားကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၄၀၄၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။ **(၀၀၁)**

❑

**○ ကျောဖုံးမှ**
ပထမတန်းကလပ်အသင်းများဖြစ်သော စီးတီးရန်ကုန်၊ မြဝတီ၊ မဟာယူနိုက်တက်၊ ဖီးနစ်၊ ဖုန်ဂန်၊ တက္ကသိုလ်၊ မောရဝတီ၊ စီးတီးစတား၊ ဒဂုံနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သန်လျင်ယူနိုက်တက်အသင်းသည် လစာကြွေးကျန်ပြဿနာများကြောင့် လိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံခဲ့ခြင်းဖြစ်သည်။ လူငယ်ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရန် ပထမတန်းပြိုင်ပွဲ၌ ယှဉ်ပြိုင်နေသည့် ဖီးနစ်အသင်းမှာလည်း ရှုံးထွက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ၂၀၁၅ ရာသီမှစ၍ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲကို ဧရာဝတီအသင်းက ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၅ သုံးရာသီဆက်တိုက် ဗိုလ်စွဲကာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိပြီး ၂၀၁၀ ပြိုင်ပွဲတွင် ဉဿာယူနိုက်တက်(ယခု ဟံသာဝတီ)၊ ၂၀၁၁ ပြိုင်ပွဲတွင် ရန်ကုန်၊ ၂၀၁၆ ပြိုင်ပွဲတွင် မကွေးအသင်းတို့က ဗိုလ်စွဲထားသည်။ ရှုံးထွက်ပြိုင်ပွဲကို၂၀၁၃ ခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် ခုနစ်ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် လက်ရှိတွင် ပရော်ဖက်ရှင်နယ်အဆင့်ပြိုင်ပွဲအဖြစ် ပြိုင်ပွဲနှစ်ခုကျင်းပလျက်ရှိပြီး အမှတ်ပေးပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ **(ရှိုင်းထက်ဇော်)**

# မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းရုံးခန်းဖွင့်

**ရန်ကုန် ဧပြီ ၂၃**
မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းရုံးခန်းကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့်သုမင်္ဂလာလမ်းထောင့်၌ ဧပြီ ၂၃ ရက်နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌဦးတင်မောင်က "မြန်မာနိုင်ငံအဆင့် အိမ်ခြံမြေအခွန်ကိစ္စရပ်များ၊ မြေယာကိစ္စရပ်များ၊အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနဲ့စပ်လျဉ်းတဲ့ဥပဒေကိစ္စရပ်တွေ ပြုစုဆောင်ရွက်ဖို့အတွက်ကို မြန်မာနိုင်ငံအတွက် ကိုယ်စားပြုသီးခြားအဖွဲ့အစည်းမရှိတဲ့အတွက်ဒီအသင်းကိုတည်ထောင်တာပါ။ ပြီးတော့ မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်အစိုးရကိုတတ်နိုင်သမျှအကြံပြုရန် ၊နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်တွေကိုပူးပေါင်းဆောင်ရွက်ရန်နဲ့ ပြုပြင်စရာအချက်တွေကိုတင်ပြဖို့အတွက်အသင်းကိုဖွဲ့စည်းတာပါ။ လက်ရှိလည်းအိမ်ခြံမြေဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ဥပဒေဖြစ်လာဖို့အတွက် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ ခုဆို မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းရှိလာပြီဆိုတော့ အသင်းသားတွေအတွက်အိမ်ခြံမြေအသိပညာပေးလုပ်ငန်းများ၊ ပြည်သူတွေသိသင့်သိထိုက်တဲ့အိမ်ခြံမြေသိကောင်းစရာဟောပြောပွဲတွေကို ပြုလုပ်သွားမှာပါ"ဟုပြောသည်။

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင်ဦးတင်မောင်ဦးက "မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဟာ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေပေါ်ထွက်ဖို့ကို အထောက်အကူပေးမယ့်အသင်း တစ်သင်းဖြစ်ပါတယ်။ နိုင်ငံတော်တော်များများမှာအိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေဆိုတာရှိပါတယ်။ ဒါပေမယ့် ပုံစံချင်းမတူပါဘူး။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ အနီးစပ်ဆုံးဖြစ်တဲ့ ဗီယက်နမ်နိုင်ငံရဲ့အိမ်ခြံမြေလုပ်ငန်းဆိုင်ရာများ၊ အိမ်ခြံမြေဥပဒေရေးသားထားပုံများကို လက်တွေ့သွားရောက်လေ့လာမယ်။ ပြီးရင်ကိုယ့်နိုင်ငံနဲ့ ကိုက်ညီ၊မကိုက်ညီဆိုတာ လေ့လာပြီးအတွေ့အကြုံရှိတဲ့သူများနဲ့အကြိမ်ကြိမ်တိုင်ပင်ဆွေးနွေးပြီး ဒီဥပဒေထွက်ပေါ်လာဖို့အတွက်လုပ်ဆောင်သွားမှာပါ။ တိုင်းပြည်အတွက် အခွန်ဝင်ငွေလည်းတိုးလာမှာမို့ဒီဥပဒေဟာ ပြည်သူများအတွက်ကောင်းမွန်တဲ့ဥပဒေဖြစ်လာပါလိမ့်မယ်" ဟု ရှင်းပြခဲ့သည်။

ဧပြီ ၂၃ ရက်နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းရုံးခန်းဖွင့်ပွဲကို ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်၊ ဒု-ဥက္ကဋ္ဌများဖြစ်ကြသောဦးစိုင်းခွန်နောင်နှင့် ဦးအောင်ထွန်းတို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး အသင်းကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုမှ ဗဟိုအလုပ်အမှုဆောင် ၂၃ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊အဆိုပါ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း၌ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့်မန္တလေးတိုင်းဒေသကြီးအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှအသင်းသား အသင်းသူများအချိုးကျပါဝင်ပြီး လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၌အသင်းဝင်လူဦးရေ ၁၃၀၀ နီးပါးရှိနေကြောင်းနှင့် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းအားပြီးခဲ့သည့် မတ် ၂၀ ရက်က အသင်းမှတ်ပုံတင်ထားပြီးဖြစ်ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# သီရိဥတ္တမတောင်တော် လေးကျွန်းဆီမီးအောင်တော်မူစေတီတော်နှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံပြီးစီးမှု အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ

**တီးတိန် ဧပြီ ၂၃**

ချင်းပြည်နယ် တီးတိန်မြို့နယ် သီရိဥတ္တမတောင်တော် လေးကျွန်းဆီမီးအောင်တော်မူစေတီတော်နှင့် သာသနိကအဆောက်အအုံများသည် လေဒဏ်၊ မိုးဒဏ်တို့ကြောင့် ဟောင်းနွမ်းပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံပြီး စေတီတော် အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီတွင် စေတီတော်ပရိဝုဏ်အတွင်း၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ကလေးမြို့ ကံသာယာဗဟိုသာသနာပြုဆရာတော် ဘဒ္ဒန္တဇဝန(ဘဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ပင့်သံဃာတော် ၁၂ ပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ကံသာယာဗဟိုသာသနာပြုဆရာတော် ဘဒ္ဒန္တဇဝန(အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကလေးမြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ၊ အဂ္ဂမဟာအကျော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာသန္တာရုံကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌထံမှ ရေစက်ချအနုမောဒနာတရားနာကြားခဲ့ကြသည်။

အခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြို့နယ်အခြေပြုမူလတန်းကျောင်းအဆင့် ဆရာအတတ်သင်ပညာသင်တန်း သီပေါ၌ ဖွင့်လှစ်

**သီပေါ ဧပြီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အခြေပြုမူလတန်းအဆင့်ဆရာအတတ်သင်ပညာသင်တန်း အမှတ်စဉ် (၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းက ဘက်စုံထူးချွန်သောနိုင်ငံသားကောင်းရတနာများ ပေါ်ထွန်းလာစေရန် အခြေခံကျသော မူလတန်းပညာရေးအတွက် အရေးကြီးသည့် မူလတန်းအခြေပြုဆရာအတတ်သင်ပညာသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား ဆရာ ဆရာမများအနေဖြင့် သင်တန်းအစမှ ပြီးဆုံးသည်အထိ တာဝန်တစ်ရပ်အဖြစ်ခံယူကာ မပျက်မကွက်တက်ရောက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် သင်တန်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ သင်တန်းမှူး ဆင်ကျော့အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်နွဲ့က သင်တန်းစည်းမျဉ်း၊ စည်းကမ်းများ၊ ကဏ္ဍအလိုက်ဖွဲ့စည်းဆောင်ရွက်ထားသည့် လုပ်ငန်းဆပ်ကော်မတီများကို ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းသို့ ဆရာ ဆရာမ ၁၇၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




ယာဉ်ရပ်နားခများကောက်ခံမည့် လမ်းခုနစ်လမ်းအနက်မှ ဗိုလ်ချုပ်လမ်းမကို တွေ့ရစဉ်။

# မုံရွာမြို့၏ အဓိကလမ်းမကြီးခုနစ်ခုတွင် ဇရိယာသတ်မှတ်ပြီးယာဉ်ရပ်နားခများကောက်ခံမည်

**မုံရွာ ဧပြီ ၂၃**

မုံရွာမြို့ပေါ်လမ်းမကြီးများတွင် ယာဉ်ကြောရှုပ်ထွေးမှု လျော့နည်းစေရန်အတွက် အဓိကလမ်းမကြီး ခုနစ်ခုကို ဇရိယာသတ်မှတ်ပြီး ယာဉ်ရပ်နားခများ ကောက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယာဉ်ရပ်နားခအဖြစ်ကောက်ခံမည့် လမ်းများတွင် ထော်လာဂျီ(အကြီး၊ အလတ်၊ အသေး)၊ ဆိုက်တွဲ (သုံးဘီး)၊ လူစီးယာဉ်ငယ်၊ ကုန်တင်ယာဉ်(အသေး)နှင့် ခရီးသည်တင်ကား(အသေး)တို့ကို ငွေကျပ် ၂၀၀ နှုန်းဖြင့် လည်းကောင်း၊ ခရီးသည်တင်ကား(အလတ်)၊ ကုန်တင်ယာဉ်(အလတ်)နှင့် မှန်လုံကား၊ ဒိုင်နာ၊ လိုက်ထရပ်ယာဉ်များကို ငွေကျပ် ၃၀၀ နှုန်းဖြင့်လည်းကောင်း၊ ခရီးသည်တင်ယာဉ်အကြီးနှင့် ကုန်တင်ယာဉ်(အကြီး)တို့ကို ငွေကျပ် ၅၀၀ နှုန်းဖြင့်လည်းကောင်း ယာဉ်ရပ်နားခအဖြစ် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"ကမ်းနားလမ်း၊ ကျောက်ကာလမ်းမကြီးနဲ့လမ်းသွယ်လေးတွေမှာတော့ မကောက်ခံပါဘူး။ အဓိကလမ်းတွေပေါ်မှာ ယာဉ်ကြောရှုပ်ထွေးမှု မဖြစ်စေဖို့နဲ့ နိုင်ငံတော်အခွန်အခတွေ တိုးတက်ရရှိရေးအတွက် လုပ်ဆောင်တာပါ။ မော်တော်ယာဉ်တွေအနေနဲ့ တစ်နှစ်စာဘီးခွန်ဆောင်ထားမယ်ဆိုရင် မြို့ဝင်ကြေးနဲ့ မြို့တွင်းခုနစ်လမ်းမှာ ယာဉ်ရပ်နားခတွေ ထပ်ပြီးပေးဆောင်စရာမလိုပါဘူး။ ဘီးခွန်မဆောင်တဲ့ ယာဉ်တွေကိုပဲ ယာဉ်ရပ်နားခကို ကောက်ခံသွားမှာပါ။ ဘီးခွန်ကလည်း မုံရွာအခြေစိုက်တဲ့ယာဉ်တွေကိုပဲပေးဆောင်ခွင့်ပြုတာပါ။ တခြားမြို့တွေက ယာဉ်တွေကိုတော့ ဘီးခွန်ဆောင်ခွင့်မပြုထားပါဘူး" ဟု မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းက ပြောသည်။

ယာဉ်ရပ်နားခအဖြစ်ကောက်ခံမည့် အဓိကလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်းတွင် တမာတန်းမီးပွိုင့်မှ ကားလေးဝင်းအထိလည်းကောင်း၊ ပြည်ထောင်စုလမ်းတွင် ကားလေးဝင်းမှ တမာတန်းလမ်းရေစင် အထိလည်းကောင်း၊ ဘူတာလမ်းတွင် မုံရွာဘူတာမှ ပ. ဆ. c ရုံးအထိလည်းကောင်း၊ ဘုရားကြီးလမ်းတွင် ရွှေစည်းခုံဘုရားမှ ဆုတောင်းပြည့်ဘုရားအထိလည်းကောင်း၊ ညောင်တပင်လမ်းတွင် မြသလ္လာဈေးမှ ကမ်းနားလမ်းအထိလည်းကောင်း၊ ရုံးကြီးလမ်းတွင် နာရီစင်မှမြစန္ဒာရုံအထိလည်းကောင်း၊ ဈေးလမ်းတွင် ပေပင်ကျောင်းလမ်းမှ ကမ်းနားလမ်းအထိလည်းကောင်း ဇရိယာသတ်မှတ်ပြီး ယာဉ်ရပ်နားခများကို ကောက်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# သနပ်ပင်မြို့နယ်၌ ရွေ့လျားရေသန့်စက်ဖြင့် သောက်ရေသန့်များပေးဝေ

**သနပ်ပင် ဧပြီ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများသို့ ရွေ့လျားရေသန့်စက်ဖြင့် သောက်သုံးရေပေးဝေရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက် နံနက်တွင် သနပ်ပင်မြို့နယ် မင်းရွာကျေးရွာအုပ်စုသို့ ရွေ့လျားရေသန့်စက် မော်တော်ယာဉ်ဖြင့် သောက်ရေသန့်များ ပေးဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေပေးဝေရာသို့ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းလွင်၊ ပဲခူးခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးတင်မော်သန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမိုးမြင့်အောင်တို့ လိုက်ပါ၍ မင်းရွာကျေးရွာရှိ အုတ်ရေသိုလှောင်ကန်များအား သောက်ရေသန့်များ ဖြည့်တင်းပေးပြီး ကျေးရွာနေပြည်သူများထံ သောက်ရေသန့်များ ပေးဝေကြသည်။

မိုးအခါ ရေကြီးပြီး နွေအခါ ရေပြတ်လပ်မှုရှိသည့် သနပ်ပင်မြို့နယ်အတွက် ပထမဦးဆုံးအနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ရွေ့လျားရေသန့်စက်သည် တစ်နာရီလျှင် သန့်စင်ပြီး ရေဂါလန် ၆၀၀ ထွက်ရှိကြောင်းနှင့် ပိုးမွှားများအား သန့်စင်ပြီးဖြစ်၍ ကျေးရွာနေပြည်သူများ စိတ်ချလက်ချသောက်သုံးနိုင်ကြောင်း ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ရှင်းပြသည်။

"ဒီနှစ် သင်္ကြန်မိုးရွာလိုက်တော့ သောက်ရေကန်ကရေတွေ နောက်ကုန်တယ်။ အခုလို သန့်စင်ပြီး သောက်ရေသန့်တွေကို ကျေးရွာနေပြည်သူတွေထံ တိုက်ရိုက်ပေးဝေလို့ လက်တလော သောက်သုံးရေအခက်အခဲဖြစ်မှု အဆင်ပြေသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု မင်းရွာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ပြောသည်။

**ရဲထွန်း(မင်းရွာ)**



**သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပြည်တွင်းရေးရာ



### မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပဲခူး မေ ၂၃**

ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးစံဝေ ဦးဆောင်၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၂၂ ရက် နံနက်ပိုင်းက ကညွတ်ကွင်းနယ်မြေရဲစခန်းအပိုင် ပျဉ်းမပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်အောင်လင်း၊ နယ်မြေရဲစခန်းမှူးစန်းဦးတို့က တက်ရောက်လာကြသော ဒေသခံပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်စေရေးနှင့် ယစ်မျိုးဥပဒေအကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လောင်းကစားနှင့် လူကုန်ကူးမှုတားဆီးရေးဥပဒေများအား ပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**

### သန္ဓေတားဆေးဝါးများ၏ အကျိုးအာနိသင် ဘေးထွက်ဆိုးကျိုးများအကြောင်း အသိပညာပေး

**ရန်ကုန် မေ ၂၃**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၅) ရပ်ကွက်အတွင်းရှိ အာယုပါလ ဆွမ်းလောင်းဓမ္မာရုံနှင့် ဓမ္မပါလဆွမ်းလောင်းဓမ္မာရုံတို့တွင် လှိုင်သာယာမြို့နယ် (၁၈) ရပ်ကွက် အမှတ် (၁၂၀၈/ခ)၌ အခြေစိုက်ဖွင့်လှစ်ထားသော မာရီစတုပ်စင်တာမှ မန်နေဂျာ ဒေါက်တာမြတ်မွန်စံ၏ စီစဉ်ညွှန်ကြားမှုဖြင့် ရုံးအဖွဲ့ဝင်များက ရပ်ကွက်အတွင်း နေထိုင်ကြသော အိမ်ထောင်သည် မိခင်များ၊ ရွှေ့ပြောင်းနေထိုင်ကြသည့် မိသားစုဝင်များမှ မိခင်များကို သားဆက်ခြားနည်းဆိုင်ရာ အသိပညာများ၊ သန္ဓေတားဆေးဝါးများ၏ အကျိုးအာနိသင်၊ ဘေးထွက်ဆိုးကျိုးများကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က စားပွဲဝိုင်းဖွဲ့ အသိပညာပေးဆွေးနွေးသည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

### တိုက်ကြီးမြို့နယ် အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ကမ်း မြေထိန်းနံရံ မြေကျွံကျ

**တိုက်ကြီး မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ကမ်း မြေထိန်းနံရံမှာ မေ ၂၂ ရက်တွင် မြေကျွံကျမှုဖြစ်ပွားသည်။

တိုက်ကြီးမြို့နယ်တွင် သင်္ကြန်အကျနေ့နှင့် သင်္ကြန်အတက်နေ့များတွင် မိုးများရွာသွန်းခဲ့ခြင်းကြောင့် အလယ်ဘုတ်ကျေးရွာလှိုင်မြစ်ကမ်း မြေထိန်းနံရံ ပေ ၆၃၀ အရှည်မှ ပေ ၆၀ ခန့် မြေများအောက်သို့ ကျွံကျသွားသဖြင့် အုတ်နံရံများ ကျိုးပဲ့သွားကြောင်း သိရသည်။

အဆိုပါမြေထိန်းနံရံသည် အဖျောက်-တော်လတီ-မင်းလှ-ဝ-ရေပေါ်သောင်-ရန်ကုန်လမ်းအရှေ့ဘက် လှိုင်မြစ်ကမ်းမြေထိန်းနံရံဖြစ်ပြီး အလယ်ဘုတ်ကျေးရွာ လှိုင်မြစ်ရေတိုက်စားခြင်းမှကာကွယ်ထားခြင်းဖြစ်ပြီး ရေကြောင်းထိန်းသိမ်းရေးဌာနမှ မြန်မာရေဗားအင်ဂျင်နီယာ ကုမ္ပဏီက တာဝန်ယူတည်ဆောက်ထားကြောင်း သိရသည်။ မြေထိန်းနံရံသည် လှိုင်မြစ်ကမ်းနှင့် ၁၅ ပေခန့်ရှိပြီး အချိန်မီ ပြုပြင်ခြင်းမရှိပါက တဖြည်းဖြည်းအားလုံး ပြိုကျနိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ မြေထိန်းနံရံ ပြုပြင်နိုင်ရန်အတွက် တာဝန်ရှိသူများမှ သက်ဆိုင်ရာသို့တင်ပြထားကြောင်း သိရသည်။

**(ထွန်းလှိုင်)**



### မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေး

**ပေါင် မေ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲကို မေပြီလ ဒုတိယပတ်က ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

သုံးသပ်ဆွေးနွေးပွဲတွင် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတစ်နှစ်တာလည်ပတ်ခဲ့မှု၏လုပ်ငန်း အားသာချက်၊ အားနည်းချက်များကို ဆန်းစစ်သုံးသပ်ပွဲဖြစ်ကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြနိုင်ကြောင်း ပြောကြားရာ တက်ရောက်လာသော ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက လုပ်ငန်းအမျိုးအစားအလိုက် လည်ပတ်ရန်ပုံငွေထုတ်ချေးထားမှုနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

ပေါင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးရွာပေါင်း ကိုးရွာရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သင်္ကြန်မတိုင်ခင်နှင့်သင်္ကြန်အပြီးတွင် ဆန်ဈေး တူနေသော်လည်း လက်ရှိတွင် ဝယ်လိုအားနည်းနေ

**မုံရွာ မေ ၂၃**

သင်္ကြန်မတိုင်ခင်နှင့် သင်္ကြန်အပြီး ဆန်ဈေးမှာ အတက် အကျမရှိဘဲ တူနေသော်လည်း လက်ရှိတွင် ရောင်းလိုအားများနေသလောက် ဝယ်လိုအားနည်းနေကြောင်း မုံရွာမြို့ အေးသာယာရပ် ရွှေဝါဝင်းဆန်ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုဝင်းနိုင်ထံမှ သိရသည်။

"သင်္ကြန်မတိုင်ခင်က ဧရာမင်းကော်ချက်ဆန်တစ်တင်းခွဲတစ်အိတ်ကို ငွေကျပ် ၄၅၀၀၀ နဲ့ ၄၃၀၀၀ ဈေးနဲ့ရောင်းနေရပါတယ်။ သင်္ကြန်ပြီးတော့လည်း ဈေးကအဲဒီအတိုင်း အတက်အကျမရှိငြိမ်နေပါတယ်။ ဒါပေမယ့် သင်္ကြန်မတိုင်ခင်က ဆန်အရောင်းသွက်ခဲ့သလောက် သင်္ကြန်အပြီးမှာ ဆန်အရောင်းက တော်တော်အေးနေပါတယ်။ သင်္ကြန်မတိုင်ခင်က တစ်တင်းခွဲဆန်အိတ်တစ်ရက်ကို ၆၀ ကျော် ၇၀ လောက် ရောင်းရပါတယ်။ သင်္ကြန်ပြီးနောက်ပိုင်းမှာ တစ်ရက်ကို ဆန် ၂၅ အိတ်၊ အိတ် ၃၀ လောက်သာရောင်းရပါတယ်" ဟု ကိုဝင်းနိုင်က ပြောသည်။

မုံရွာဝန်းကျင်မှ စားသုံးသူအများစုသည် ပုသိမ်-မြောင်းမြ-ပြွန်တန်ဆာမှ တင်ပို့ပြီး ပခုက္ကူမှတစ်ဆင့် ဝင်လာသောဧရာမင်းဆန်ကိုသာ အဓိကထား စားသုံးကြသည့်အတွက် မုံရွာဆန်အရောင်းဆိုင်များ အနေဖြင့် သောင်းချီရှိသည့် တစ်နှစ်စာဆန်အိတ်များကို မှာယူသိုလှောင်ထားလေ့ရှိရာ ရောင်းချရန်အတွက် ဆန်အိတ်အရေအတွက်မှာ လုံလောက်သည်ထက် ပိုမိုနေသည့်အတွက် ဆန်ဆိုင်အများစုသည် ဝယ်လက်ကိုသာ မျှော်လင့်နေရကြောင်း သိရသည်။

ရွှေဘိုနယ် ဒီပဲယင်း၊ ရေဦးနှင့်ခင်ဦးဒေသများမှထွက်သော ရွှေဘိုဆန်အများစုသည် မန္တလေးမြို့မှတစ်ဆင့် တရုတ်နယ်စပ်သို့ အားထားကာ ပို့ဆောင်နေရရာ မုံရွာနယ်မှ စားသုံးသူအများစုသည် ပခုက္ကူမှတစ်ဆင့် ဝင်လာသော မြန်မာနိုင်ငံအောက်ပိုင်းဆန်များကိုသာ စားသုံးကြခြင်းဖြစ်သည်။ ပခုက္ကူမှတစ်ဆင့် လာသောအောက်ပိုင်းဆန်များကို မုံရွာမြို့အပါအဝင် ရေစကြိုမြို့၊ ချောင်းဦးမြို့များရှိ ဆန်အရောင်းဆိုင်များသို့ နှစ်ပေါက်ရောင်းချနိုင်ရန် ဆန်အိတ်အများအပြားကို ပေးပို့ကာ ဈေးကွက်တွင်ရောင်းချလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



### ချောင်းသာကမ်းခြေသို့ အပန်းဖြေရန်ရောက်လာသူများဖြင့် ကြိုတ်ကြိုတ်တိုးစည်ကား နေပူရှိန်သက်သာစေရန် အုန်းလက်ဦးထုပ်ဝယ်ယူမှုများပြား



**ပုသိမ် မေ ၂၃**

ချောင်းသာကမ်းခြေသို့ ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားများ နှစ်စဉ်ရောက်ရှိကာ ကမ်းခြေ၌ အုန်းစိမ်းသောက်၊ ငါးကင်၊ ပုစွန်ကင်၊ ပင်လယ်စာအမျိုးမျိုး၊ ကြက်ကင်အစရှိသည်တို့ စားသောက်ခြင်း၊ ပင်လယ်ရေချိုးခြင်းများကို တစ်နေကုန်နီးပါး ပြုလုပ်ကြရာ နေအပူရှိန်သက်သာစေရန် အုန်းလက်ဦးထုပ် ဝယ်ယူဆောင်းလေ့ရှိသည်။

"ကျွန်မတို့ ချောင်းသာမှာဆိုရင် အမှတ်(၃)ရပ်ကွက်နဲ့ အမှတ်(၄)ရပ်ကွက်က အုန်းလက်ဦးထုပ်လုပ်ငန်းကို ဇောက်ချလုပ်ကြပါတယ်။ နှစ်စဉ် တော်သလင်းလဆန်း ၂ ရက် ၃ ရက်ဆို စလုပ်စရောင်းချပါတယ်။ တစ်လုံး ငွေကျပ် ၅၀၀ နဲ့ ရောင်းပါတယ်။ ချောင်းသာပတ်ဝန်းကျင် ရွာတွေဖြစ်တဲ့ ရေသိုးရွာ၊ ဖိုးမောင်ဂျိုင်ရွာ၊ သဇင်ရွာ၊ ကံကြီးရွာ၊ ကညင်ကွင်းရွာတွေကို စက်လှေနဲ့သွားဝယ်ပြီး အုန်းလက် ငါးလက်ကို ကျပ် ၂၀၀၀၊ အပင်ပေါ်တက်ခုတ်ခ ငါးလက်ကို ကျပ် ၂၀၀၀၊ ထော်လာဂျီနဲ့ တိုက်ယူခနဲ့ စက်လှေဖြင့် သယ်ခ ကျပ် ၂၀၀၀ စုစုပေါင်း ငါးလက်ကို ခြောက်ထောင်ကျတယ်။ တစ်လက်ကို ခလယ်ကောင်ကခွဲယူပြီး တစ်ခြမ်းကို နှစ်လုံးထွက်တာရှိသလို သုံးလုံးအထိလည်း ထွက်တယ်။ အလက်အတိုအရှည်ပေါ် မူတည်တယ်။ တစ်လက်လေးလုံးကနေ ခြောက်လုံးအထိရတယ်။ နှစ်စဉ်သင်္ကြန်မတိုင်ခင် ကိုယ်တိုင်လည်း လုပ်တယ်၊ လူငှားနဲ့လည်း လုပ်ရတယ်။ လူငှားနဲ့ လုပ်ရင် တစ်လုံးလက်ခ ၁၅၀ ပေးရတယ်။ မနက် ၆ နာရီ၊ ၇ နာရီလောက်ကနေ ညနေ ၆ နာရီအထိဆိုရင် အလုံး ၁၀၀ ဝန်းကျင်ပြီးတယ်။ မမြန်တဲ့သူဆိုရင် အလုံး ၇၀ ပဲ ပြီးတယ်။ အလုံး ၁၀၀ ပြီးတဲ့သူတစ်ယောက်ဟာ တစ်ရက် ၁၅၀၀၀ ရပါတယ်။ ဒီနေ့ သုံးယောက်ရောင်းတာ ၁၀၈ လုံး ရောင်းရပါတယ်။ မနက်ဖြန် ရောင်းဖို့သွားထိုးရဦးမယ်။ နှစ်စဉ် မေလထဲအထိ အုန်းလက်ဦးထုပ် လုပ်ရောင်းပါတယ်။ မိုးတွင်းဆို ကျွန်မတို့က မလုပ်တော့ဘူး။ ကမ်းခြေမှာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွေမှာ နှစ်ဦး၊ သုံးဦးလောက်တော့ လုပ်ရောင်းပါတယ်" ဟု ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

**ကိုကိုနိုင်(မြင်းမူ)**

### ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုစစ်ဆေး

**အင်ပူ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာအုပ်စု ညောင်တုံးလဲကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒု-ဦးစီးမှူး ဦးမျိုးမင်းသူနှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ဒေါ်အေးမြတ်မွန် ဦးဆောင်သောအဖွဲ့များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၀နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၂၅ သိန်း စုစုပေါင်း ကျပ် ၇၅ သိန်းဖြင့် အရှည် ပေ ၁၂၀၀၊ အကျယ်သုံးပေ၊ ဒု ခုနစ်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်၍ သစ်ပင်ပိရာမှ အသက်ဆုံးရှုံးသူ၏မိသားစုထံ ထောက်ပံ့ငွေပေးအပ်



**ပခုက္ကူ မေ ၂၃**
ပခုက္ကူမြို့နယ်တွင် မေ ၂၂ ရက်ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လယ်ယာအုပ်စု ဆင်ဖြူကုန်းကျေးရွာအနောက်ဘက် ကားလမ်းပေါ် ထနောင်းပင်လဲကျသဖြင့် ဆိုင်ကယ်စီးလာသူ မောင်ရှိုင်းထက်လင်း ကမ္မမြို့နေသူသည် သစ်ကိုင်းပိမိသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့ရာ ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မေ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ကျန်ရစ်သူမိသားစုထံ ထောက်ပံ့ငွေပေးအပ်သည်။

ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်း၊ ကမ္မမြို့ အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အရန်မီးသတ်တို့သည် အသက်ဆုံးရှုံးသွားသော ကမ္မမြို့ အမှတ်(၈)ရပ်ကွက်မှ မောင်ရှိုင်းထက်လင်း၏ မိဘများထံသို့ နိုင်ငံတော်မှ ထောက်ပံ့သော ငွေကျပ် ၃၀၀၀၀၀ ကို သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ မြို့ပေါ်ရပ်ကွက်များတွင် လဲကျနေသောသစ်ပင်များကို ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**



# ကျောက်ကြီးမြို့နယ် လယ်မြေကွက်များအတွင်းရှိ အသားစားမွေးမြူရေးကြက်ခြံများကြောင့် ကျန်းမာရေးစိုးရိမ်ရဟုဆို

**ကျောက်ကြီး မေ ၂၃**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်း CPမွေးမြူရေးကြက်ခြံများ ပိုမိုတိုးချဲ့ဆောက်လုပ်မွေးမြူနေခြင်းတို့ကြောင့် ခရီးသွားပြည်သူများနှင့် ကျေးရွာအနီးပြည်သူများ ကျန်းမာရေးအတွက် စိုးရိမ်ရလျက်ရှိသည်ဟု ကြက်ခြံအနီးနေထိုင်သူ ကျောက်ကြီးမြို့ လယ်ပတ်ကျေးရွာနေပြည်သူများထံမှ သိရသည်။

အဆိုပါကြက်ခြံများသည် ကျောက်ကြီးမြို့သို့ ဆက်သွယ်ထားသော ပဲနွယ်ကုန်း-ကျောက်ကြီးကားလမ်းဘေးနှင့် တောင်ငူ-မုပ္ပလင်ကားလမ်းဘေးဝဲ၊ ယာရှိ လယ်မြေများပေါ်တွင် ဆောက်လုပ်မွေးမြူလျက်ရှိခြင်းကြောင့် ရွာအနီးကြက်ခြံများမှထွက်ရှိသော အနံ့ဆိုးများကြောင့် ခရီးသွားပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ကြောင်း ကြက်မွေးမြူရေးခြံအနီးနေထိုင်သူတစ်ဦးက ပြောသည်။

"ကြက်မွေးမြူရေးခြံတွေက ကျောက်ကြီးမြို့နဲ့နီးတဲ့ ကျေးရွာတွေမှာ ပိုပြီးလုပ်လာတာတွေ့ရတယ်။ ကားလမ်းမနဲ့လည်း နီးတယ်။ နေအိမ်တွေနဲ့နီးတဲ့ ကြက်ခြံတွေလည်း ရှိတယ်။ ကြက်ခြံကထွက်တဲ့ အနံ့ဆိုးတွေက အသက်တောင်ရှူလို့မဝဘူး။ ကြက်ခြံနဲ့နီးတဲ့ လူနေအိမ်တွေဆိုရင် ခြင်ထောင်ထောင်ပြီး ထမင်းစားရတာတောင်ရှိကြတယ်။ ယင်ကောင်တွေလာလို့လေ။ ဒါကို သတ်သတ်မှတ်မှတ် နေရာလေးပေးပြီး သက်ဆိုင်ရာကလုပ်ပေးရင် ကျန်းမာရေးအတွက် တော်တာပေါ့။ အခုဟာက ကြက်ခြံတွေ ပိုပိုပြီးများလာတာတွေ့ရတယ်"ဟု လယ်ပတ်ကျေးရွာနေ ကျောင်းဆရာမတစ်ဦးက ပြောသည်။

CP အသားတိုးကြက်ခြံများကို နောင်ကုန်းကျေးရွာအုပ်စု ကားလမ်းဘေးအပါအဝင် ညောင်ကုန်းကျေးရွာဒုံးတိုကျေးရွာ၊ လယ်ပတ်ကျေးရွာနှင့် ငထွေစုပ်ကျေးရွာသို့ သွားသောလမ်းဘေးများတွင် ဆောက်လုပ်မွေးမြူလျက်ရှိသော်လည်း ယင်းသို့ ဆောက်လုပ်သောမြေနေရာများအားလုံးနီးပါးသည် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ထုတ်ထားသော လယ်မြေများဖြစ်သည်ဟု ဒေသခံများထံမှ သိရသည်။

"တချို့က ပုံစံ(၇)ရှိပြီးသား လယ်မြေကွက်တွေထဲမှာ ကြက်ခြံတွေ ဆောက်လုပ်နေတာတွေရှိလို့ ဒီလအစောပိုင်းကပဲ မြို့နယ်ထွေ/အုပ်ရုံးကိုခေါ်ပြီး အစည်းအဝေးမှတ်တမ်းထား ပြောထားပြီးပါပြီ။ ကြက်ခြံတွေဆောက်လုပ်မွေးမြူမယ်ဆိုရင် ဥပဒေနဲ့အညီ စနစ်တကျလုပ်ဖို့ပါ။ အစည်းအဝေးလုပ်တုန်းကတော့ ကြက်ခြံလုပ်ငန်းရှင်ကိုးဦး တက်ပါတယ်"ဟု ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူးတစ်ဦးက ပြောသည်။

လယ်မြေအတွင်း ကြက်မွေးမြူရေးလုပ်ငန်းလုပ်ရာတွင် CPကြက်မွေးမြူရေးကုမ္ပဏီတာဝန်ရှိသူများ စဉ်ဆက်မပြတ် လာရောက်ကြည့်ရှုမှုများရှိခဲ့ပြီး ကြက်ရောင်းရငွေအမြတ်အစွန်းများကိုလည်း အခွန်ငွေပေးသွင်းသည်အထိ စည်းကမ်းတကျဆောင်ရွက်ထားရှိကာ ကြက်မွေးမြူခြင်းမှ မိသားစုစားဝတ်နေရေး အဆင်ပြေခြင်း၊ နိုင်ငံခြားသွားရောက်အလုပ်မလုပ်ရခြင်း၊ ကြက်ခြံဆောက်လုပ်ခြင်းမှ လယ်မြေဒသမ ၂၀ ခန့်သာ အသုံးပြုရုံဖြစ်ပြီး ၄၅ ရက်တစ်ပတ်လျှင်အမြတ်ငွေကျပ် လေးသိန်းမှ ခြောက်သိန်းထိ ကျန်ရှိခြင်းကြောင့် အစည်းအဝေးဆုံးဖြတ်ချက်ချပြီးနောက်ပိုင်း လယ်မြေအတွင်းကြက်ခြံဆောက်လုပ်မွေးမြူနိုင်ရန် ဥပဒေနှင့်အညီ လယ်ယာမြေအားအခြားနည်းဖြင့် အသုံးပြုနိုင်ရန် ပြုလုပ်သွားမည်ဖြစ်ကြောင်းကြက်မွေးမြူရေးပိုင်ရှင်တစ်ဦးဖြစ်သူ ဦးရဲကြီးက ပြောသည်။

လယ်ယာမြေအတွင်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ဆောက်လုပ်လျက်ရှိသော မည်သည့်လုပ်ငန်းမဆို ဥပဒေနှင့်အညီအရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဟု ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်က ပြောကြားသည်ကို ပဲခူးတိုင်းဒေသကြီး အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်တွင်ဖော်ပြပါရှိသည်။

**(ကိုကျောက်ကြီး)**

# လိုင်စင်မဲ့ Hilux Surf တစ်စီး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် မေ ၂၃**
ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် Toyota Hilux Surf အမျိုးအစားယာဉ်တစ်စီးကို ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်ကို သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မန္တလေး-မူဆယ်လမ်းကြောင်းပေါ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့က တရားမဝင် ကုန်သွယ်မှုများကို စစ်ဆေးလျက်ရှိရာ အဆိုပါ လိုင်စင်မဲ့ယာဉ်ကို မေ ၂၁ ရက်က သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း ကုန်သွယ်မှုလမ်းကြောင်းတွင် ရေပူ အမြဲတမ်းစစ်ဆေးရေးဂိတ်နှင့် မြန်မာနိုင်ငံအောက်ပိုင်း ကုန်သွယ်မှု လမ်းကြောင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့မှ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုး ကျပ် ၃ ဒသမ ၄၀၅ သန်းခန့်) သိမ်းဆည်းနိုင်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မေ ၂၂ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၂ စီး၊ သွင်းကုန် ၃၉၂ စီးရှိခဲ့ပြီး မြဝတီ-ရန်ကုန် လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ဆောင်ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။

**(၀၀၁)**



# ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး အသိပညာပေးဟောပြော

**ပဲခူး မေ ၂၃**
ရထားရဲတပ်ဖွဲ့ အမှတ်(၁၁) တပ်ခွဲ တပ်စု(၃) ဖြူးမှ တပ်စုမှူး ရဲအုပ်စိုးနိုင်ဝင်း ဦးစီးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ် တင်းကုတ်တန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရထားခဲပေါက်မှုဖြစ်စဉ် မဖြစ်ပွားစေရေး၊ ရထားနှင့်ယာဉ်တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားကြိတ်ခံရသည့်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေချပြရှင်းလင်းခြင်းများ ဆောင်ရွက်ရာ ကျွဲပွဲဘူတာရုံပိုင်ကြီး ဦးထင်ကျော်ကျော်၊ တင်းကုတ်တန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်ထွန်းနှင့် ဒေသခံပြည်သူ ၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



**ကမာရွတ်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေးအတွက် မှုခင်းအသိပညာပေး ဆွေးနွေးဟောပြောပွဲကို မေ ၂၃ ရက် ညနေက ကမာရွတ်မြို့နယ်အမှတ်(၁)ရပ်ကွက်အတွင်းရှိ အောင်ချမ်းသာဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကျော်ဟောပြောစဉ်။**

ခင်မောင်သော်(ကမာရွတ်)



# ပခုက္ကူမြို့တွင် လေပြင်းတိုက်ခတ်၍ သစ်ပင်များလဲကျ၊ လူတစ်ဦးသေဆုံး

**ပခုက္ကူ မေ ၂၃**
ပခုက္ကူမြို့တွင် မေ ၂၂ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က လေပြင်းတိုက်ခတ်ကာ မိုးရွာသွန်းသဖြင့် ပခုက္ကူမြို့ အမှတ်(၉)ရပ်ကွက် တန်ဆောင်တိုင်လမ်းတွင် ဧကရာဇ်ပင်တစ်ပင်နှင့် တမာပင်တစ်ပင်လဲကျခြင်း၊ အမှတ်(၁၁)ရပ်ကွက် မြို့မလမ်းနှင့် ရွှေလမ်းဆုံအရှေ့ဘက် ပိတောက်ပင်လမ်းပေါ်သို့ လဲကျခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း၊ လူ၊ ပစ္စည်း၊ တိရစ္ဆာန် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အလားတူ အမှတ်(၁၃)ရပ်ကွက် ပြည်တော်သာလမ်း နေအိမ်တစ်အိမ်နှင့် အမှတ်(၁၁)ရပ်ကွက် ရွှေလမ်း(၃)လမ်းရှိ နေအိမ်တစ်အိမ်တို့ သစ်ပင်လဲကျမှုကြောင့် အနည်းငယ်ပျက်စီးခဲ့ပြီး ပခုက္ကူမြို့နယ် လယ်ယာအုပ်စု ဆင်ဖြူကုန်း ကျေးရွာအနောက်ဘက်ကားလမ်းပေါ် ထနောင်းပင်လဲကျသဖြင့် ဆိုင်ကယ်စီးလာသူ မောင်ရှိုင်းထက်လင်း ကမ္မမြို့နေသူ သစ်ကိုင်းပိမိသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျပြိုပျက်မှုများကို မြို့နယ်စည်ပင်၊ မီးသတ်၊လျှပ်စစ်တို့နှင့်အတူ သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ပူးပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# မာတစ်သွင်းယူခဲ့တဲ့သွင်းဂိုးမှာ အက်ဖ်အေဖလားသမိုင်းရဲ့ အလှပဆုံးသွင်းဂိုးတစ်ဂိုးအဖြစ် မှတ်တမ်းဝင်

ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့၏ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲစဉ်အတွင်း ပွဲကစားချိန်မိနစ် ၈၀ တွင် ချယ်လ်ဆီးကွင်းလယ်လူ မာတစ်က ၂၈ ကိုက်အကွာမှ ပြေးပြေးလွှားလွှားဖြင့် ဂိုးတစ်ဂိုးသွင်းယူခဲ့ရာ ယင်းဂိုးမှာ အက်ဖ်အေဖလားသမိုင်း၏ အလှပဆုံးသွင်းဂိုးအဖြစ်ပါ မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ ပင်နယ်တီဧရိယာ အပြင်ဘက် ၁၀ ကိုက်အကွာမှ ဟာဇက် ချပေးလိုက်သည့် ဘောလုံးကို မာတစ်က မြေမကျ အပြင်းကန်သွင်းလိုက်ရာ ယင်းကန်ချက်က အပေါ်ဂိုးထောင့်ထဲသို့ဝင်သွားခဲ့ခြင်း ဖြစ်သည်။ မာတစ်၏ ပြင်းထန်အားပါသည့် ကန်ချက်ကြောင့် ဘောလုံးဂိုးပေါက်ထဲဝင်သွားသည့်အရှိန်မှာ တစ်နာရီ ၆၈ ဒသမ ၄၃ မိုင်နှုန်းအထိရှိခဲ့ရာ စပါးဂိုးသမား ဟူဂိုလိုရစ်မှာ အကူအညီမဲ့ပုံစံမျိုးဖြင့် ယင်းဂိုးကို ခွင့်ပြုခဲ့ရသည်။

မာတစ်မှာ အဆိုပါပွဲစဉ်တွင် ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သော်လည်း တစ်ကြိမ်ဆို ဆိုသလို ရရှိခဲ့သော အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ခြင်း ဖြစ်သည်။ မာတစ်၏ သွင်းဂိုးကို မီဒီယာများက ဒုံးပျံဂိုးဟု အမည်တပ်နေကြပြီး ယင်းဂိုးက ဝင်ဘလေကွင်းအတွင်း လာရောက်ကြည့်ရှုနေသည့် ပရိသတ် ၈၀၀၀၀ ကျော်ကို မှင်တက်အောင်စွမ်းဆောင်နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းမှာ ဦးဆောင်ဂိုးနှစ်ကြိမ်သွင်းယူနိုင်ခဲ့သော်လည်း နှစ်ကြိမ်လုံးတွင် စပါးအသင်းချေပဂိုးများလိုက်သွင်းကာ နှစ်ဂိုးစီ သရေ ဖြစ်နေခဲ့သည်။ သို့သော် ဟာဇက် ဝင်လာပြီးနောက် ရလဒ်ပိုင်းအလှည့်အပြောင်းဖြစ်ခဲ့ကာ ဟာဇက်က ကိုယ်တိုင်သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး မာတစ်သွင်းယူသည့် ပွဲသိမ်းဂိုးကို ဖန်တီးပေးနိုင်ခဲ့သည်။







# မန်ချက်စတာမြို့ရှိ အိမ်ကိုရောင်းချမည့် ဒီဂီယာ မန်ယူမှထွက်ခွာရန် သေချာသလောက်ရှိနေ

မန်ယူဂိုးသမား ဒီဂီယာက မန်ချက်စတာမြို့ရှိ သူ၏ ဇိမ်ခံအိမ်ကြီးကို ရောင်းချရန် စီစဉ်နေပြီဖြစ်ရာ ယင်းကိစ္စရပ်က လာမယ့်နွေဈေးကွက်အတွင်း ဒီဂီယာ ရီးယဲလ်သို့ ပြောင်းရွှေ့ရန် သေချာနေပြီဟု အင်္ဂလန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။ ယင်းအိမ်ကြီးကို ပေါင် ၃ ဒသမ ၈၅ သန်းဖြင့် ဂရိတ်မန်ချက်စတာဈေးကွက်တွင် တင်ခဲ့ပြီးနောက် ယခုကဲ့သို့ ခန့်မှန်းချက်များကို ပိုမိုအားကောင်းလာစေခဲ့သည်။

မန်ယူနည်းပြ မော်ရင်ဟိုက အန်းဒါးလက်ချ်နှင့် ဆန်းဒါးလန်းအသင်းတို့ကို ရင်ဆိုင်ခဲ့တဲ့ ပွဲစဉ်အတွင်း ဒီဂီယာကို ထည့်သွင်းအသုံးပြုခြင်းမရှိခဲ့သလို အဆိုပါအပြောင်းအရွှေ့ကိစ္စရပ်ကိုလည်း ခါးခါးသီးသီးပင်ဖြစ်နေသည်ဟု သတင်းရင်းမြစ်များ၏ အဆိုအရသိရသည်။ သို့သော် ဒီဂီယာဘက်မှ လက်တလောနေထိုင်သည့် အိမ်ကိုပင် ရောင်းချရန် စီစဉ်ခဲ့ပြီဖြစ်ရာ လာမယ့်နွေ မန်ယူနှင့် ဒီဂီယာတို့ အဆုံးသတ်ပိုင်း ပိုမိုပီပြင်လာစေခဲ့ပြီ ဖြစ်သည်။ အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုက ဖာဂူဆန်ခေတ်လွန် ဒီဂီယာ၏ မန်ယူကစားသမားဘဝမှာ စိတ်ပျက်ဖွယ်ရာအတိဖြစ်ခဲ့ပြီး မန်ယူမှ ထွက်ခွာရန် ခြေလှမ်းပြင်နေသည်မှာ ကြာပြီဖြစ်ကြောင်း ဆိုခဲ့သည်။

သို့သော် ဒီဂီယာမှာ မန်ယူအသင်းပရိသတ်များ ချစ်ခင်နှစ်သက်ခံရသည့် ကစားသမားတစ်ဦးဖြစ်သောကြောင့် ဒီဂီယာသာ မန်ယူမှ ထွက်ခွာမည်ဆိုပါက ပရိသတ်များအတွက် ကြီးမားတဲ့ထိုးနှက်ချက်ဖြစ်လာမည်ဖြစ်သည်။

ဒီဂီယာက သူ၏ ဇိမ်ခံအိမ်ကြီးကို ဂရိတ်မန်ချက်စတာ ဈေးကွက်အရောင်းစာရင်းတွင် ထည့်သွင်းခဲ့ပြီး ပေါင် ၃ ဒသမ ၈ သန်းဟု ဈေးခေါ်ထားသည်။ အဆိုပါအိမ်တွင် အိမ်သာ ရေချိုးခန်းတွဲလျက်ပါ အိပ်ခန်းငါးခန်း၊ အလိုအလျောက် ထိန်းညှိစနစ်များတပ်ဆင်ထားတဲ့ ရုပ်ရှင်ကြည့်ခန်း တစ်ခန်း၊ ကားဂိုဒေါင်သုံးလုံး၊ ၁ ဒသမ ၅ ဧက ကျယ်ဝန်းသည့်ဥယျာဉ်တို့လည်း ပါဝင်သည်။ ဒီဂီယာသည် မန်ယူသို့ပြောင်းရွှေ့လာသည့် ၂၀၁၁ ခုနှစ်ကတည်းက အဆိုပါအိမ်မှာပင် နေထိုင်ခဲ့ပြီး အပူပေးစနစ်၊ မီးအလင်းအမှောင်စနစ်၊ လုံခြုံရေးစနစ်တို့အတွက် အဝေးထိန်းချုပ်ရေးနည်းပညာအတွက် ပေါင် ၁၀၀၀၀၀ အထိ သုံးစွဲထားကြောင်းလည်း သိရသည်။

ရီးယဲလ်က ဒီဂီယာအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ အထိ အသုံးပြုမည်ဖြစ်ရာ ယင်းပမာဏက ၂၀၀၁ ခုနှစ်တွင် ဂိုးသမားဘတ်ဖွန်အတွက် ဂျူဗင်တပ်က ပါးမားအသင်းသို့ ပေးချေခဲ့ရသော ပေါင် ၃၂ ဒသမ ၇ သန်းထက်များစွာ သာလွန်မည့်ပမာဏဖြစ်လာမည်ဖြစ်သည်။ ဒီဂီယာမှာ ၂၀၁၅ ခုနှစ်တွင် ရီးယဲလ်သို့ ပေါင်သန်း ၃၀ ဖြင့် သဘောတူညီချက်ရပြီးဖြစ်သော်လည်း စာရွက်စာတမ်းကိစ္စအပြီးမသတ်နိုင်ခြင်းကြောင့် ရီးယဲလ်သို့ ပြောင်းရွှေ့မည့်အစီအစဉ်ပျက်ပြယ်ခဲ့ခြင်းဖြစ်သည်။

# ကစားသမားဘဝအဆုံးမသတ်ရန် အီဗရာဟီမိုဗစ် အမေရိကားသို့ သွားရောက်ခွဲစိတ်မှုခံယူမည်

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်မှာ ပြင်းထန်သည့် ဒူးအရွတ်ကြောဒဏ်ရာကြောင့် ကစားသမားဘဝ အဆုံးမသတ်ရရန် အမေရိကန်ပြည်ထောင်စုရှိ နာမည်ကျော်ခွဲစိတ်ကု သမားတော်များနှင့်ဆွေးနွေးညှိနှိုင်းရန် ယခုရက်သတ္တပတ်အတွင်း အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည်ဖြစ်သည်။ အန်းဒါးလက်ချ်ကိုရင်ဆိုင်သည့် ယူရိုပါလိဂ်ပွဲစဉ်အတွင်း အီဗရာဟီမိုဗစ်မှာ ပင်နယ်တီဧရိယာအတွင်း ဘောလုံးရယူရန် ကြိုးစားရင်း ခန္ဓာကိုယ်လည်ထွက်သွားကာ ကိုယ့်အရှိန်နှင့်ကိုယ်လဲကျသွားပြီး ဒူးအရွတ်ကြောတွင် ပြင်းပြင်းထန်ထန်ဒဏ်ရာရသွားခြင်းဖြစ်သည်။

အီဗရာဟီမိုဗစ်ရရှိသော ဒဏ်ရာမှာ အနည်းဆုံးကိုးလခန့် အနားယူရနိုင်ပြီး အသက်(၃၀)ကျော်အရွယ်ကစားသမားတစ်ဦးအနေဖြင့် ကစားသမားဘဝကိုပင် အဆုံးသတ်နိုင်လောက်သည့် ပြင်းထန်သည့် ဒဏ်ရာမျိုးလည်း ဖြစ်သည်။ ထို့ကြောင့် မိုဗစ်က သူ၏ကစားသမားဘဝ လျင်လျင်မြန်မြန်နှင့် အဆုံးမသတ်စေရန် အမေရိကန်ပစ်ဘာ့ဂ်ျဆေးတက္ကသိုလ်မှ နာမည်ကျော်ခွဲစိတ်ကုသမားတော် ဒေါက်တာဖရက်ဒီဖူးနှင့် ဆွေးနွေးမှုပြုရန် ယခုရက်သတ္တပတ်အတွင်းမှာပင် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ချယ်လ်ဆီးနောက်ခံလူ ဇူးမားမှာလည်း မိုဗစ်ကဲ့သို့ ဒဏ်ရာရရှိခဲ့စဉ်က ခုနစ်လခန့်အနားယူခဲ့ရပြီးဖြစ်ရာ မိုဗစ်မှာ မန်ယူအသင်းနှင့် လတ်တလောစာချုပ်သက်တမ်းကုန်ဆုံးသည်အထိ မန်ယူအတွက် ဘယ်လိုမှ ဝင်ရောက်ကစားပေးနိုင်မည်မဟုတ်သည်မှာ သေချာနေသည်။ အီဗရာဟီမိုဗစ်ကို မန်ယူအသင်းဘက်မှ တစ်နှစ်စာချုပ်သက်တမ်းထပ်တိုးရန် ကမ်းလှမ်းထားမှုကို မိုဗစ်က ရာသီကုန်မှသာ ဆုံးဖြတ်မည်ဟုဆိုပြီး လက်မှတ်ရေးထိုးခဲ့ခြင်းမရှိသည့်အတွက် မိုဗစ်နှင့် မန်ယူအနာဂတ်ကိစ္စရပ် မည်သို့ရှိမည်လဲဆိုသည်မှာလည်း ဝိုးတဝါး အနေအထားပင်ဖြစ်သည်။ သို့သော် မိုဗစ်၏ အေးဂျင့်ဖြစ်သူ ရှိုင်လိုလာက မိုဗစ်ကို မန်ယူအလိုရှိသေးလား၊ မရှိဘူးလားဆိုသည့် ကိစ္စရပ်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

# ဂွါဒီယိုလာက ဆန်းချက်ဇ်ကို ခေါ်ယူချင်ကြောင်း သိသိသာသာအရိပ်အခြေပြလိုက်ပြီ

မန်စီးတီးနည်းပြ ဂွါဒီယိုလာက ဆန်းချက်ဇ်မှာ မက်ဆီနီးပါးကောင်းမွန်သည့် ကစားသမားတစ်ဦးဖြစ်တယ်လို့ ပြောကြားလိုက်ခြင်းဖြင့် ဆန်းချက်ဇ်ကို မန်စီးတီးသို့ ခေါ်ယူချင်တဲ့အကြောင်းကို သိသိသာသာပင် ဖော်ပြလိုက်ပြီဖြစ်သည်။ ၂၀၁၈ ခုနှစ် နှစ်ဝက်တွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဆန်းချက်ဇ်ကို မန်စီးတီး၊ ချယ်လ်ဆီးတို့မှ အပြိုင်ချိတ်ဆက်နေပြီး လာမယ့်နွေတွင် ဆန်းချက်ဇ်နှင့် မန်စီးတီးအသင်းတို့ အပြောင်းအရွှေ့ကို မြင်တွေ့ရဖွယ်ရှိမည်လားဆိုသည်ကို အားလုံးက စိတ်ဝင်တစားရှိနေချိန် ဂွါဒီယိုလာ၏ ယခုပြောဆိုမှုက မန်စီးတီး၏ခြေလှမ်းကို တစ်စိတ်တစ်ဒေသ လှစ်ပြလိုက်ခြင်းပင်ဖြစ်သည်။

ဂွါဒီယိုလာက ဆန်းချက်ဇ်မှာ မက်ဆီအဆင့်နီးပါး ကစားနိုင်သည့် ကစားသမားဖြစ်ပြီး အာဆင်နယ်အတွက် ဆန်းချက်ဇ်ကစားနေသည်ကို ကြည့်ရခြင်းဖြင့် ပျော်ရွှင်မှုကို ခံစားရကြောင်း ဆန်းချက်ဇ်အကြောင်း ချီးမွမ်းစကားဆိုခဲ့သည်။ ဆန်းချက်ဇ်မှာ ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အတွက် ပြိုင်ပွဲစုံသွင်းဂိုး ၂၃ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သော်လည်း အာဆင်နယ်အသင်း၏ ရုန်းကန်နေရသော အနေအထားများကြောင့် စိတ်ပျက်နေပြီး အသင်းပြောင်းရန် ခြေလှမ်းပြင်နေသူဖြစ်သည်။

ဂွါဒီယိုလာက မန်စီးတီးအသင်းကို ပုံစံသစ်ဖြင့် တည်ဆောက်ရန် ရည်မှန်းနေပြီး လာမည့်နွေဈေးကွက်အတွင်း ပေါင်သန်း ၂၅၀ အထိ အသုံးပြုကာ ကစားသမားသစ်များကို ခေါ်ယူအားဖြည့်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ဂွါဒီယိုလာ၏ အဓိကပစ်မှတ်များထဲတွင် အာဆင်နယ်တိုက်စစ်မှူး ဆန်းချက်ဇ်၊ ဆောက်သမ်တန်နောက်ခံလူ ဗာကေးဗန်ဒစ်ဂ်နှင့် စပါးညာနောက်ခံလူ ဝေါကာတို့ပါဝင်နေသလို ဘယ်နောက်ခံနေရာအတွက် မိုနာကို နောက်ခံလူ မန်ဒီ၊ မန်ယူနောက်ခံလူ လုခ်ရှောတို့ကို ခေါ်ယူရန် ချိတ်ဆက်နေပြီး လိုင်ယွန်ကွင်းလယ်လူ တော်လစ်ဆိုကိုလည်း စောင့်ကြည့်နေကြောင်း သိရသည်။ချယ်လ်ဆီးကလည်း ဆန်းချက်ဇ်ကို ချိတ်ဆက်နေပြီး ဂွါဒီယိုလာကမူ သူနှင့် ဆန်းချက်ဇ်တို့အကြား ရင်းနှီးသည့်ဆက်ဆံရေးကြောင့် မန်စီးတီးကို ဆန်းချက်ဇ် လာရောက်ပူးပေါင်းမည်ဟု တစ်ထစ်ချယုံကြည်နေခြင်းဖြစ်သည်။



# ရဲဟုဆိုကာ ပိုက်ဆံများခြောက်လှန့်တောင်းယူနေသူတစ်ဦးကို မုံရွာမြို့တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းမိ



**မုံရွာ မေ ၂၃**
ရဲဟုဆိုကာ ပိုက်ဆံများခြောက်လှန့်တောင်းယူနေသူတစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ မုံရွာမြို့ ပိတောက်ကုန်းရပ်ကွက် မီးကင်းတဲလမ်းအနီးတွင် မေ ၂၂ ရက် ညနေ ၄ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း မုံရွာမြို့ မြို့မရဲစခန်း တာဝန်ရှိသူထံမှ သိရသည်။

လူတစ်ဦးက ရဲဟုပြောဆိုကာ ပိုက်ဆံများ ခြောက်လှန့်တောင်းယူနေကြောင်း သတင်းအရ မုံရွာမြို့မရဲစခန်းမှ ဒုရဲအုပ် ဖြိုးမင်းထိုက်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မုံရွာမြို့ ပိတောက်ကုန်းရပ်ကွက် မီးကင်းတဲလမ်းအနီးတွင် လှထွေးဆိုသူသည် မိမိကိုယ်ကို ရဲဟုပြောဆိုကာ ကနီမြို့နယ် ကံထောင်ရွာနေ ဦးခင်မောင်အေးထံမှ ငွေကျပ် ၁၅၀၀၀ ကို ခြောက်လှန့်တောင်းယူသည်ကိုတွေ့ရသည့်အတွက် သက်သေများနှင့်အတူ လှထွေးထံ၌ပါလာသော ခြောက်လှန့်တောင်းယူထားသော သက်သေခံငွေ အပါအဝင် သက်သေခံပစ္စည်း ၁၀ မျိုးတို့ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ညောင်ဦးမြို့နယ် စဉ့်ကူရွာနေ လှထွေးနှင့်အတူ သက်သေခံပစ္စည်း ၁၀ မျိုးဖြစ်သည့် ခြောက်လှန့်တောင်းယူငွေကျပ် ၁၅၀၀၀၊ ငွေစက္ကူရောရာ ၄၆၃၅၀ ကျပ်၊ ဟွာဝေးအနက်ရောင်ဖုန်းတစ်လုံး၊ ခဲရောင်ဖုန်းတစ်လုံး၊ အမျိုးသမီးအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူတစ်ခု၊ ဦးလှထွေးအမည်ပါ ယာဉ်မောင်းလိုင်စင်မူရင်းတစ်ခု၊ ခေါက်ပိုက်ဆံအိတ်တစ်လုံး၊ ရွှေဆွဲကြိုးအတုတစ်ကုံး၊ ၂၃ယ/--- ကမ်ဘို ၁၂၅ ဆိုင်ကယ်တစ်စီးနှင့် တက-လှထွေး(ကပ/ ၆၁၈၀၄၄) ခလရ---ပါ တပ်ပြင်ထွက်လက်မှတ်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်ဇန်နဝါရီ ၁၉ ရက်ဝန်းကျင်ကလည်း ရဲမအယောင်ဆောင်သူ အမျိုးသမီးတစ်ဦးကို မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ရဲဟုဆိုကာ ပိုက်ဆံခြောက်လှန့်တောင်းယူသူ လှထွေးအား မုံရွာမြို့မရဲစခန်းတွင် ဒုရဲအုပ် ဖြိုးမင်းထိုက်က တရားလိုပြုလုပ်တိုင်တန်းရာ မုံရွာမြို့မရဲစခန်းက (ပ)၄၅၉/၂၀၁၇၊ ရာဇသတ်ကြီး ပုဒ်မ-၃၈၆ အရ ဖမ်းဆီးစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

■

# အမြန်လမ်းတွင် ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ STAREX မော်တော်ယာဉ်တိမ်းမှောက်

**နေပြည်တော် မေ ၂၃**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၃၆/၀)နှင့် (၃၃၆/၁)အကြား၌ နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း ဇော်မျိုးဝင်း မောင်းနှင်လာသော STAREX မော်တော်ယာဉ်သည် ယနေ့နံနက် ၄ နာရီ ၃၅ မိနစ်က ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းတွင် ကာရံထားသော အလူမီနီယံတန်းကိုတိုက်ကာ တစ်ပတ်လိမ့်တိမ်းမှောက်၍ အတည့်အတိုင်းပြန်ကျခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ ၁၂ ဦးအနက် အမျိုးသား နှစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား စကားအင်းအမြန်လမ်းရဲတပ်ဖွဲ့ ပိုင်ကားဖြင့် တံတားဦးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မော်တော်ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား ယာဉ်(ပ)၁၁/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



# ဂန့်ဂေါတွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**ဂန့်ဂေါ မေ ၂၃**
ဂန့်ဂေါမြို့နယ် ကျေးရွာအုပ်စုကိုးအုပ်စုရှိ ကျေးရွာ ၁၂ ရွာတွင် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ ၁၅ မိနစ်အတွင်း လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည်။

ထိုသို့ လေပြင်းတိုက်ခတ်သည့်ကျေးရွာများမှာ အနောက်ဂန့်ဂေါ၊ ရှုံးရှို၊ ပိတောက်ကုန်း၊ လုံခြုံ၊ အုပ်လှ၊ စင်ပုံ၊ စပယ်၊ ပနန်း၊ ဇာဟော၊ ယင်းမာ၊ ပြစ်မ၊ ရွှေဘိုကျေးရွာများဖြစ်ပြီး လူနေအိမ် အလုံး ၂၅၀ အမိုးများ ပျက်စီးသွားခဲ့သည်။

ထို့ပြင် ရွှေဘိုရွာ စာသင်ကျောင်း ဝန်ထမ်းအိမ်ရာ၊ ပနန်းရွာ၊ စင်ပုံရွာ၊ စပယ်ရွာ၊ ယင်းမာရွာ စာသင်ကျောင်းအမိုးများပျက်စီးသွားကြောင်း ပညာရေးဌာန ဝန်ထမ်းတစ်ဦး၏ပြောပြချက်အရ သိရသည်။ **စိန်ကျော်(ဝါးဘိုးချောင်)**

# ပုသိမ်ကြီးမြို့နှင့် မဘိမ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များသိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၃**
မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက်က ပုသိမ်ကြီးမြို့နယ် ဇီးကုန်းကွက်သစ် (၄၉)လမ်းမပေါ်ရှိ ငွေလှိုင်လက်ဖက်ရည်ဆိုင်တွင် တွေ့ရှိသူ စိုင်းမျိုးထွန်းနှင့် နေလင်းအောင်တို့ နှစ်ဦးအားရှာဖွေရာ အိုက်စ်အလေးချိန် သုည ဒသမ ၉၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ တို့ကိုလည်းကောင်း၊ အလားတူ မေ ၂၁ ရက်က မဘိမ်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့ ရပ်ကွက် (၁) ဒေသအခေါ် အောက်ခင်းတောနေ မြင့်သိန်းထွန်း၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ကျော်မင်းထွန်းအားတွေ့ရှိပြီး ကျော်မင်းထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၅၃ ပြားကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



စိုင်းမျိုးထွန်းနှင့် နေလင်းအောင်တို့နှစ်ဦးအား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

11th Century Travels & Tours
တောင်ကြီး-အင်းလေး-ကလော-ပင်းတယ
၃ည/၄ရက်၊ ၁၆၅၀၀၀ကျပ်
မေ(၂၈)ထွက်မည်။
ဖုန်း-၀၉-၅၀၂၇၄၄၅၊ ၀၉-၅၄၁၂၇၅၁

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

## နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ပိန်းဇလုပ်ဒေသမှ ရန်ကုန်မြို့သို့ရောက်ရှိကြကုန်သော မိတ်သင်္ဂဟအပေါင်းတို့ခင်ဗျာ ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်တကွ (မပျက်မကွက်)ကြွရောက်ပါရန် ပိန်းဇလုပ်ဒေသအသင်းသူ/သားများအားလုံးတို့ကို ဖိတ်ကြားအပ်ပါသည်။

**(မှတ်ချက် - သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ)**

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁-၅-၂၀၁၇(တနင်္လာနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉း၀၀ နာရီတိတိ |
| ကျင်းပမည့်နေရာ | - | ဦးအရိယကျောင်းတိုက်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ် |
| ကားမှတ်တိုင် | - | ဗဟန်း(၃)လမ်း မှတ်တိုင်မှာဆင်းပါ |
| ဧည့်ခံမည့်အစီအစဉ် | - | နေ့လယ်စာဖြင့်ဧည့်ခံပါမည် |

**ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်)**

## အများသိစေရန်

ကျွန်ုပ်မိတ်ဆွေသည် ဒေါ်ဝေဝေဦးအား မိမိပိုင်ဆိုင်သည့် အိမ်မြေဖြစ်သော "ရန်ကုန်တိုင်းဒေသကြီး၊ ဘုရားကုန်းကျေးရွာ၊ ဇာမဏီကွင်း၊ အမှတ်-၂၄ဟုခေါ်တွင်သော အိမ်မြေ"အား ၁၅-၁၂-၂၀၀၃ရက်စွဲပါ အိမ်ရှင်အိမ်ငှား နှစ်ဦးသဘောတူ ကတိစာချုပ်ဖြင့် အငှားချထားခြင်း၊ အိမ်ငှားသို့ အကြောင်းကြားစာပေးပို့ထားပြီးဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ၌ ကန့်ကွက်ထားပြီးဖြစ်ကြောင်း၊ မည်သူမျှ အိမ်ငှားထံမှ မှားယွင်းဝယ်ယူခြင်းမပြုမိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်လက်လက်လင်း** | **ဦးအောင်ညဏ်မင်း** | **ဒေါ်အေးသဲခိုင်** |
| **စဉ်-၂၉၄၃၅** | **စဉ်-၂၉၈၉၁** | **စဉ်-၄၁၃၅၄** |

**(အထက်တန်းရှေ့နေများ)**
**အမှတ်-၁၀၁၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်။



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅-လမ်း၊ အမှတ် (၁၉)၊ ပထမထပ်နေ **ဒေါ်မူမူသန်း (ဖုန်းအမှတ်-၀၉၇၃၂၄၀၅၂၄၊ ၀၉ ၉၆၃၄၃၇၆၇၇)** မှ အထက် ဖော်ပြပါ **Batik Queen Gold** ကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် **မှတ်ပုံတင်အမှတ်-၄/၁၁၄၉၇/၂၀၁၆** အရ မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အဆိုပါ **Batik Queen Gold** တံဆိပ် အမှတ်သားကို အသုံးပြုပြီး ပါတိတ် (BATIK)အမျိုးမျိုး၊ အသင့်ချုပ်ပြီး အဝတ်အထည်များဖြစ်သော အမျိုးသားဝတ်၊ အမျိုးသမီးဝတ်၊ ကလေးဝတ်၊ Cotton၊ လီနင်၊ ရှန်ပွင့်၊ ချည်ကွက်၊ တီရှပ် အမျိုးမျိုး၊ ဆွယ်တာအမျိုးမျိုး၊ စပို့ရှပ်၊ အိတ်အမျိုးမျိုး၊ အဝတ် အထည်နှင့် ပတ်သက်သော လူသုံးကုန်ပစ္စည်း အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံးကို အထက်ဖော်ပြပါ လိပ်စာမှပင် လက်လီလက္ကား ဖြန့်ချိ ရောင်းချလျက် ရှိပါကြောင်း။

အဆိုပါ အမည်အမှတ်အသားကို ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ် သုံးစွဲခြင်း မပြုလုပ်ရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် ( လိုင်စင် - ၄၀၃၅ )**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး ( လိုင်စင် - ၅၈၂၇ )**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇) ၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel : 294866 HP: 09-501 7044**

# လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာမြို့သစ် မဥ္ဇူလမ်းနေ
ဗိုလ်ကြီးညိုဝင်း(ငြိမ်း)-ဒေါ်စန်းစန်းဝေ
(မိဘမေတ္တာ သစ်ရောင်းဝယ်ရေး)တို့၏သားကြီး
ဗိုလ်လောင်းလွင်အောင်မြတ်(DSTA-5th Year) ၏အကို

## ဗိုလ်ကြီးဟန်ထက် M.C Tech (DSA)

နှင့်

ရန်ကုန်မြို့၊ အမှတ်-၁၇၊ ရှင်စောပုဘုရားလမ်းနေ ဦးခင်မောင်ဦး
(Site Engineer, ခေတ္တ Singapore)- ဒေါ်ဆွေဆွေကျော်
(စာရင်းစစ်-ငြိမ်း)တို့၏ သမီး၊ ဗိုလ်မှူးထိန်လင်း
(ဆီးနှင့်ကျောက်ကပ် အထူးကုသမားတော်)-ဒေါက်တာခင်မြတ်ပိုပိုကျော်
(ဦးနှောက်နှင့်အာရုံကြော အထူးကုသမားတော်)တို့၏
တစ်ဦးတည်းသောညီမလေး

## မသက်ထားရွှေစင် BE (Electronics)

**MBA (Aldersgate College, Philippines (Final year)**

တို့သည် နှစ်ဖက်မိဘများသဘောတူညီချက်အရ ၂၁-၄-၂၀၁၇ရက်တွင် တောင်ကြီးခရိုင်တရားရုံးတွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ကြီးဟန်ထက်-မသက်ထားရွှေစင်**

# ကျေးဇူးကြီးမား ဘဝသမားတို့လေးစား

**အေးသန်း(စိန်တုံးကြီး)**



သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းသည် စိတ်တူကိုယ်တူ ဝါသနာတူသော အမှုဆောင်များဖြင့် ဖွဲ့စည်းထားသောအသင်းဖြစ်သည်။ ၂-၃-၂၀၁၇ ရက်နေ့ (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် စာရေးသူတို့ဝန်ထမ်းဟောင်းများအသင်း အမှုဆောင်များအစည်းအဝေးကို ပြုလုပ်ခဲ့ကြပါသည်။

**ဆရာသမားများကိုကန်တော့**

အစည်းအဝေးတွင်အသင်းဖွဲ့စည်းခဲ့သည်မှာ နှစ်နှစ်ကျော်ရှိခဲ့ပြီဖြစ်၍ ဝန်ထမ်းဟောင်းများပြန်လည်ဆုံစည်းကြရန်ရည်ရွယ်ပြီး အသင်းဝင်ဝန်ထမ်းဟောင်းများသာမက အသင်းမဝင်ကြရသေးသောဝန်ထမ်းဟောင်းများပါ မိတ်ဆုံစားပွဲလေးတစ်ခုပြုလုပ်ချင်သည့် ဆန္ဒရှိနေကြောင်း၊ တစ်ဆက်တည်းမှာပင် သတင်းနှင့်စာနယ်ဇင်းလောကမှ အငြိမ်းစားယူခဲ့သောဆရာသမားများကိုလည်း ကန်တော့ချင်ကြောင်းနှင့် အသင်းဝင်ဝန်ထမ်းဟောင်းများမှ အသက် ၈၀ နှင့်အထက် ဝန်ထမ်းဟောင်းများကိုလည်း သက်ကြီးပူဇော်ပွဲပါပြုလုပ်ပေးစေချင်ကြောင်း ဦးဇော်ဝင်း (မန်နေဂျာ-ငြိမ်း) က တင်ပြလာသည်ကို အမှုဆောင်အားလုံးမှ သဘောတူဆုံးဖြတ်ကြသည်။

ထိုအခမ်းအနားကို အသင်းရန်ပုံငွေမှ လုံးဝအထိမခံဘဲ မိမိတို့အမှုဆောင်အဖွဲ့များမှ တစ်ဦးချင်းအလှူငွေဖြင့် ဖြစ်မြောက်အောင်ဆောင်ရွက်သွားကြရေးနှင့် မိမိတို့ရင်းနှီးရာမိတ်ဆွေအပေါင်းအသင်း၊ ဝါသနာတူသူများထံမှ အလှူငွေကောက်ခံပြီး ရလာသည့်အလှူငွေပေါ်မူတည်ပြီး ခမ်းခမ်းနားနား ကျင်းပသွားကြရေးကိုလည်း စည်းလုံးညီညွတ်စွာဖြင့် ခိုင်မာသည့်ဆုံးဖြတ်ချက်ကိုချခဲ့ကြပါသည်။

**အလှူရှင်ပေါ်လာ**

စာရေးသူတို့အဖွဲ့ အစည်းအဝေးပြုလုပ်နေစဉ်မှာပင် ဦးဇော်က စာရေးသူတို့ ဝန်ထမ်းဟောင်းများအသင်း စတင်ဖွဲ့စည်းခဲ့စဉ်က အသင်းရန်ပုံငွေအတွက် ငွေကျပ်နှစ်သိန်းတိတိလှူဒါန်းခဲ့သော ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) ကို သတိရမိ၍ ဖုန်းဆက်ကာ မိမိတို့ပြုလုပ်မည့်အစီအစဉ်ကို ပြောပြလိုက်ရာ ချက်ချင်းပင် လုပ်မည့်အစီအစဉ်ကိုဖြစ်အောင်လုပ်ဖို့ မိမိအနေဖြင့် ငွေဆယ်သိန်းလှူဒါန်းမည်ဖြစ်ကြောင်း ပြန်လည်ပြောဆိုလာသဖြင့် မိမိတို့အမှုဆောင်အဖွဲ့အားလုံး အံ့သြမဆုံးဝမ်းသာလို့ တပြုံးပြုံးဖြစ်ခဲ့ကြရသည်။

အစည်းအဝေးလုပ်နေဆဲမှာပင် ဦးကျော်ညွန့်ရည်ထံမှ ဖုန်းထပ်လာပြန်သည်၊ အလှူငွေဆယ်သိန်းအစားနောက်ထပ်ငါးသိန်းထပ်တိုးပြီး ဆယ့်ငါးသိန်းတိတိလှူမည်ဖြစ်ကြောင်း ပြောလာသဖြင့် မိမိတို့အမှုဆောင်အဖွဲ့အားလုံး အံ့သြခြင်း၊ ဝမ်းသာခြင်းတို့နှင့် သာဓုသုံးကြိမ်ခေါ်၍ ဦးကျော်ညွန့်ရည်တို့ဇနီးမောင်နှံ ရာသက်ပန် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကာ အလှူရေစက်လက်နှင့်မကွာရှိပါစေကြောင်းကိုလည်း ဆုတောင်းမေတ္တာပို့သလိုက်မိပါတော့သည်။

မိမိတို့အစည်းအဝေးမှ တစ်ထိုင်တည်းဖြင့် အမှုဆောင်အဖွဲ့ဝင်များမှ လှူဒါန်းငွေဆယ်သိန်းသုံးသောင်းနှင့် ဦးကျော်ညွန့်ရည်မှ လှူဒါန်းငွေဆယ့်ငါးသိန်းပေါင်း နှစ်ဆယ့်ငါးသိန်းသုံးသောင်းကျော် အလှူငွေရရှိလာသဖြင့် မိမိတို့လုပ်မည့်အစီအစဉ်အတွက် ပိုမိုအားရှိလာပါတော့သည်။ ရရှိလာသည့် ငွေပေါ်မူတည်၍ မည်သို့တာဝန်ခွဲဝေလုပ်ကိုင်ကြမည်နှင့် အခမ်းအနားပြုလုပ်မည့်ရက်ကိုလည်း ၂၆. ၃. ၂၀၁၇ ရက် (တနင်္ဂနွေ) နေ့တွင် ကျင်းပရန် အတည်ပြုရွေးချယ်ခဲ့ကြသည်။

**အလှူရှင်၏ စေတနာရက်ရောမှု**

၃. ၃. ၂၀၁၇ ရက်နေ့ နံနက် ၉း၃၀ နာရီတွင် စာရေးသူအပါအဝင် ဦးဇော်၊ ဦးမြင့်ဆွေ (စာတည်းမှူးချုပ်-ငြိမ်း) အသင်းဥက္ကဋ္ဌတို့နှင့်အတူ ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော်တို့နေအိမ်သို့ သွားရောက်ခဲ့ပါသည်။ ဦးကျော်ညွန့်ရည်တို့ဇနီးမောင်နှံက မိမိတို့အဖွဲ့ကို အပြုံးဖြင့်ဆီးကြိုနေသည်ကိုတွေ့ရပြီး အဖွဲ့လိုက်စုံစုံလင်လင်လာကြသည်ကို သူတို့ဇနီးမောင်နှံက ဝမ်းသာနေကြသည်။ အိမ်ထဲရောက်သည်နှင့် ဦးကျော်ညွန့်ရည်ကလည်း သတင်းစာများကို လက်ပွေ့ရောင်းချရာမှ ကိုယ်စားလှယ်ဘဝရောက်ရှိခဲ့ရပုံများကို ရှေးဟောင်းနှောင်းဖြစ် အားပါးတရပြောပြနေ၍ နားထောင်ရသည်မှာ အတုယူစရာ၊ ဂုဏ်ယူစရာများပင် ရလိုက်မိပါသည်။

သတင်းစာသမားတို့ဘဝ အခက်အခဲပေါင်းမြောက်မြားစွာကို ဖြတ်သန်းခဲ့ပြီးမှ ယနေ့လက်ရှိဘဝကို ရောက်ရှိခံစားခဲ့ရသည်။ ဦးကျော်ညွန့်ရည်ကိုလည်း ဂုဏ်ယူလေးစားမိပါသည်။ သည်ထက်ပို၍ ဂုဏ်ယူမိသည်က ယနေ့တိုင် ဘဝတူသတင်းစာကိုယ်စားလှယ်များကို စာနာထောက်ထားပြီး ပေးကမ်းလှူဒါန်းချင်နေသည့် သူ၏စိတ်ဆန္ဒကိုပင်ဖြစ်သည်။

**ဆုမွန်ကောင်းများတောင်း**

ဦးကျော်ညွန့်ရည်က "အစတုန်းက ဆယ့်ငါးသိန်းလှူဖို့ပြောခဲ့တာပါ။ ဒါပေမယ့် ကျွန်တော်ဒီဘဝရောက်အောင် အစပျိုးမြေတောင်မြှောက်ပေးခဲ့တဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကျေးဇူးရှင်ဆရာသမားအချို့ကိုလည်းတွေ့ချင်၊ လှူချင်စိတ်ပေါ်လာလို့ ဆယ့်ငါးသိန်းကနေ သိန်းနှစ်ဆယ်လှူလိုက်တာပါ၊ ကျွန်တော်အိမ်မှာကြာကြာဆက်နေရင် စေတနာထပ်ပေါက်ပြီး ဒီထက်မကလှူချင်လာအုံးမှာပါ" ဟု ပြောလာသဖြင့် ဦးကျော်ညွန့်ရည်၏ အလှူကို သာဓုသုံးကြိမ်ခေါ်ပြီး အလှူရေစက်လက်နှင့်မကွာရှိပါစေကြောင်း ဆုမွန်ကောင်းများတောင်းပေးလိုက်ပါတော့သည်။

စာရေးသူတို့အဖွဲ့လည်း မိမိတို့နှင့် ရင်းနှီးရာရင်းနှီးကြောင်း အသိမိတ်ဆွေများထံ မိမိတို့ဆောင်ရွက်မည့်အစီအစဉ်ကိုပြောပြပြီး အလှူခံခဲ့ကြရာ အားလုံးက ဝမ်းသာအားရဖြစ်ကာ စေတနာပါပါဖြင့် တတ်နိုင်သမျှအလှူငွေများထည့်ဝင်လာကြရာ အခမ်းအနားမစမီ ငါးရက်အလိုတွင် စုစုပေါင်းအလှူငွေမှာ ကျပ်လေးဆယ့်ငါးသိန်းကျော်ရလာခဲ့သည်။ အခမ်းအနားပြုလုပ်သည့် ၂၆-၃-၂၀၁၇ ရက်နေ့တွင် အလှူ ရှင်ထပ်ပေါ်လာသဖြင့် အလှူငွေကျပ်ငါးသိန်းကျော်ထပ်မံ ရရှိခဲ့ပြန်သည်။

> "သတင်းစာများကို လက်ပွေ့ရောင်းချရာမှ ကိုယ်စားလှယ်ဘဝရောက်ရှိ . . .
>
> အလှူရေစက် လက်နှင့်မကွာ အမြဲရှိနေပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ဘဝသမားများအပေါ် ကိုယ်ချင်းစာနာ၊ စေတနာထားကာ ဘဝမမေ့သည့် ဇနီးမောင်နှံ . . ."

**ပထမအကြိမ်ကျင်းပ**

သို့ဖြစ်၍ မိမိတို့အလှူငွေစုစုပေါင်းကျပ် ငါးဆယ့်တစ်သိန်းကျော်ထိရလာသဖြင့် သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများ၏ ပထမဆုံးအကြိမ် မိတ်ဆုံစားပွဲ၊ ဆရာကန်တော့ပွဲနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင် ဝန်ထမ်းဟောင်းများကို ထိုက်ထိုက်တန်တန် အလှူဒါနပေးနိုင်ခြင်းသည် မိမိတို့အသင်းအမှုဆောင်များ၏ စည်းလုံးညီညွတ်မှု၊ တက်ကြွသည့်အားမာန်နှင့် လုပ်ချင်ကိုင်ချင်စိတ်ရှိကာ စေတနာထားဆောင်ရွက်ခဲ့ခြင်းနှင့် အလှူရှင်များစွာတို့၏ စုပေါင်းစေတနာထားပါဝင်လာမှုတို့ကြောင့်ပင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်တော့သည်။

ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲပြီးဆုံးသည့် နောက်ရက်များတွင် စာရေးသူနှင့်အတူ ဦးဇော်က ဦးဆောင်ကာ အခမ်းအနားကျင်းပသည့်နေ့ရက်တွင် ကျန်းမာရေးအခြေအနေနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် မတက်ရောက်နိုင်ခဲ့သည့် ဆရာသမားများထံ အိမ်တိုင်ရာရောက် သွားရောက်ပြီး ဂါရဝပြု ကန်တော့ခဲ့ကြရာ အချို့ဆရာသမားများမှာ အိပ်ရာထဲတွင်လဲနေပြီး စကားပြောချင်သော်လည်း ပါးစပ်သာဟပြီး အသံမထွက်နိုင်သည့်ဘဝကို မြင်ခဲ့ရ၍ စိတ်မကောင်းဖြစ်ခဲ့ရသည်။ အော်. . . တစ်နေ့ကိုယ်လည်း ဒီလိုဘဝမျိုးကိုရောက်လာရဦးမှာပါလားဆိုသည့် သံဝေဂတရား ရင်မှာပိုက်ပြီး နှုတ်ဆက်ကန်တော့ကာ ပြန်လည်ထွက်ခွာခဲ့ရပေတော့သည်။

**မပြီးဆုံးသေးသောအလှူ**

သင်္ကြန်အတက်နေ့ဖြစ်သည်။ စင်ကာပူနိုင်ငံ National Hert Centre Singapore တွင် ဆေးစစ်ခံယူနေသော ဦးကျော်ညွန့်ရည်က ဦးဇော်ထံ ဖုန်းဆက်လာပါသည်။ "ကိုဇော်၊ နှစ်ဆန်းတစ်ရက်နေ့ ဘာလုပ်ဖို့အစီအစဉ်ရှိလဲ။ နှစ်ဆန်းတစ်ရက်နေ့ အလှူဒါနတစ်ခုလုပ်ပေးချင်တယ်။ ကိုဇော်တို့လုပ်ချင်တာပြောပါ" ဟု ပြောလာသည်။

ဦးဇော်ကလည်း သတင်းစာပို့လုပ်ငန်းကို အသက်အရွယ်ကြီးရင့်လာသည့်တိုင် နှစ်ရှည်လများလုပ်ကိုင်လာခဲ့တဲ့ ကိုယ်စားလှယ်ကြီးနှစ်ဦးနှင့် အငြိမ်းစားယူပြီး အသက်အရွယ်ကြောင့် ကျန်းမာရေးချို့တဲ့ကာ အိပ်ရာထဲလဲနေရှာတဲ့ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းကြီးများကို ကူညီထောက်ပံ့ချင်ကြောင်း ပြန်လည်ပြောပြလိုက်သဖြင့် ဦးကျော်ညွန့်ရည်မှ ငွေဆယ့်ငါးသိန်းပို့ပေးလိုက်မည်၊ သတင်းစာကိုယ်စားလှယ်ကြီးနှစ်ဦးနှင့် နာမကျန်းဖြစ်နေသော ဝန်ထမ်းဟောင်းများအတွက် တစ်ဦးလျှင် ကျပ်နှစ်သိန်းစီ ထောက်ပံ့ပေးဖို့အကြောင်း ပြောလာပါသည်။

**နှစ်ဆန်းတစ်ရက်နေ့ အလှူ**

နှစ်ဆန်းတစ်ရက်နေ့ နံနက် ၈ နာရီတွင် စာရေးသူအပါအဝင် ဦးဇော်နှင့် ဦးမြင့်ဆွေတို့က အသက်အရွယ်ကြီးမြင့်သည့်တိုင် သတင်းစာပို့လုပ်ငန်းကို တစိုက်မတ်မတ် ယနေ့တိုင်အောင်လုပ်ကိုင်နေဆဲဖြစ်သည့် တာမွေ (၁) သတင်းစာကိုယ်စားလှယ် အသက် ၈၅ နှစ်ရှိ အဘဦးအောင်သန်းနှင့် ကျောက်တံတားမြို့နယ် သတင်းစာကိုယ်စားလှယ် အသက် ၇၃ နှစ်ရှိ ဦးရွှေပေါ်တို့ကို တစ်ဦးလျှင် ကျပ်နှစ်သိန်းစီ ထောက်ပံ့ကူညီပေးခဲ့ပါသည်။

ဤသို့ကူညီထောက်ပံ့ အလှူငွေပေးရခြင်းမှာလည်း စင်ကာပူတွင် ဆေးစစ်ခံနေသည့် ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော်တို့မှ လှူဒါန်းငွေကို မိမိတို့ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှတစ်ဆင့် လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သတင်းစာကိုယ်စားလှယ်ကြီးနှစ်ဦးကို ရှင်းပြခဲ့ရာ ကိုယ်စားလှယ်အဘနှစ်ဦးကလည်း ဦးကျော်ညွန့်ရည်တို့ဇနီးမောင်နှံ ရာသက်ပန်ကျန်းမာရွှင်လန်းပြီး စိတ်ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းများတောင်းပေးကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုခဲ့ကြသဖြင့် ကြားခံတစ်ဆင့်အလှူဒါနဖြစ်မြောက်အောင်ဆောင်ရွက်ပေးခဲ့သည့် မိမိတို့အဖွဲ့အားလုံးကလည်း မျှဝေပီတိဖြစ်ခဲ့ရပေသည်။

ဆက်လက်၍ မြောက်ဒဂုံမြို့နယ် (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းတွင်နေထိုင်သော သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူခဲ့သော အဘဦးမွေးကြည်ထံသို့ သွားရောက်ပြီး နှစ်ရှည်လများ ဆေးကုသမှုခံနေရရှာသည့် အဘအတွက် အလှူငွေကျပ်နှစ်သိန်းတိတိကိုလည်း ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော်တို့ကိုယ်စား ပေးအပ် လှူဒါန်းခဲ့ပါသည်။

**ဘဝမမေ့သည့် ဇနီးမောင်နှံ**

စာရေးသူတို့၏ သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းအပေါ် ကရုဏာ၊ မေတ္တာ၊ စေတနာ၊ မုဒိတာအပြည့်ထားပြီး စာရေးသူတို့ဖြစ်စေချင်သည့် "ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲ" ဖြစ်မြောက်အောင် အဓိကကူညီပံ့ပိုးပေးခဲ့သည့် ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) တို့၏ "အလှူရေစက် လက်နှင့်မကွာအမြဲရှိနေပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ ဘဝသမားများအပေါ် ကိုယ်ချင်းစာနာ၊ စေတနာထားကာ ဘဝမမေ့သည့် ဇနီးမောင်နှံ"ဟုဆိုကများမည်မဟုတ်သကဲ့သို့ ဦးကျော်ညွန့်ရည်လို ကျေးဇူးကြီးမားသည့် ဘဝသမားတစ်ဦးကိုတော့ အစဉ်လေးစားလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) အား ဤဆောင်းပါးဖြင့် ဂုဏ်ပြုလျက်။**

# မြေယာမဲ့တောင်သူများအတွက် စိုက်ပျိုးမြေဖော်ထုတ်၍အခမဲ့ခွဲဝေပေး

**ဗန်းမော် မေ ၂၃**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ် တိန်းသော်ကျေးရွာအုပ်စုရှိ တိန်းသော်ကျေးရွာ၊ နောင်းလန်ကျေးရွာနှင့် တိန်းသော်ကျေးရွာသစ်တို့မှ လယ်မဲ့ယာမဲ့တောင်သူ ၆၇ ဦးတို့အား စိုက်ပျိုးမြေ ဧက ၁၉၀ ဖော်ထုတ်၍ မဲနှိုက်စနစ်ဖြင့် အခမဲ့ခွဲဝေပေးအပ်ပွဲအခမ်းအနားကို မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီက တိန်းသော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ် လယ်မြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးမင်းမင်းဇော်က စိုက်ပျိုးမြေဧက ၁၉၀ ဖော်ထုတ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ ဗန်းမော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး ဦးအောင်ကျော်စိုးက ကွင်းအလိုက်ခွဲဝေပေးမည့် စိုက်ပျိုးမြေ ဧက ၁၉၀ နှင့် ပတ်သက်၍ လယ်ယာမြေ စည်းမျဉ်းစည်းကမ်းဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် လယ်ယာမဲ့တောင်သူများက သိလိုသည်များကို မေးမြန်းခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ဗန်းမော်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ရပ်မိရပ်ဖတို့၏ ရှေ့မှောက်တွင် တိန်းသော်ကျေးရွာအုပ်စု၌ ဖော်ထုတ်ထားသော ကွင်းသုံးကွင်းရှိ စိုက်ပျိုးမြေ ဧက ၁၉၀ ကို တိန်းသော်ကျေးရွာ၊ နောင်းလန် ကျေးရွာနှင့် တိန်းသော်ကျေးရွာသစ်တို့မှ မြေယာမဲ့တောင်သူ ၆၇ ဦးထံသို့ သက်ဆိုင်ရာကွင်းများအလိုက် မဲနှိုက်ခွဲဝေ၍ အခမဲ့ပေးအပ်ခဲ့ရာ မြေယာမဲ့တောင်သူများကိုယ်စား ကျေးရွာ ကိုယ်စားလှယ်(၁) ဦးစီတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

အဆိုပါ မြေယာမဲ့တောင်သူများအတွက် စိုက်ပျိုးမြေဧက ၁၉၀ ကို ဗန်းမော်ခရိုင် မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေသိန်း ၉၅၀ ဖြင့် ဇန်နဝါရီ ၁၈ ရက်မှ မတ် ၃၁ ရက်ထိ ထွန်စက်ငါးစီး၊ ဒိုဇာစက်တစ်စီးနှင့် လုပ်ငန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## လော်ဝေါ်စာပေ ဆရာဖြစ်သင်တန်းဆင်းပွဲကျင်းပ



**ဝိုင်းမော် မေ ၂၃**
ဝိုင်းမော်မြို့နယ် လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးဖွင့်လှစ်သည့် (၁၆)ကြိမ်မြောက် လော်ဝေါ်စာပေ ဆရာဖြစ်သင်တန်းဆင်းပွဲကို ဝိုင်းမော်မြို့ ရပ်ကွက်(၂)ရှိ ဒူဝါလော်ဝါးဇောင်းခေါင်ခန်းမ၌ မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ လော်ဝေါ်ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးရှီဇော်လွမ်းဇောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် အစိုးရအဖွဲ့ ကိုယ်စား ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်နှင့် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်တို့က တိုင်းရင်းသားရေးရာကိစ္စရပ်များအား တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေးများအား ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် စာပေနှင့် ယဉ်ကျေးမှုများကို တိုင်းရင်းသားမျိုးနွယ်စုအလိုက် ထိန်းသိမ်းကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ပြီး သင်တန်းမှူး ဆရာဦးနဘုတ်ဒိုင်လွမ်းမှ သင်တန်းနှင့် ပတ်သက်သည်များအား ရှင်းလင်းတင်ပြပေးခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြ ဦးဂေါ့ဖိုက်လွမ်းခေါင်က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ချီးမြှင့်ကာ ထူးချွန်သင်တန်းသားသင်တန်းသူများအား လော်ဝေါ်စာပေယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါ သင်တန်းတွင် သင်တန်းမှူးနှင့် နည်းပြ ခြောက်ဦးက လော်ဝေါ်စာပေအရေးအသား (သဒ္ဒါ၊ ဗျည်း၊ သရ)၊ လော်ဝေါ်ရိုးရာ ဂီတနှင့် တေးသီချင်း၊ လော်ဝေါ်ရိုးရာ နောက်ခံသမိုင်းနှင့် ရိုးရာဓလေ့၊ ဘာသာစကား၊ ကိုးကွယ်မှုဘာသာစသည်တို့အား မေ ၁၂ ရက်မှ ၂၂ ရက်အထိ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့သည်။

ကချင်ပြည်နယ်အတွင်းရှိ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်၊ စသည့်မြို့နယ်များမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းသားသင်တန်းသူများက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆိုပါမြို့နယ်များရှိကျောင်းများ၌ လော်ဝေါ်စာပေ ဘာသာရပ်အား ဆင့်ပွားသင်ကြားပေးသွားမည်ဖြစ်ကြောင်း လော်ဝေါ်စာပေယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌထံမှ သိရသည်။ **သူရိန်စိုး(ကချင်မြေ)**

## ဂန့်ဂေါတွင် မူခင်းကျဆင်းရေး ဆွေးနွေး

**ဂန့်ဂေါ မေ ၂၃**
မူခင်းကျဆင်းရေးအတွက် ရဲနှင့်ပြည်သူတွေ့ဆုံဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်လင်းက ပြီးခဲ့သည့် မဟာသင်္ကြန်ကာလတွင် ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်တို့၌ မူခင်းအဖြစ် ယာဉ်တိုက်မှုတစ်ခုသာရှိကြောင်း၊ ယခုကဲ့သို့ မူခင်းကျဆင်းသွားခြင်းသည် ရဲနှင့်ပြည်သူပူးပေါင်းဆောင်ရွက်ရခြင်း၏ ရလဒ်ကောင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများက လိုအပ်သည်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။ **(၄၆၅)**

## နွေရာသီတွင် မန္တလေးမြို့ ရေသန့်ဖြန့်ချိမှု သုံးဆခန့်အထိတိုးမြှင့်

**မန္တလေး မေ ၂၃**
မန္တလေးမြို့တွင် ရေသန့်စက်ရုံများတည်ထောင်ကာ အိမ်အရောက်ဝန်ဆောင်မှုပေး၍ ဈေးကွက်ချဲ့ထွင်လာကြသည်။ မန္တလေးမြို့နှင့် အနီးကျေးရွာများအထိ ကားများဖြင့် လိုက်လံပို့ဆောင်ပေးကြသည်။ ရေသန့်စက်ရုံများမှာ ကားများ သုံးဘီးဆိုင်ကယ်များဖြင့်ဖြန့်ချိလျက်ရှိသည်။ ယခုနှစ်နွေရာသီ မန္တလေးမြို့ ရေသန့်ဘူးရောင်းချမှုတွင် ဆောင်းရာသီထက်သုံးဆခန့်အထိ တိုးမြှင့်ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

ရေသန့်စက်ရုံများမှာ လုပ်သားများကို စားရိတ်ငြိမ်းလခစားသမားများခေါ်ယူကာ ဖြန့်ချိကြသည်။ အများအားဖြင့် ရောင်းခြင်းမောင်းခြင်းက ပူးတွဲလုပ်ဆောင်ရသည်။ သုံးဘီးဆိုင်ကယ်တစ်စီးလျှင် ရေသန့်ဘူး (၂၀) လီတာ ဝင်ဘူး (၄၀) အထိ တင်ဆောင်နိုင်သည်။ တစ်ပိုင်တစ်နိုင်ရေသန့်စက်ရုံများတွင် ကားငါးစီး၊ သုံးဘီးဆိုင်ကယ်လေးစီးမျှဖြင့် မြို့တွင်းဖြန့်ချိပေးကြသည်။

အများစုမှာ ရပ်ကွက်အတွင်း အိမ်များကို တိုက်ရိုက်ပို့ဆောင်ပေးပြီး (၂၀)လီတာဝင်တစ်ဘူးကို ငွေကျပ် ၃၅၀ ဖြင့်ရောင်းချပေးသည်။ ကိုယ်စားလှယ်ယူသည့် အိမ်ဆိုင်များတွင် တစ်ဘူးလျှင် ငွေကျပ်၃၀၀ ဖြင့် ဖောက်သည်ပေးကြသည်။ ရေဘူးများကို ရောင်းချရာတွင် တံဆိပ်တူပါက ဘူးလဲလှယ်ပေးခြင်းများ ပြုလုပ်ပေးသည်။

လက်ရှိကာလ နွေရာသီတွင် သုံးဘီးဆိုင်ကယ်တစ်စီးလျှင် အနည်းဆုံးခြောက်ခေါက်မှ ရှစ်ခေါက်အထိ ပို့ပေးနေရသည်။ ဆောင်းတွင်းပိုင်းထက် သုံးဆခန့် ပိုမိုဖြန့်ချိပေးနေရသည်။ အချို့အိမ်များတွင် လဲလှယ်ထည့်ပေးရသည်အထိ ဝန်ဆောင်မှုပေးရကြောင်း ရေသန့်ဘူးဖြန့်ချိသူတစ်ဦးက ရှင်းပြသည်။

**တီမ်တမန်**

## ကဒူးတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲ ခုနစ်ရက်တိုင်တိုင်ကျင်းပမည်

**အင်းတော် မေ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် စက်တောအုပ်စု စက်တောကျေးရွာတွင် ကဒူးတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး ပြိုင်ပွဲကို မြန်မာနိုင်ငံနေရာအနှံ့အပြား၌ ရောက်ရှိနေသော ကဒူးတိုင်းရင်းသားများ စုစည်းညီညွတ်မှုဖြင့် ၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၉ ရက်မှ လပြည့်နေ့ထိ) မေ ၄ ရက်မှ ၁၀ ရက် အထိ ၇ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့ရောက်ရှိသော ကဒူးတိုင်းရင်းသားများ စုစုစည်းစည်း တွေ့ဆုံစေချင်တယ်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကိုလည်း ဖော်ထုတ်ထိန်းသိမ်းစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကဒူးလူငယ်များနဲ့ ရိုးရာယဉ်ကျေးမှုဖော်ထုတ်ပွဲကို ကျင်းပမှာဖြစ်လို့ အနယ်နယ်အရပ်ရပ်မှာရောက်ရှိနေကြတဲ့သူများကိုလည်း လာရောက်ပြီး ပါဝင်ဆင်နွှဲကြစေချင်ပါတယ်။ အဆို၊ အကပြိုင်ပွဲဝင်မယ့်သူများကို အကြို/အပို့တာဝန်ယူပေးမယ့်အပြင် ဒီပွဲကို တက်ရောက်အားပေးကြမယ့် ရွာတွေ ပရိသတ်အတွက်လည်း ကားများစီစဉ်ပေးနိုင်ဖို့ကြိုးစားထားကြတယ်" ဟု မမေနွယ်အေးက ပြောပြသည်။



ကဒူးတိုင်းရင်းရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲတွင် ဗျောတီးပြိုင်ပွဲ၊ ဒိုးပတ်တီး ပြိုင်ပွဲ၊ ကဒူးရိုးရာနောက်ပိုးအကပြိုင်ပွဲ၊ ရိုးရာအကပြိုင်ပွဲ၊ ကဒူးတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ (အုပ်စုလိုက်)နှင့် အဆိုပြိုင်ပွဲတွင် မြန်မာသံဖြင့် သီဆိုမှု၊ ကဒူးသံဖြင့်သီဆိုမှု၊ ကိုယ်ပိုင်သံစဉ်ဖြင့်သီဆိုမှု အစရှိသဖြင့် ကဏ္ဍအသီးသီးပါဝင်ပြီး ပြိုင်ပွဲဝင် တီးမှုတ်မှုတွင် အနောက်တိုင်းဂီတသံများ မပါဝင်စေဘဲ တိုင်းရင်းသားရိုးရာအတီးအမှုတ်ဖြင့် ရိုးရာအစဉ်အလာမပျက်စေဘဲ ယှဉ်ပြိုင်စေမည်ဟု သိရပါသည်။

ခုနစ်ရက်တိုင်တိုင် ကျင်းပမည့်ပွဲဖြစ်သည့်အတွက် ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိပြီး ပံ့ပိုးကူညီပေးကြပါရန်ဖိတ်ခေါ်ပါကြောင်း၊ ကဒူးတိုင်းရင်းသားတို့၏ တိမ်မြုပ်ပျောက်ကွယ်နေသည့် ယဉ်ကျေးမှုအမွေကို မီဒီယာများက ဖော်ထုတ်ကူညီပေးကြစေလိုကြောင်း ဆရာတော်အရှင်ကိတ္တိသာရက မိန့်ကြားသည်။

**ကိုမင်း(အင်းတော်)**

## သကြၤန်မိုးရွာသွန်းပြီး တောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်

**တပ်ကုန်း မေ ၂၃**
သင်္ကြန်ရက်များအတွင်းက မိုးရွာသွန်းခဲ့သော အစိုဓာတ်ဖြင့် နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများ လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်ကြပြီဖြစ်သည်။

ယင်းသို့ လယ်ယာလုပ်ငန်းခွင်စတင်ဝင်ရောက်ရာတွင် လယ်ယာမြေများ၌ ထယ်ထိုးခြင်း၊ ထယ်ရေးပြင်ခြင်း၊ ဝါပင်ကိုင်းခြောက်၊ ငရုတ်ပင်ကိုင်းခြောက်၊ ခရမ်းပင်ကိုင်းခြောက်၊ ရွှေယင်းမာပင်ခြောက်များ ခုတ်ထွင်မီးရှို့ဖျက်ဆီးခြင်းနှင့် ပေါင်းမြက်တို့ကို စတင်ရှင်းလင်းဆောင်ရွက်ကြသည်။ သီးနှံဆောင်ရွက်ရန်အတွက် နေ့စားလုပ်သားတစ်ဦးငှားရမ်းပါက အရပ်ဒေသအလိုက် ဈေးနှုန်းကွာဟချက်ရှိပြီး ငွေကျပ် ၂၀၀၀မှ ကျပ် ၃၀၀၀ ဝန်းကျင်ပေးရကြောင်း၊ နွားထွန်၊ ထယ်တစ်ရှဉ်း တစ်မနက်ငှားလျှင် ငွေကျပ် ၅၀၀၀ မှ ကျပ် ၆၀၀၀ ထိပေးရကြောင်း၊တချို့လယ်ယာမြေများတွင် စက်များငှား၍ ထွန်ယက်ကြသည်။

"ယခုနှစ်သင်္ကြန်မှာရွာတဲ့မိုးက သီးနှံစိုက်နိုင်လောက်တဲ့ အနေအထား ရွာသွားတယ်။ စိုက်ရက်စောအောင် တချို့တောင်သူကလည်း နေ့စားငှား၊ စက်ငှားပြီး လုပ်ငန်းခွင်ဝင်ကြပါတယ်။ ဒီအနေအထားဆိုရင် ဒီနှစ်မိုးဦးက သီးနှံအစောစိုက်ရပါတယ်"ဟု ဆင်သေကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

ယခုနှစ်မိုးဦးတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အစိုဓာတ်ရရှိသော လယ်ယာမြေများတွင် သီးနှံစိုက်ပျိုးရန် ထွန်ယက်နေကြပြီဖြစ်ကာ မြေအစိုဓာတ်ရရှိမှုအနေအထားအပေါ် မူတည်ပြီး နှမ်း၊ ပဲတီစိမ်းကိုသာ အများဆုံးစိုက်ပျိုးကြမည်ဖြစ်၍ ပဲတီစိမ်းမျိုးတစ်ပြည်က ကျပ် ၃၅၀၀၊ နှမ်းမျိုးက ကိုယ်ပိုင်နှမ်းမျိုးအသုံးများကြသည်ဟု သိရပြီး၊ တချို့တောင်သူများမှာ နောက်ပိုင်းတွင် ရာသီဥတုအနေအထားကြည့်၍ ပြောင်းသီးနှံစိုက်ပျိုးကြမည်ဟု သိရသည်။

**တင်စိုးလွင်**

# အောက်မြန်မာပြည်

## မြောက်ဦး၌ လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး ပြည်သူများသို့ အသိပညာပေးစာစောင်များ ဖြန့်ဝေ

**မြောက်ဦး ဧပြီ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်၌ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပြည်သူများသို့ လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဧပြီ ၂၃ ရက် နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်များနှင့် လူများစည်ကားရာနေရာများတွင် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်ပြီး မြောက်ဦးမြို့နယ် ရွာဟောင်းတောကျေးရွာအုပ်စု ရွာဟောင်းတောကျေးရွာနှင့် မောင်သာကုန်းကျေးရွာတို့တွင် ပြည်သူများသို့ လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ မြောက်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အသိပညာပေးဟောပြောပြီး ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့သည်။

ယင်းနောက် ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူ ၁၅၀ တို့ကို တာဝန်ရှိဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## အိမ်မဲတွင် မြို့နယ်အခြေပြုမူလတန်းဆရာအတတ်သင်တန်းဖွင့်

**အိမ်မဲ ဧပြီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့်သင် ဆရာ၊ ဆရာမများ မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်းဖွင့်ပွဲကို ဧပြီ ၂၂ ရက် နံနက် ၈ နာရီက အထက(၁) ရွှေညီလာခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် အိမ်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာတို့က သင်တန်းအဖွင့်အမှာစကား ပြောကြားပေးခဲ့ပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်မေလွင်လွင်က သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာကိစ္စများ ရှင်းလင်းပြောကြား ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် သင်ရိုးဘာသာရပ် ၁၂ မျိုး သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းဆရာ ဆရာမ ၁၃ ဦးတို့က အိမ်မဲမြို့နယ်အတွင်းရှိ အခြေခံပညာမူလ တန်းပြ ဆရာ ဆရာမ ၇၀ တို့အား ဧပြီ ၂၂ ရက်မှ မေ ၁၉ ရက်အထိ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## အမျိုးသမီးငယ်များ လွဲမှားသောအယူအဆမရှိစေရန် အသိပညာပေးဟောပြော

**မော်လမြိုင်ကျွန်း ဧပြီ ၂၃**

မော်လမြိုင်ကျွန်းမြို့ နယ် ကျော်ဇံကျေးရွာတွင် ဧပြီ ၂၁ ရက် မွန်းလွဲ ၂ နာရီက ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးပပနှင့်အဖွဲ့ဝင်များသည် လောကဇိနမာန်အောင်ဘုရားတန်ဆောင်းအတွင်း၌ အမျိုးသမီးငယ်များ လွဲမှားသောအယူအဆမရှိစေရန် အသိပညာပေးဟောပြောသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးပပက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နုနုဦးက မြန်မာ အမျိုးသမီးများ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းတတ်စေရန်နှင့် အမျိုးသမီးငယ်များ လွဲမှားသောအယူအဆမရှိစေရန် အသိပညာပေးဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျော်ဇံကျေးရွာအတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက် ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း(မြင့်အောင်)**



## ငပလီကမ်းခြေ သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်



**ငပလီ ဧပြီ ၂၃**

ငပလီမြို့ကမ်းခြေ သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဧပြီ ၂၂ ရက် နံနက် ၇ နာရီက အများပြည်သူအပန်းဖြေနေရာ လမ်းဘေးဝဲယာနှင့် ကမ်းခြေတစ်လျှောက်ရှိ တင်ကျန်နေသည့် အမှိုက်သရိုက်များ၊ ချုံနွယ်ပေါင်းပင်များအား ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငပလီကမ်းခြေသည် ကမ္ဘာကျော်ကမ်းခြေတစ်ခု ဖြစ်သည့်အပြင် အနယ်နယ်အရပ်ရပ်မှ လာရောက် အပန်းဖြေသူများ စိတ်ချမ်းမြေ့စွာ အနားယူ အပန်းဖြေနိုင်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး အတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူလှိုင်ကပြော သည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်မှုသို့ သံတွဲမြို့ နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် ဝန်ထမ်းများ၊ မြို့အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၀ ခန့် စုပေါင်း၍ တပျော်တပါး သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖြူးမြို့နယ်အတွင်း ကျေးရွာချင်းဆက်တံတားနှစ်စင်းဖွင့်လှစ်

**ဖြူး ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဘန်းလောင်ကျေးရွာ အုပ်စု၌ ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက ကျေးရွာ ချင်းဆက်တံတားနှစ်စင်းဖွင့်ပွဲအခမ်းအနား ပြုလုပ် သည်။

ရှေးဦးစွာ ဖြူး-ဘန်းလောင်လမ်းမကြီးမှ လှသင်း မောင်ကျေးရွာအုပ်စု ဆက်သွယ်ရေးလမ်းခွဲပေါ်ရှိ အလျား ၁၄ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေ မြောင်းကူးတံတားအား ပဲခူးတိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးဝင်းသိန်း၊ ဖြူးမြို့နယ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးမြသောင်း၊ တိုင်းဒေသ ကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၊ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး နှင့် အလှူရှင်ဦးမောင်မွှေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည် များပက်ဖျန်းပေးကြပြီး လက်ပံတန်းကျေးရွာနှင့် ထောက်ကြန့်ကွင်းကျေးရွာချင်းဆက် အလျား ၁၄ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ မြောင်းကူး တံတား ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် လက်ပံတန်းကျေးရွာဘုန်းတော်ကြီး ကျောင်းဓမ္မာရုံအတွင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဝန်ကြီးချုပ်က မိမိတို့ဒေသဖွံ့ဖြိုးရန် အတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်း တွေ့ရှိရသဖြင့် အစိုးရအဖွဲ့အနေဖြင့် ကျေးဇူးတင် ကြောင်း၊ ပြောင်းလဲရာတွင် အစိုးရ၊ လွှတ်တော်တွေ ပြောင်းလဲသည့်အပြင် ပြည်သူများကပါတစ်ပြိုင် တည်းပြောင်းလဲကြရန်လိုကြောင်း၊ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေးကဏ္ဍများအား အစိုးရအဖွဲ့မှ တာဝန် ယူဆောင်ရွက်ပေးရမည်ဖြစ်သလို ပြည်သူများမှ လည်း ဟန်ချက်ညီစွာ ပူးပေါင်းပါဝင်ဆောင်ရွက် ပေးရန်လိုအပ်ကြောင်း ပြောကြားပြီး ဒေသခံများ၏ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များအား ပေါင်း စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတံတားများဖွင့်လှစ်ပေးခြင်းကြောင့် လက်ပံတန်း၊ ကင်မွန်းခြုံ၊ လှသင်းမောင်၊ မကျီးကုန်း၊ ဘန်းလောင်၊ ကျောက်စောင်း၊ ချောင်းကောက်၊ အကြာအင်း စသည့်ကျေးရွာများ ဆက်သွယ်သွား လာနိုင်သည့်အပြင် ဖြူးမြို့၊ အုတ်တွင်းမြို့၊ တောင်ငူ မြို့၊ ရွှေကျင်မြို့များသို့လည်း ဆက်သွယ်သွားရောက် နိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသား အရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သက်ြန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်းစသည်တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောထီး၊ ဦးထုပ် စသည်တို့ကိုဆောင်းသွားပါ။

(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ထဲမထွက်မီ (၁၅)မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန် ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန် ကို တပ်ဆင်သင့်ပါသည်။

(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင်သဖြင့်-

- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့မဟုတ်)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များဝတ်ဆင်ပေးပါ။ နေကာမျက်မှန်တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# အထည်ဈေးကွက်အေးနေ၍ စက်ရက်ကန်းလုပ်ငန်းများအလုပ်ဖြစ်မှုနည်းပါး



**အမရပူရ မေ ၂၃**

ချည်ကုန်ကြမ်း ဈေးတက်ကာ ကုန်ချောအထွက်နည်းသည့်အတွက် စက်ရက်ကန်းလုပ်ငန်းများ အလုပ်ဖြစ်မှုနည်းပါးလျက်ရှိသည်။ ယခင်က ချည်အရိုင်းတစ်ဘေလျှင် ငွေကျပ်လေးသိန်းနှစ်သောင်းဖြင့် ဝယ်ယူရပြီး ယခုအခါချည်အရိုင်းတစ်ဘေလျှင် ငွေကျပ်လေးသိန်းငါးသောင်းကျော်ပေးဝယ်ကြရသည်။ စက်ရက်ကန်းမှ ထွက်လာသောကုန်ချောအထည်များမှာ ရောင်းအားကျဆင်းလျက်ရှိနေသည်။ အထည်ဒိုင်များမှလည်း အထည်ကိုအကန့်အသတ်ဖြင့်သာ လက်ခံသည့်အတွက် ရက်ကန်းစင်တစ်ဝက်ကိုရပ်ပြီး တစ်ဝက်ဖြင့် ထိန်းကာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ရက်ကန်းဈေးအေးသည်မှာ လေးလခန့်ရှိသည့်အတွက် အထည်မလှောင်နိုင်သူများမှာ အခက်အခဲဖြစ်သလို ရက်ကန်းခတ်သူများမှာလည်း အထည်ရရှိမှုနည်းလာသည့်အတွက် နေ့တွက်မကိုက်ဖြစ်ကာ အခြားအလုပ်များကို ပြောင်းလဲလုပ်ကိုင်လာကြသည်။ နေ့တွက်မကိုက်သည့်အတွက် ကျွမ်းကျင်လုပ်သားများ ရက်ကန်းခတ်မှုနည်းလာသည်။ အခြားနယ်မှ ပညာသင်များကို ပညာသင်ပေးရင်း ရက်ကန်းခတ်ခြင်းများကို ပြုလုပ်နေရသည်။ ရက်ကန်းလုပ်ငန်းရှင်အတွက် တွက်ခြေမကိုက်သလို ရက်ကန်းခတ်သူများလည်း လုပ်ခနည်းပါးလာသည့်အတွက် ယောကျ်ားကလေး အများစုမှာ အခြားလုပ်ငန်းများကို ပြောင်းရွှေ့လုပ်ကိုင်လာသည်က များလာသည်။

ရက်ကန်းဈေး အေးခြင်းနှင့်အတူ အလုပ်ပြောင်းသူများပြားလျက်ရှိပြီး ရက်ကန်းလုပ်ငန်းရှင်များနှင့် ရက်ကန်းလုပ်သားများပါ အခက်တွေ့လျက်ရှိကြောင်း ရက်ကန်းလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

**တိမ်တမန်**

## ကျွန်းလှတွင် ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

**ကျွန်းလှ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့တွင် မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပျဉ်းမမြိုင်ရပ်ကွက်၊ ပိတောက်မြိုင်ရပ်ကွက်၊ အင်ကြင်းမြိုင်ရပ်ကွက်နှင့် သပြေမြိုင်ရပ်ကွက်တို့တွင် နှစ်စဉ်မိုးရာသီ၌ နေအိမ်များ ရေများဝင်ရောက်ကြောင်း၊ ရေမြောင်းများ ပိတ်ဆို့ပြီး ရေထွက်ပေါက်မရှိခဲ့ကြောင်း၊ ယခုလို ရေဆင်းရန်မြောင်းတွေ ဖော်ပေးမှသာ နေအိမ်တွေရေဝင်ရောင်မှု ကာကွယ်မည်ဖြစ်ကြောင်း ရပ်ကွက်နေဒေသခံပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ တူးဖော်ဆောင်ရွက်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် အတန်းကူးပြောင်းမှုစာရင်းများ ထုတ်ပြန်

**မြစ်ကြီးနား မေ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်းနှင့် အလယ်တန်းအဆင့် အတန်းကူးပြောင်းမှုစာရင်းများအား မေ ၂၃ ရက် နံနက် ၇ နာရီမှ စတင်ကာ သက်ဆိုင်ရာကျောင်းအလိုက် ထုတ်ပြန်ကြေညာခဲ့ရာ စာမေးပွဲဖြေဆိုထားသူ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများမှာ လာရောက်ကြည့်ရှုခဲ့ကြသည်။

ကချင်ပြည်နယ်အတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်းနှင့် အလယ်တန်းအဆင့် အတန်းကူးပြောင်း စာမေးပွဲများအား ခရိုင်အလိုက် အောင်မြင်မှုများမှာ ရာနှုန်းပြည့်နီးပါး အောင်မြင်မှုရရှိပြီး အလယ်တန်းအဆင့် အဋ္ဌမတန်း၌ မြစ်ကြီးနားခရိုင်တွင် ကျောင်းသား ကျောင်းသူ ၉၈၀၉ ဦးဖြေဆိုကာ ၉၇၇၄ ဦး အောင်မြင်ပြီး အောင်မြင်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၆၄၊ မိုးညှင်းခရိုင်တွင် ကျောင်းသား၊ ကျောင်းသူ ၉၇၀၀ ဖြေဆိုကာ ၉၆၈၃ ဦး အောင်မြင်ပြီး အောင်မြင်မှု ရာခိုင်နှုန်း ၉၉ ဒသမ ၈၂၊ ဗန်းမော်ခရိုင်တွင် ကျောင်းသား၊ ကျောင်းသူ ၅၈၂၃ ဦး ဖြေဆိုကာ ၅၈၁၀ အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၉၉ ဒသမ ၇၈ နှင့် ပူတာအိုခရိုင်တွင် ကျောင်းသား၊ ကျောင်းသူ ၁၇၁၂ ဦး ဖြေဆိုကာ ၁၆၉၈ ဦး အောင်မြင်ပြီး အောင်မြင်မှုရာနှုန်း ၉၉ ဒသမ ၁၈ ရှိခဲ့သည်။

အလားတူ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်းအဆင့် စတုတ္ထတန်း၌ မြစ်ကြီးနားခရိုင်တွင် ကျောင်းသား၊ ကျောင်းသူ ၁၁၇၅၆ ဦးဖြေဆိုကာ ၁၁၇၅၆ ဦး အောင်မြင်ပြီး ပူတာအိုခရိုင်တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၂၅၈၈ ဦးဖြေဆိုကာ ၂၅၈၈ ဦး အောင်မြင်သဖြင့် အောင်မြင်မှုရာနှုန်းပြည့်ဖြင့်လည်းကောင်း၊ မိုးညှင်းခရိုင်တွင် ကျောင်းသား၊ ကျောင်းသူ ၁၂၁၇၆ ဦးဖြေဆိုကာ ၁၂၁၇၄ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၉၉ ဒသမ ၉၈ နှင့် ဗန်းမော်ခရိုင်တွင် ကျောင်းသား၊ ကျောင်းသူ ၈၀၃၃ ဦးဖြေဆိုကာ ၈၀၂၈ ဦး အောင်မြင်ပြီး အောင်မြင်မှုရာခိုင်နှုန်း ၉၉ ဒသမ ၉၄ ရရှိခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**မိုးညို မေ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဟသ်ာချောင်အုပ်စု ရင်နှောင်းကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးသိန်းလွင်နှင့် ဆရာ၊ ဆရာမများ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းသည့် အလှူရှင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး ကျောင်းဆောင်အသစ်အား ‘စွမ်းထက်’ တိုင်းရင်းဆေးမိသားစုမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းလွင်မှ လက်ခံရယူခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိတစ်ထပ်ကျောင်းဖြစ်ပြီး ငွေကျပ် သိန်း ၁၂၀ ဖြင့် ‘စွမ်းထက်’ တိုင်းရင်းဆေးမိသားစုနှင့် စာနာထောက်ထားလူဝတ္တရား ပရဟိတအသင်း(ရန်ကုန်) မှ အလှူရှင်များက ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**



## လမ်းဘေးဝဲ၊ ယာများတွင် ရေမြောင်းမပါ၍ မိုးရွာသည့်အခါ ရေနစ်မြုပ်

**စစ်ကိုင်း မေ ၂၃**

စစ်ကိုင်းမြို့ မြို့ပေါ်ကျေးရွာရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများခင်းလျက်ရှိရာ တချို့လမ်းများမှာ ရေထွက်ပေါက်တစ်ခုအနေဖြင့် လမ်း၏လမ်းဘေးဝဲယာများတွင် ရေမြောင်းများ ထည့်သွင်းထားခြင်းမရှိသည့်အတွက် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါများ၌ ရေများတင်ကျန်၍ ယခင်က ခင်းထားသည့် လမ်းများပျက်စီးနိုင်ကာ အနိမ့်ပိုင်းနေရာများ ရေနစ်မြုပ်မှု ကြုံတွေ့လာနိုင်သည်။

စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ် ဆင်မြားရှင်စေတီတောင်ဘက်လမ်းကြားမှာ မကြာမီရက်ပိုင်းက ကိုယ့်အားကိုယ်ကိုးလမ်းအဖြစ် ခင်းထားရာ အများပြည်သူတို့ဖြတ်သန်းရာတွင် အဆင်ပြေလျက်ရှိပြီး မိုးရွာသွန်းသည့်အခါ၌ လမ်းဘေးဝဲ၊ ယာများတွင် ရေမြောင်းမပါသည့်အတွက် ရွှေဘို-မုံရွာသွား လမ်းမကြီးမှာ ရေနစ်မြုပ်မှုဖြစ်ခြင်း၊ အနိမ့်ပိုင်း ရပ်ကွက်အတွင်း ရေဝင်ရောက်လာနိုင်ခြင်းနှင့် ဖြတ်သန်းသည့် ကား၊ ဆိုင်ကယ်များ ယာဉ်တိုက်မှုအန္တရာယ်ပါ ဖြစ်လာနိုင်ကြောင်း သိရသည်။

**(၅၃၁)**




## မိုင်းဖြတ်မြို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မိုင်းဖြတ် မေ ၂၃**

ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်စေရန်နှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ကျရောက်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသာ လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၁၀ နာရီက မိုင်းဖြတ်မြို့နယ် ဟိုနားကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ကနိုင်ငံတော်မှ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြစိမ်းရောင်စီမံကိန်းမှ ထုတ်ချေးပေးငွေများကို အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းအတွက် စနစ်တကျအသုံးချပြီး တိုးတက်မှုရှိလာအောင် စိစစ်ထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းလောဝ်မှိုင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ ၂၀ ရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကျေးရွာအလိုက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် အခက်အခဲများ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိဌာနဆိုင်ရာများ၊ မြို့နယ်မြစိမ်းရောင် အကောင်အထည်ဖော်ရေး ကော်မတီဝင်များမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် ကျေးရွာနေပြည်သူများ၏ လူမှုဘဝအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်သည့်အပြင် ရရှိသည့်အတိုးငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာလမ်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အသုံးချနိုင်သည့်အတွက် များစွာအကျိုးရှိပါကြောင်း မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီတစ်ဦးက ပြောသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

## ဗသက(၆၂)
## ကျောင်းဆင်းသူငယ်ချင်းများသို့

ဧပြီ(၃၀)ရက်တွင် ကျရောက်မည့်(၃၅) နှစ်ပြည့် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်တွေ့ဆုံပွဲကို (PANDA HOTEL)တွင် (၁၈း၀၀)နာရီ ကျင်းပပြုလုပ်ပါမည်။ (၀၉-၅၀၀၀၃၈၇၊ ၀၉-၅၀၁၉၃၆၄၊ ၀၉-၅၁၀၄၃၇၄) တို့ကို ဆက်သွယ်ကြပါရန်။

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V DREAM BEAUTY V.1 သင်္ဘောသည် ၂၅-၄-၂၀၁၇ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဒဂုံမြို့သစ်**
**အရှေ့ပိုင်း**
**ဆိပ်ကမ်းမြို့နယ်**
**တောင်ပိုင်း၊** မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
**09-6809893**
**09-5120620**

## (၄၇)ကြိမ်မြောက်၊ (၄၅)ရက်
## သမထဝိပဿနာတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ (ထောက်ကြန့်မြို့အနီး) အောင်မင်္ဂလာမြေဗင်းတောရရိပ်သာ၌ မောင်းထောင်မြေဗင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယကဆရာတော် ဦးဇဝနက ၃၀-၄-၂၀၁၇မှ ၁၁-၆-၂၀၁၇အထိ ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက် အားထုတ်လိုသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်တကွ ၂၉-၄-၂၀၁၇ရက် (စနေနေ့) ညနေအရောက် လူကိုယ်တိုင် လာရောက်သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။ **ဖုန်း-၀၉-၇၃၁၀၉၈၃၈၊ ၀၉-၅၃၉၆၁၆၀**

ဒေါက်တာဦးကျော်ကျော်စိုး + ဆရာမကြီးဒေါ်ယဉ်ဖိစိမ်း ၁၉၉၆တွင်တည်ထောင်သည်။



၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ကျား / မဘော်ဒါဆောင် သီးသန့်စီစဉ်ထားရှိသည်။

ZWARE FAMILY EDUCATION CENTRE
ဇွဲ ပညာ့ဗိမာန်
Since1996

ဦးဝေဖြိုး M.Sc(Chem:)
ကိုယ်တိုင်သင်ကြား၊ အုပ်ချုပ်သော

ဇွဲ ပညာ့ဗိမာန်
ဂရုတစိုက်တာဝန်ယူ
ဝိုင်း | Camp | အဆင့်မြင့် ဘော်ဒါ
(၄၉၈/၄၉၉)၊ မွှာရုံလမ်းမကြီး၊ ၆မိုင်ခွဲ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။

၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် (၆)ဘာသာဂုဏ်ထူးရှင်(၅)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင်(၄)ဦး(၄)ဘာသာဂုဏ်ထူးရှင်(၃)ဦး နှင့် (၂)ဘာသာ(၁)ဘာသာဂုဏ်ထူးရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

- အမှတ်ပေးစည်း မျဉ်းနှင့်အညီ သင်ကြားနိုင်သော ဆရာကြီး၊ ဆရာမကြီးများဖြင့်သာ ဖွဲ့စည်းထားသောကြောင့် ရမှတ်မြင့်မားသော တပည့်များ နှစ်စဉ်ပေါ်ထွန်းခဲ့ပါပြီ။
- လူဦးရေနှင့် အရည်အသွေးများ ထိန်းသိမ်းထားခြင်းကြောင့် ဝိုင်း၊ ဘော်ဒါအတွက် ကြိုတင်အပ်နှံမှသာ နေရာစိတ်ချရပါမည်။

Ph: 09-50 777 57, 09-514 3973

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး နှစ်သစ်မှာ ကျန်းမာချမ်းသာ ရွှင်လန်းချမ်းမြေ့ကြပါစေ
နှစ်သစ်အကြို MCC Graduation 2017, 19 March
တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆို/အောင်မြင်ပြီးသူ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်နိုင်ပါပြီ




သူတို့လို ဘွဲ့ရပြီး အောင်မြင်တဲ့ လူငယ်၊ လူရွယ်များဖြစ်အောင် နှစ်သစ်ကူးလက်ဆောင်ပေးလိုက်ပါပြီ
50% Discount April Intake
Open 24 April

- B.Sc (Hons) Business IT
  University of Greenwich (UK) ကွန်ပျူတာ သိပ္ပံဒီဂရီ
- BTEC Higher National Diploma
  (HND in Engineering and IT) အင်ဂျင်နီယာ နှင့် IT ဒီပလိုမာ

MCC Institute (Yangon Campus) Ph - 01-245762, 01-249152
MCC Institute (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC Institute (Naypyitaw Campus) Ph - 09- 31354842, 09-254148940
MCC Institute (Yatanarpon Campus) Ph - 09- 960662744, 02-5178112

MCC Polytechnic College (Monywa) 09-965676777, 09-265333120
MCC Polytechnic College (Pathein) 09-451 888 373, 09- 773 510 899

Customer များရရှိမည့်အားသာချက်
DREAM ALUMINUM
လက်လီလက်ကားဝယ်ယူသူများရရှိမည့် အားသာချက်

- Euro System 45° ဒေါင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊ လေလုံ၊ ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းဘောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးရော်မထွက်ခြင်း။



- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ ခေန့်ညားခြင်း၊ လုအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် ခိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Dream Aluminium မှ Marketing (မ) ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရဖြစ်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။



Frame နှင့် Accessories များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ 01-8604394, 09-263563664

# ကြော်ငြာ

## OD TOUR

Since 1997 License No. Pa Kha 0024

ပြည်တွင်း၊ ပြည်ပခရီးစဉ်များ

ဝေးဝေးနီးနီး ခရီးသွားဖို့ OD TOUR နှင့် ဆက်သွယ်စို့

မြန်မာ့နှစ်သစ်ကူးအခါသမယမှစ၍ ညီသည်မိတ်ဆွေများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း OD Tour မှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

"မေလ ရုံးပိတ်ရက်ခရီးစဉ်များကိုလည်း လိုက်ပါအားပေးဖို့ ဖိတ်ခေါ်ပါရစေ။"

**Apr..28,May..6**

- တောင်ကြီး၊ အင်းလေး
- မြဝတီ+မဲဆောက်
- ထားဝယ်+မောင်းမကန်

ထိုင်း (၄ည/၅ရက်) Apr..28,May..6
(ဗန်ကောက်-ပတ္တရား-Cruise Dinner)

ဗီယက်နမ် (၃ည/၄ရက်) Apr..28,May..7
(ဟန္နိုင်း-ဟာလောင်း-နင်းဘင်-ထရန်အမ်း)

အမှတ် ၅၂၊ ကျွန်းတောလမ်း၊ စမ်းချောင်း ☎ 01-504808, 523187, 536855 09-5187045, 09-5108087

## Possible Travels & Tours

| | | |
|---|---|---|
| ထားဝယ်-မောင်းမကန် ကမ်းခြေ-လောင်းလုံဘုတ်ကျွန်း | (၄ည၊၅ရက်) | Apr - 28 |
| ချင်းပြည်နယ်-ဗိတိုရိယတောင်-စလေ | (၄ည၊၅ရက်) | Apr - 28 |
| မြဝတီ-မဲဆောက် | (၃ည၊၄ရက်) | Apr - 28 |
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | (၄ည၊၅ရက်) | Apr - 28 |
| ပုဂံ-ညောင်ဦး-ပုပ္ပါး | (၃ည၊၄ရက်) | Apr - 28 |
| ကလောTREKKING-ရွာငံ-မိန်းမရဲတောင် | (၃ည၊၄ရက်) | Apr - 28 |
| ကယားပြည်နယ်-ပန်ပက်ရွာ-ဒီမော်ဆိုး | (၃ည၊၄ရက်) | Apr - 28 |

အဆင့်မြင့် SCANIA ကား 3 Star Hotel များနှင့် အဆင့်မြင့်စားသောက်ဆိုင်များဖြင့် စီစဉ်ပေးသည်။

- တောင်ပိုင်းတောင်-ကျိုက်ထီးရိုးဘုရား-ရွှေတာရဲ
- ဆတ္တန်ဂူ-ကျိုက်ထီးရိုးဘုရား-ကော့ဂွန်းဂူ-ဘုရင့်ညီဂူ
- တောင်ဂူ-သံတောင်ကြီး-မော်ယောကြီးဆင်စခန်း
- မော်လမြိုင်-ကျိုက္ခမီ-စက်ခဲ

နေ့ချင်းပြန်ခရီးစဉ်များ အပတ်စဉ်- သောကြာ၊ စနေ ထွက်သည်။

Ph - 01-706716, 09-799946628, 09-770022755, 09-250790919

## အာရှနဂါး

မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100 707062, 09 797100100

## ရွှေလမ်းညွှန်

ထားဝယ်၊ မြိတ်၊ ကော့သောင်း
ရေနွေးကွင်း(၇)ရက် (ဘားလုံးပြီး) 130000
ဘားအံ၊ ဂူ(၅)ဂူ၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ (၃)ရက် (စားဘည်းပြီး) 38000 April 28
09-420087371, 09-262705136, 09-259302029

## (၃၄)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာဦးငွေကြွယ်(အရိုး၊ အကြော၊ အဆစ်၊ ခွဲစိတ် အထူးကုဆရာဝန်ကြီး)-ချစ်မေမေ ဒေါ်တင်ယုထွေး(ထူးထူး)(အထက်တန်းပြ၊ အထက-၁၄၊ မန္တလေး)တို့၏ ၂၄-၄-၂၀၁၇ ရက်တွင် ကျရောက်သော(၃၄)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံး၊ကျန်းမာ၊ချမ်းသာစွာဖြင့်ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကို ပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာ အကျိုးဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက် -

ချစ်သားကြီး - သော်သူရိန်ငွေး (A.G.T.I (EC), B.Sc(Maths) 'Diamonds' ဆေးနှင့်ဆေးပစ္စည်းဆိုင် + ဖြိုးဒါလီသက်တင် B.A (Myanmar) (ကမ္ဘောဇဘဏ်-ဘဏ်ခွဲ(၃))၊ မန္တလေးမြို့

ချစ်သားငယ် - ဒေါက်တာကျော်ဝေယံငွေး ဒု-ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မန္တလေးမြို့

ချစ်မြေး - ဖူးဖူးအိမ်ချစ်

"တင်" မောင်နှမတစ်စု၊ ရန်ကုန်မြို့

## ရွှေအိုးကြီး

Apr-28, May-5,12, ထွက်မည်
မြဝတီ၊ မဲဆောက်၊ ဖဲဝါ၊ ဘားအံဂူ(၅)ဂူနှင့် ဘုရားဖူး ၄ ရက်
Hotel တည်း (Visa) စား/ငြိမ်း (100000)
ပြည်၊ အကောက်တောင် May -9, 30000
09421073634, 777636630

## ရှိုင်ရယ် ပတ္တမြား

မြဝတီ-မဲဆောက်-ဘားအံ
110000/- Hotel စရိတ်ငြိမ်း
Apr-28 to May-1
Ph : 09-252055609

## ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၇) ဖိတ်ကြားလွှာ

IP MYANMAR

အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း (IPPAM) မှ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အား ကြိုဆိုဂုဏ်ပြုသည့်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသဖြင့် တက်ရောက်ချီးမြှင့်ပေးပါရန် လူကြီးမင်းအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ၂၆.၄.၂၀၁၇ (အင်္ဂါနေ့)
အချိန် ။ နေ့လည် (၁:၃၀) နာရီ
နေရာ ။ Main Building, Conference Hall, Myanmar ICT Park, Universities' Hlaing Campus, Hlaing Township, Yangon
ဆက်သွယ်ရန် ။ ဖုန်း - ၀၉၇၉ ၈၄၃၃၁၈၃၊ အီးမေးလ် - ipamyanmar14@gmail.com

လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံပါမည်။

## ယိုးဒယား ဝမ္မဒါန

တောင်ကြီး အင်းလေး ပင်းတယ ကုံလုံ ကက္ကူ ထန်ဆဲ ထမင်းကျွေး/ကား၁ (၅၀၀၀၀/-)
ပုဂံ ညောင်ဦး ပုပ္ပါး ပခုက္ကူ ဇွယ်တော်လေးဆူ ထမင်းကျွေး/ကား၁ (၄၀၀၀၀/-)
ထားဝယ်ရှင်ကိုရှင်၊ မောင်းမကန်ကမ်းခြေ ကျိုက္ခမီ၊ စက်ခဲ ကားအမျိုးမျိုးစီးလုံးငှားသည်။ Apr-28
420144148, 421153797

## ပန်းချီသင်တန်း

အခြေခံ ဆရာဦးသိန်းဝင်း
အခြေခံမှစ၍ တစ်ဦးချင်းသင်သည်
(၁) အမှတ်(၁၆၆/၁၆၈)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်း မှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၄)၊ အခန်း(၁၀၅)၊ ၁၅၄ လမ်း(မင်္ဂလာဗေယျာကျောင်းလမ်း)၊ (နား နာခေါင်း လည်ချောင်း ဆေးရုံနံဘေးလမ်း)၊ တာမွေမြို့နယ်။
ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂၆၁၇၁၀

## Yaung Chi Thit Lin Moving Service Co.,Ltd

YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773



၁၃၇၉ ခုမြန်မာနှစ်သစ် ရွှေရည်ဦး ရတနာရွှေဆိုင်၏ မေတ္တာဆုတောင်း

ရွက်ဟောင်းတွေကြွေရွက်သစ်တွေဖူး ဒီသင်္ကြန်ဦးမှာ ပျော်ရွှင်ကျန်းမာ၊စိတ်ချမ်းသာ၍ ပြုသမျှကုသိုလ် တောင်းသမျှဆု
အဖုံဖုံတို့ဒီရေအလားတိုးတက်စွာဖြင့်အတာရေပက်ဖျန်းစိတ်ရွှင်လန်းသလိုကိုယ်စိတ်နှစ်ဖြာချမ်းသာစေကြောင်းမြန်မာပြည်သူပြည်သား၊ကမ္ဘာသူ
ကမ္ဘာသားအားလုံးအတွက် "ရွှေရည်ဦးရွှေဆိုင်" မှတောင်းဆုမင်္ဂလာပြုအပ်ပါသည်။

'ရွှေရည်ဦး' ရတနာရွှေဆိုင်
01-246814,254711,387566
09-254954906,09-259255800

အမှတ် (၁၀၅)၊ ဗိုလ်ဆွန်ပက်လမ်း (အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။



မြန်မာ့နှစ်သစ်ကူးအခါသမယတွင် ကျွန်ုပ်တို့ကုမ္ပဏီကိုလုပ်ငန်းအပ်နှံခဲ့ကြသောစီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့်
မြန်မာပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ဥစ္စာစီးပွားဒီရေအလား တိုးပွားပါစေကြောင်း
SUPER RICH MAN SWIMMING POOL COMPANY မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။










ရေကူးကန်သုံးပစ္စည်းနဲ့ပတ်သက်ရင်ဘာပဲလိုလိုဖုန်းဆက်လိုက်ပါ 01-401518 / 8604064




ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ် -
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၇

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



ဗ လ ငါး တန် ဖွံ့ ဖြိုး ဖို့ စာ အုပ် စာ ပေ လေ့ လာ စို့



POLO CLUB (ASIA) RESIDENCE



## မြန်မာနှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ ရွှင်လန်းချမ်းမြေ့ကြပါစေ။





* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလှပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ဗလမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်္ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

**HOTLINES: 09-795889588 | 09-796889688 | 09-797889788**

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.

ကြော်ငြာ

မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်) ဆဒ၈ ၁၂၅၂ မောင်ခန့်စင်ထက် (၂၀၁၅)

မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်) ဆဒ၈ ၁၀၄၅ မစောကေခိုင်ဦး (၂၀၁၆)

ALL D ဆဒ၈ ၁၀၄၅ မစောကေခိုင်ဦး (ရမှတ်ပေါင်း ၅၆၀၊ သင်္ချာ ရမှတ် ၁၀၀)

ဆဒ၈ ၈၈၉ မောင်ဆက်ကောင်းခန့် ALL D

ALL D ဆဒ၈ ၁၀၂၁ မောင်သီဟအောင်

ALL D ဆဒ၈ ၁၀၄၀ မခိုင်မေဦး

ဆဒ၈ ၃၇၀ မထက်အိမ့်ခြာမိုး ALL D

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ

ဒေါ်သန်းနှင့် တည်ထောင်သည့် အောင်ခိုင်မြဲ ကိုယ်ပိုင်အထက်တန်းကျောင်း

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၄/၄၄/၀၆၂)

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း (မတ် ១၅)၊ ၉ တန်း (ဧပြီ ၂၇)၊ ၈၊ ၇၊ ၆၊ ၅ တန်း (မေ ၄) စမည်။ ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။

ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

အဆင့်မြင့် ဘော်ဒါ

ပဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]

ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း

၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)
၁၀ တန်း | ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း | အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ១၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈ တန်း(ဧပြီ ၂၉) စ,မည်။

ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

ကျောင်း (သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

# NELC

Don't Worry, Just Speak!



## Communicative English Classes

- Intro
- Level -1,2,3
- Listening /Speaking -1 & 2
- Grammar
- IELTS Foundation

စသည့် English Language အတန်းများကို
NELC တွင်တက်ရောက်နိုင်ပါသည်။

မြေနီကုန်း - 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
နေပြည်တော် - 09 782009390 ပြင်ဦးလွင် - 09 400306019 လားရှိုး - 082 26611 တာချီလိတ် - 084 52572

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ် အမျိုးမျိုး နှင့် လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ငှား/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

**လှည်းကူး၊ ငါးဆူတောင်၊ မြေကွက်ကျယ်(၁၀)ဧကကွက်ရောင်းမည်**
လှည်းကူး၊ ငါးဆူတောင်(၁)ရပ်ကွက်တွင် တရားရိပ်သာ၊ ကမဋ္ဌာန်းကျောင်း တည်ထောင်ဆောက်လုပ်ရန်၊ စီးပွားဖြစ်စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ရန် အထူးသင့်တော်သော၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းသည့် လူနေရပ်ကွက်နှင့် ကပ်လျက်ရှိသည့်၊ နေရာကောင်း၊ ခြံစည်းရိုးခတ်ပြီး မြေကွက်ကျယ်(၁၀)ဧက ပိုင်ရှင်ကိုယ်တိုင်ရောင်းရန်ရှိပါသည်။ (တစ်ဧက-၂၅ဧသိန်း)
ဖုန်း-၀၉၇၆၅၁၈၆၈၉၈၊ ၀၉-၃၆၂၂၂၇၇။

# ဝန်ထမ်းအလိုရှိသည်

1. Sale & Marketing Executive အမျိုးသမီး (၂)ဦး
ဘွဲ့ရ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။ ခရီးဝေးသွားနိုင်ရမည်။
2. Sale & Marketing အမျိုးသမီး (၅)ဦး
အသက်(၂၃)မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ(၇)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် နံနက်(၉း၀၀)နာရီမှ ညနေ(၄း၀၀)နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**ရွှေပျိုးသင်းလက်ဖက်လုပ်ငန်း**
**အမှတ်(၄၁၄/၃)၊ ၆၃လမ်း၊ ၃၂×၃၃လမ်းကြား၊ မန္တလေးမြို့။**
၀၉-၄၇၁၁၀၀၇၇၊ ၀၉-၃၀၁၂၀၃၉၀၊ ၀၉-၄၄၂၀၁၉၂၂၀

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက် Professional အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိနိုင်မည့် " Only One School in Myanmar "

# IT

- System Creator Course
- PC Design Creator Course
- IT Office Management Course

Create Your Future Together !



ဂျပန် IT ကုမ္ပဏီတစ်ခုဖြစ်သော Metro Group မှ တည်ထောင်ထားပြီး ဂျပန်နိုင်ငံ၏ ITနည်းပညာရပ်များနှင့် ဂျပန်ဘာသာကို တွဲဖက်၍ သင်ကြားပေးသည့် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော သင်တန်းကျောင်း!!!!

METRO
IT & Japanese Language Centre


System Creator Course ဘာသာရပ်ဆိုင်ရာ
ရှင်းလင်းပွဲ ( Seminar )

နေ့ရက် : 30 - 04 - 2017 ( Sunday )
အချိန် : 1:00 pm to 3:00 pm
နေရာ : Metro IT & Japanese Language Centre

System Creator Course (2017 July Intake)
ကျောင်းအပ်လက်ခံနေပါပြီ။

စိတ်ပါဝင်စားသူမည်သူမဆိုဖုန်းဖြင့် ကြိုတင်၍ စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
Seminar တက်ရောက်သော ကျောင်းသားကျောင်းသူများသာ တက်ရောက်နိုင်မည့် Free Trial Lecture ကိုလည်းစီစဉ်ထားရှိပါသည်။
Metro ကျောင်းနှင့် သင်ကြားရေးဆိုင်ရာများကို အသေးစိတ် သိရှိလိုပါက Metro IT & Japanese Language Centre သို့ လာရောက်၍လည်း ဆွေးနွေးတိုင်ပင်နိုင်ပါသည်။
နယ်အဝေးမှကျောင်းသားနှင့် မိဘများမှ သိရှိလိုသည့် အကြောင်းအရာများကို ရုံးချိန်အတွင်း (နံနက် ၈း၃၀ မှ ညနေ ၁၇း၃၀ထိ) ဖုန်းဖြင့်လည်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

Room No(A,B,C,D) တတိယထပ်၊ Kyaw Business Tower Condo၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Faecebook => metrogroupmyanmar Website => http://metro-myanmar.com/mic Mail => mminfo@metro-myanmar.com
09-976334160
01-372691



ဘန်လေအသင်းဘက်သို့ ဂိုးသွင်းပြီးနောက် မန်ယူအသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

## ဘန်လေအသင်းအား နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် မန်ယူ၏ အဆင့်(၄)ဝင်မည့်မျှော်လင့်ချက် ပိုမိုရှင်သန်လာ

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၂)အဖြစ် ဘန်လေအသင်း၏ အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ရာ အဝေးကွင်းတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းအတွက် ပရီမီယာလိဂ်အဆင့်(၄) ဝင်မည့် မျှော်လင့်ချက်ပိုမိုရှင်သန်လာခဲ့ပြီဖြစ်သည်။

မန်ယူအသင်းသည် အဆိုပါပွဲစဉ်တွင် အီဘရာဟီမိုဗစ်ချ်၊ ရိုဂျို၊ ဖီးဂျုံးစ်၊ မာတာ၊ စမောလင်း စသည့် ကစားသမား ငါးဦးအထိ ဒဏ်ရာပြဿနာကြုံနေခဲ့သော်လည်း မာရှယ်ကို အထောင်တိုက်စစ်ထားကာ ဟာရဲရား၊ ဖယ်လိုင်နီ၊ ရွှန်းနီ၊ လင်းဂတ်၊ ပေါ့ဘာ၊ အက်ရှ်လေယန်း၊ ဘိုင်လီ၊ ဒါလေဘလိုင်း၊ ဒါမီယန်တို့ကို ပွဲထွက်ကစားစေခဲ့ပြီး ပွဲကစားချိန် ၂၁ မိနစ်တွင် မာရှယ်၏ သွင်းဂိုးဖြင့် မန်ယူအသင်း ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ထို့နောက် ၃၉ မိနစ်တွင် တိုက်စစ်မှူး ရွှန်းနီ၏ သွင်းဂိုးထပ်မံရရှိခဲ့သည်။

မန်ယူအသင်းသည် နောက်ထပ်သွင်းဂိုးများရရှိရေး ခြေကုန်ထုတ်ကစားခဲ့သည့်အပြင် ဘန်လေအသင်းသည်လည်း ချေပဂိုးရရှိရေးအတွက် လူစားလဲမှုများ စောစီးစွာပြုလုပ်ခဲ့သော်လည်း မန်ယူအသင်းကသာ ပွဲအပြီးတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါနိုင်ပွဲရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းသည် လက်ရှိအချိန်တွင် ရမှတ် ၆၃ မှတ်အထိ ရယူနိုင်ခဲ့ပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၅)နေရာဖြင့် အဆင့်(၄)နေရာမှ မန်စီးတီးအသင်းနှင့် တစ်မှတ်ကွာ အနေအထားသို့ ရောက်ရှိခဲ့ကာ ရာသီကုန်တွင် အဆင့်(၄)ဝင်မည့်မျှော်လင့်ချက် ပိုမိုရှင်သန်လာခဲ့ပြီဖြစ်သည်။

**(ငွေကြယ်)**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ မေ ၂ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် မေ ၂၃**

၂၀၁၇ ဘောလုံးရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို မေ ၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် နာမည်ကြီးအသင်းများအပါအဝင် ကလပ်အသင်းများအားလုံး အစုံအလင်ပါဝင်မည်ဖြစ်ပြီး ပြည်တွင်းပြိုင်ပွဲများအနက် ဒုတိယမြောက် အရေးပါသည့် ပြိုင်ပွဲလည်းဖြစ်သည်။

၂၀၁၇ ဘောလုံးရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲပွဲအခမ်းအနားကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် MFF ရုံး၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်းပေါင်း ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲဝင်ခွင့်အတွက် အရေးပါသည့် ပြိုင်ပွဲလည်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် MNL ကလပ် ၁၂ သင်း၊ MNL-2 (ပထမတန်း) ကလပ် ၁၀ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမအဆင့်ပွဲစဉ်များကို မေ ၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်တွင် ပထမတန်းကလပ်အသင်းများသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL ကလပ်အသင်းများမှာ ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများမှာ MNL ကလပ်အသင်းများဖြစ်သော လက်ရှိချန်ပီယံ မကွေး၊ ရန်ကုန်၊ ရတနာပုံ၊ ဇွဲကပင်၊ ရှမ်းယူနိုက်တက်၊ ဧရာဝတီ၊ ရခိုင်၊ GFA၊ နေပြည်တော်၊ ဟံသာဝတီ၊ ချင်းယူနိုက်တက်၊ Southern၊ **စာမျက်နှာ ၉ ကော်လံ ၅ သို့**

## နွားထိုးကြီးဘူတာ မိုးယိုနေ၍ ပြင်ဆင်ပေးရန်လိုနေ

**နွားထိုးကြီး မေ ၂၃**

နွားထိုးကြီးဘူတာရုံကို ၁၉၉၀ ပြည့်နှစ်က အသစ်တည်ဆောက်ခဲ့သော်လည်း ပြုပြင်မှုအားနည်းခဲ့၍ ကွန်ကရစ်ကြမ်းခင်းများ နိမ့်ကျပျက်စီးနေပြီး**(ယာပုံ)** မျက်နှာကြက်များ ပေါက်ပြဲကာ မိုးမလုံဘဲ ဖြစ်နေသည်။



မီးရထားတိုင်း(၃) နှင့် ပြည်နယ်ပို့ဆောင်ရေးဝန်ကြီးက ပြင်ဆင်ပေးရန် ကြည့်ရှုခဲ့သော်လည်း ယခုတိုင် ထိရောက်သော ပြင်ဆင်မှုမရှိကြောင်း သိရသည်။ မိုးရွာလျှင် ရေယိုသောကြောင့် မျက်နှာကြက်များ ပြုတ်ကျမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

**(ငွေးမြင့်မောင်)**

